# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၆)**


၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၂၁ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆) ၊ အမှတ် (၁၇၂)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂိုဒူတာတေးတို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ် (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဖိလစ်ပိုင်သမ္မတအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေး ခရီးရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးအား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ဖိလစ်ပိုင်သမ္မတသည် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြကာ ဂုဏ်ပြုတပ်ဖွဲ့အားစစ်ဆေးကြပြီး ဂုဏ်ပြုကြိုဆိုပွဲသို့တက်ရောက်လာကြသည့်အဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတတို့ တွေ့ဆုံဆွေးနွေး

စာ-၅





KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# သစ်တောနှင့် စွမ်းအင်

ယနေ့သည် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ဖြစ်သည်။ ကမ္ဘာ့မြေပြင်၏ ၃၀ ရာခိုင်နှုန်းခန့်ကို ဖုံးလွှမ်းထားသည့် အမျိုးမျိုး အစားစားသော သစ်တောများနှင့် သစ်ပင်များက မိမိတို့လူသား မျိုးဆက်များအတွက် ပစ္စုပ္ပန်တွင်ရော အနာဂတ်တွင်ပါ မရှိမဖြစ်အရေးကြီးလှပုံကို သတိပြုနိုင်စေရန် ရည်ရွယ်၍ ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ကို နှစ်စဉ် မတ်လ ၂၁ ရက်နေ့တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ ကျင်းပရန် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ကမ္ဘာကြီးပူနွေးလာမှုတို့က ကမ္ဘာ့သစ်တောများတည်ရှိမှုအပေါ်တွင် လုံးဝတည်မှီလျက်ရှိသည်။ သို့ရာတွင် ကမ္ဘာ့သစ်တောများ၏ ဧရိယာဧက ၃၂ သန်းကျော်တို့မှာ နှစ်စဉ် ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားလျက်ရှိသည်။ သစ်တောများ ပျက်စီးပြုန်းတီးသွားသည်ဟုဆိုရာတွင် သစ်တောများအတွင်း တည်ရှိနေသည့် သစ်ပင်မျိုးစိတ်ပေါင်း ၆၀၀၀၀ ကျော်နှင့်တကွ တောကို အမှီပြုနေထိုင်ကျက်စားသည့် သားငှက်တိရစ္ဆာန်များပါ မျိုးသုဉ်းပျက်စီးကြရသည့်အခြေအနေသို့ ဆိုက်ရောက်ကြရခြင်းဖြစ်သည်။

သစ်တောမြေများကို စိုက်ပျိုးရန်အတွက်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်အသုံးချရန်အတွက်လည်းကောင်း၊ ခုတ်ထွင်ရှင်းလင်းကာ မြေဖော်ယူကြခြင်း၊ သစ်တောများမှ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို ထုတ်ယူသုံးစွဲခြင်း အပါအဝင် အမျိုးမျိုးသော လူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်များနှင့်အတူ သစ်ပင်သစ်တောများလည်း ပျက်စီးပြုန်းတီးကြရသည်။ အသက် ၇၅ နှစ်အရွယ်ထိ အသက်ရှင်သန် နေထိုင်သည့် လူတစ်ဦး၏ ဘဝတာတွင် စားရေး၊ ဝတ်ရေး၊ နေရေးအပါအဝင် ပျော်ရွှင်မှု၊ နေထိုင်သွားလာမှုတို့အတွက် သုံးစွဲသည့် စွမ်းအင်စုစုပေါင်းကို သစ်တောများမှ ထင်းအဖြစ် ထုတ်ယူသုံးစွဲသည်ဟု တွက်ချက်ကြည့်ပါက သစ်ပင်ပေါင်း ၁၀၀ ကျော်ကို စွမ်းအင်အဖြစ် အသုံးချသွားသည်ဟု တွက်ချက်နိုင်ကြောင်း ပညာရှင်များက ထောက်ပြထားကြသည်။

ကမ္ဘာပေါ်တွင် လူဦးရေတိုးလာပြီး လူသားတို့အတွက် လိုအပ်ချက်များ များပြားလာသည်နှင့်အမျှ စွမ်းအင်သုံးစွဲမှုပမာဏလည်း ပိုမိုကြီးမားလာမည်ဖြစ်ရာ တစ်ဖက်တွင်လည်း သစ်ပင်သစ်တောများ မပျက်စီး မပြုန်းတီးရေးနှင့် သစ်ပင်သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေးအတွက် လူတိုင်းပါဝင်လုပ်ဆောင်ရေး အသိပေးထားခြင်းပင်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် သစ်တောများမှ စွမ်းအင်ထုတ်ယူမှုအနေဖြင့် နေ့စဉ်အစားအစာချက်ပြုတ်ရန်အတွက် ထင်း၊ မီးသွေးစသော လောင်စာများကို ထုတ်ယူမှုက အဓိကကျသည်။ မြန်မာနိုင်ငံ၏ အိမ်သုံးလောင်စာအဖြစ် ထင်း နှစ်စဉ်လိုအပ်ချက်မှာ ၁၆ ဒသမ ၅၃ သန်းကုဗတန်ရှိသည်ဟု ခန့်မှန်းထားသည်။ ထင်းသုံးစွဲမှုကို နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများက အများစုအသုံးပြုကြရာ မြို့ပြတွင် နေထိုင်သူများထက် ထင်းသုံးစွဲမှု နှစ်ဆခန့်ပိုသည်ဟုလည်း ခန့်မှန်းတွက်ချက်ထားသည်။ တစ်ဖက်တွင် ထုတ်ယူသုံးစွဲမှုများပြားလာသည်နှင့်အမျှ တစ်ဖက်တွင်လည်း ပြန်လည်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ဟန်ချက်ညီ ပြုလုပ်နိုင်မှသာလျှင် မျှခြေတစ်ရပ်၌ ရှိနေနိုင်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ကျင်းပခြင်းသည် သစ်တောများ၏ အရေးပါမှုကို မီးမောင်းထိုးပြပြီး သစ်ပင်များ စိုက်ပျိုးရန်လည်း နှိုးဆော်ပေးနေခြင်းဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် မိမိတို့မြန်မာများနှင့် စိမ်းသော အလုပ်မဟုတ်။ မြန်မာလူမျိုးတို့ ကုသိုလ်ယူ၍လုပ်ကြသော အလုပ်တစ်ခုဖြစ်သည်။"စားပင်သီးပင်များကို စိုက်ကောင်း၏။ အသက်ကိုရှည်စေ၏။ အနာကင်း၏။ အစီးအပွားကို ဖြစ်စေ၏။ တစ်ကြိမ်စိုက်ရုံမျှဖြင့် ထာဝရကုသိုလ် အကျိုးဆက်ကို ရစေ၏။ သေလျှင်ကောင်းရာသုဂတိဘုံသို့ လားစေ၏" ဟူ၍လည်း ဗုဒ္ဓမြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်။ ထာဝရကုသိုလ်အလို့ငှာ အရိပ်ရပင်၊ သီးပင်၊ စားပင်တို့ စိုက်ပျိုးကြရေးအတွက် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့တွင် နှိုးဆော်အပ်ပါကြောင်း။ ။



## ဖိလစ်ပိုင်သမ္မတ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဖိလစ်ပိုင်သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး Mr. Alex Chua နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမင်းမင်းဦး | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်<br>ရောင်းဝယ်ရေးလုပ်ငန်း<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ခ) | ဒေါ်မိမိခိုင် | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ပါမောက္ခဒေါက်တာခင်ဇော်<br>ဒုတိယပါမောက္ခချုပ်(သင်ကြား)<br>ဆေးတက္ကသိုလ်(၂)ရန်ကုန်<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မကွေး)<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |
| (ခ) | ဒေါ်သွေးသွေးချစ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု<br>အစီရင်ခံရေးဦးစီးဌာန<br>စီမံကိန်းနှင့်<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု<br>အစီရင်ခံရေးဦးစီးဌာန<br>စီမံကိန်းနှင့်<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

## ဆူးလေစေတီတော် ဘဏ္ဍာရေးဆပ်ကော်မတီ စည်းဝေး

**ရန်ကုန် မတ် ၂၀** - ရန်ကုန်မြို့ဆံတော်ရှင် ဆူးလေစေတီတော်မြတ်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များကို ရွှေသားအစစ်ဖြင့် အသစ်ပြုလုပ်ပူဇော်ရေးဘဏ္ဍာရေးဆပ်ကော်မတီ အစည်းအဝေးကို မတ် ၁၇ ရက် နံနက် ၈ နာရီက စေတီတော်ဂေါပကအဖွဲ့ရုံးခန်း၌ကျင်းပသည်။ အစည်းအဝေးတွင် ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ သုဓမ္မမဏိဇောတရေ ဒေါက်တာရဲအောင်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ရဲသူရဦးသန်းလှိုင်က ဘဏ္ဍာတော်ငွေရှာဖွေရေး စီစဉ်ဆောင်ရွက်ထားမှုများကို တင်ပြရာ အဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးအပြီးတွင် သုဓမ္မမဏိဇောတရေ ဒေါက်တာရဲအောင်- သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်လဲ့လဲ့ဝင်း မိသားစု၊ ဦးဝင်းမြင့်-ဒေါ်မာလာ (ရွှေကုန်သည်ကြီးများအသင်း) မိသားစု၊ ဦးဘသန်း-ဒေါ်စွဲ့ခင်မာဝင်း(ရွှေသန့်စင်လုပ်ငန်း)မိသားစုနှင့် ဦးအောင်ကျော်တင့် - တိုင်းဦးစီးမှူးနှင့် ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းမိသားစုတို့က ငွေကျပ်ငါးသိန်းစီနှင့် ဦးသိန်းမောင်+ဒေါ်ပါပါး (စန္ဒီဘယဆေး) မိသားစုက ငွေကျပ် ၁၀ သိန်း ၈ ထောင်တို့ကိုလှူဒါန်းကြသည်။ **(သတင်းစဉ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၀-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၁၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၅၅/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၂ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၁ ・ ၁ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၇၅ |
| တရုတ် | တစ်ယွမ် | ၁၉၆ ・ ၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ ・ ၂၈ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ယခုနှစ်တွင် အာဆီယံကို အောင်မြင်စွာ ဦးဆောင်နိုင်အောင် ဖိလစ်ပိုင်၏ ကြိုးပမ်းမှုကို ထောက်ခံ



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်နိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးတို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

*✱ ရှေ့ဖုံးမှ*

ယင်းနောက် ဖိလစ်ပိုင်သမ္မတသည် နိုင်ငံတော်သမ္မတအိမ်တော်၏ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

**တွေ့ဆုံဆွေးနွေး**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးတို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

**နည်းပညာအကူအညီပေး**

တွေ့ဆုံစဉ် အာဆီယံအသိုက်အဝန်းတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၌ ဖိလစ်ပိုင်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတိုးမြှင့်ရေး၊ စိုက်ပျိုးရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများတွင် နည်းပညာအကူအညီပေးရေး၊ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ဖိလစ်ပိုင်သမ္မတနိုင်ငံ စိုက်ပျိုးရေးဌာနတို့အကြား အစားအစာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဖိလစ်ပိုင်နိုင်ငံမှ Secretary of the Department of the Republic of the Philippines Mr. Emmanuel f. Pinol တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်သမ္မတ



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးတို့ ရှေ့မှောက်၌ နားလည်မှု စာချွန်လွှာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် ဖိလစ်ပိုင်နိုင်ငံမှ **Secretary of the Department of the Republic of the Philippines Mr. Emmanuel f. Pinol** တို့က လက်မှတ်ရေးထိုးကြစဉ် (သတင်းစဉ်)

သမ္မတ ဦးထင်ကျော်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာ အောင်သူ၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမင်းသူ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဖိလစ်ပိုင်သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး Mr. Alex Chua လည်း တက်ရောက်သည်။

**နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး**

တွေ့ဆုံပွဲအပြီးတွင် နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးတို့ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်

မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

**များစွာဂုဏ်ယူမိ**

နိုင်ငံတော်သမ္မတက အဆွေတော်နှင့် ဖိလစ်ပိုင်ကိုယ်စားလှယ်များအား နောက်ထပ်တစ်ကြိမ် နွေးထွေးစွာ ကြိုဆိုရသည့်အတွက် မြန်မာပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံကို အလည်အပတ်လာရောက်သည့် ဖိလစ်ပိုင်သမ္မတကြီးအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း။

**အာဆီယံကို ထောက်ခံ**

မြန်မာနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံနှင့် ဆက်ဆံရေးအပေါ် အမြဲတမ်း အလေးအနက်ထားရှိပါကြောင်း၊ ယမန်နှစ်က နှစ်နိုင်ငံစလုံးသည် နှစ် ၆၀ မြောက် သံတမန်ဆက်ဆံရေးထူထောင်သည့်နှစ်အထိမ်းအမှတ်ကို ကျင်းပခဲ့ပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး တဖြည်းဖြည်း ခိုင်မာလာသည့်အပေါ် မိမိတို့အနေဖြင့် ဝမ်းမြောက်မိပါကြောင်း။

မိမိတို့အနေဖြင့် အတူတကွလက်တွဲပြီး ပို၍ ကောင်းမွန်ခိုင်မာသည့် အာဆီယံအသိုက်အဝန်း ထူထောင်နေချိန်တွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာခဲ့ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်တွင် အာဆီယံကို အောင်မြင်စွာ ဦးဆောင်နိုင်အောင် ဖိလစ်ပိုင်၏ ကြိုးပမ်းမှုကိုထောက်ခံပြီး အပြည့်အဝ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒေသတွင်း၌သာမက တစ်ကမ္ဘာလုံးငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကိုမြှင့်တင်လိုသည့် ဘုံဆန္ဒနှင့် မိမိတို့ပြည်သူများ၏ဆန္ဒကို ထင်ဟပ်သော အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ဖိလစ်ပိုင်နိုင်ငံ၏ "ပြောင်းလဲမှုအတွက် လက်တွဲလုပ်ဆောင်ခြင်း၊ ကမ္ဘာကြီးနှင့် ထိတွေ့ချိတ်ဆက်ခြင်းဟူသော အာဘော်" ကို အားပေးထောက်ခံပါကြောင်း၊ အထူးသဖြင့် အပြောင်းအလဲကို ခံနိုင်ရည်ရှိသော အာဆီယံအသိုက်အဝန်းတည်ထောင်ရာတွင် ၂၀၂၅ ခုနှစ်

*စာမျက်နှာ ၄ သို့*

❐ **ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် စားသောက်ကုန် ထုတ်လုပ်စီမံ ပြုပြင်ရေးလုပ်ငန်းများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများစွာရှိသည်ဟု မိမိတို့ယုံကြည်၊ ထိုအခွင့်အရေးကိုဆုပ်ကိုင်ကာ နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရှိမည့် လက်ရှိပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်**

❐ **စိုက်ပျိုးရေး၊ အလုပ်သမားနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် သိသာထင်ရှားသော အကျိုးဖြစ်ထွန်းမှုများကို တွေ့မြင်နိုင်၊ ယခုခရီးစဉ်သည် နယ်ပယ်အတော်များများတွင် ပိုမိုတိုးမြှင့်ရန် ဖိလစ်ပိုင်၏သန္နိဋ္ဌာန်ချထားမှုကို ဖော်ညွှန်း**

# မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း၌သာမက တစ်ကမ္ဘာလုံး၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအပြင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အသင့်ရှိ



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ် (သတင်းစဉ်)

*စာမျက်နှာ ၃ မှ*

အာဆီယံရည်မှန်းချက်များထဲမှ အခရာကျသည့်ပြည်သူဗဟိုပြု အာဆီယံကို မိမိတို့ ထောက်ခံပါကြောင်း။

**ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်**

မြန်မာနိုင်ငံသည် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် ၂၀၁၇ ခုနှစ်တွင် နှစ် ၅၀ ပြည့် အာဆီယံထူထောင်သည့်နှစ်အထိမ်းအမှတ် ကျင်းပရေးအတွက် ဖိလစ်ပိုင်နိုင်ငံအပါအဝင် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ထားပါကြောင်း၊

အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မိမိတို့သည် လက်ရှိပူးပေါင်းဆောင်ရွက်ရေးနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြပါကြောင်း၊ ထို့အတူ နှစ်နိုင်ငံအကြား စားနပ်ရိက္ခာဖူလုံမှု၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက်လည်း ဝမ်းမြောက်ရပါကြောင်း။

**ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိ**

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ် စီမံပြုပြင်ရေးလုပ်ငန်းများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများစွာရှိသည်ဟု မိမိတို့ယုံကြည်ပါကြောင်း၊ ထိုအခွင့်အရေးကို ဆုပ်ကိုင်ကာ နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရှိမည့် လက်ရှိပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရာတွင် ပြည်သူပိုင်ကဏ္ဍရော ပုဂ္ဂလိကကဏ္ဍပါ ဆက်လက်ပံ့ပိုးရန် အဆွေတော်ကို မေတ္တာရပ်ခံလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း၌သာမက တစ်ကမ္ဘာလုံး၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေး အပြင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ ဖိလစ်ပိုင်နိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ ထို့အတူ မိမိတို့ မျှော်လင့်ချက်နှင့် ဝမ်းမြောက်မှုများကို ယခုလို မျှဝေခွင့်ရသည့်အတွက် အဆွေတော်အား ကျေးဇူးတင်ကြောင်း ပြောကြားသည်။

**အကျိုးဖြစ်ထွန်းမှုများ မြင်တွေ့နိုင်**

ဖိလစ်ပိုင်သမ္မတက ယခုနှစ်သည် ဖိလစ်ပိုင်နှင့် မြန်မာ နှစ်နိုင်ငံဆက်ဆံရေး စာမျက်နှာအသစ် ဖွင့်လှစ်ခြင်းဖြစ်ပြီး ယင်းဆက်ဆံရေးကို ဆက်လက်ပိုမိုခိုင်မာ၊ နက်ရှိုင်းအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နှစ် ၆၀ ကျော်ကြာအောင် တည်တံ့ခဲ့သော သံတမန်ဆက်ဆံရေးသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုဖြစ်ထွန်းလာမှုအဖြစ် တွေ့မြင်နိုင်ကြောင်း၊ စိုက်ပျိုးရေး၊ အလုပ်သမားနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် သိသာထင်ရှားသောအကျိုးဖြစ်ထွန်းမှုများကို တွေ့မြင်နိုင်ကြောင်း၊ ယခုခရီးစဉ်သည် နယ်ပယ်အတော်များများတွင် ပိုမိုတိုးမြှင့်ရန် ဖိလစ်ပိုင်၏ သန္နိဋ္ဌာန်ချထားမှုကို ဖော်ညွှန်းနေပါကြောင်း။

**မူးယစ်ဆေးဝါးခြိမ်းခြောက်မှုသည် ဒေသတစ်ခုလုံးကို သက်ရောက်နေ**

ဖွံ့ဖြိုးဆဲ တိုင်းပြည်များအနေဖြင့် တူညီပြီး ရှုပ်ထွေးသောပြဿနာများကို ရင်ဆိုင်နေရကြောင်း၊ သို့သော် ယင်းတို့ကို ရင်ဆိုင်၍ ကြောက်ရွံ့နေမည်မဟုတ်ကြောင်း၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍတွင် မိမိတို့ရယူပိုင်ဆိုင်ခဲ့ပြီးသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ချည့်နဲ့အောင် ပြုလုပ်လာမည့် အကြမ်းဖက်ခြိမ်းခြောက်မှုများကို ဖြေရှင်းရန် နှစ်နိုင်ငံစလုံး နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများတိုက်ဖျက်ရေးကို ရပ်ဆိုင်းသွားမည်မဟုတ်ကြောင်း၊ မူးယစ်ဆေးဝါးခြိမ်းခြောက်မှုသည် ဒေသတစ်ခုလုံးကို သက်ရောက်နေပါကြောင်း။

**အရေးကြီးသောအချက်တစ်ချက်ဖြစ်**

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် လူတိုင်းကြွယ်ဝချမ်းသာမှုကို ခံစားနိုင်စေရန် မိမိတို့၏ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ဆက်လ က်ထိန်းထားရမည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်စီးပွားရေးကုမ္ပဏီများသည် မြန်မာနိုင်ငံရှိ အဓိကရင်းနှီးမြှုပ်နှံမှုကဏ္ဍများဖြစ်သော ဆေးဝါး၊ အစားအသောက်နှင့် အဖျော်ယမကာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ကူညီအားပေးနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဖိလစ်ပိုင်နိုင်ငံ၏ ပညာရေးအခွင့်အလမ်းများကို အသုံးပြုနိုင်ပါကြောင်း၊ မြန်မာလူမျိုးတစ်ရာကျော်သည် ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ဖိလစ်ပိုင်နိုင်ငံ၌ သင်တန်းတက်ရောက်ခဲ့ကြပါကြောင်း၊ အရည်အသွေး တည်ဆောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးအတွက် အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါကြောင်း။

**အကူအညီပေးရန် အဆင်သင့်ရှိ**

ဖိလစ်ပိုင်လူမျိုးတစ်ရာကျော်သည် ဆရာများ၊ ရှေ့နေများ၊ အင်ဂျင်နီယာများနှင့် လူသားချင်းစာနာထောက်ထားသည့် အကူအညီပေးရေးအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတွင် လုပ်ကိုင်နေကြပြီး အိမ်ရှင်နိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးနေပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံကို တိုင်ဖွန်းမုန်တိုင်း ပက်ဘလိုအပါအဝင် သဘာဝဘေးဆိုးများ ကျရောက်ခဲ့စဉ်က မြန်မာနိုင်ငံ ပြည်သူများက အချိန်မီထောက်ပံ့ရေးပစ္စည်းများ ပေးပို့ခဲ့သည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏အခက်အခဲများကို အကူအညီပေးရန် အဆင်သင့်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား သဘင်ဆောင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဖိလစ်ပိုင်နိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးတို့ ဂုဏ်ပြုညစာစားပွဲတွင် ဖျော်ဖြေသည့် အနုပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတတို့ တွေ့ဆုံဆွေးနွေး

## လူကုန်ကူးမှုတားဆီးရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် အပြန်အလှန်ဆွေးနွေး




**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ အိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်း ခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကုန်သွယ်ရေးကဏ္ဍနှင့် ဒေသနှင့် ကိုက်ညီသည့် စပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အပါအဝင် စိုက်ပျိုးရေးကဏ္ဍ၊ အသက်မွေးပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာအကူအညီပေးရေး၊ ရခိုင်ပြည်နယ်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အလားတူ လူကုန်ကူးမှုတားဆီးရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် အပြန်အလှန် ဆွေးနွေးကြသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ဖိလစ်ပိုင်နိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးက ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ သုံးသိန်းကို ပေးအပ်လှူဒါန်းစဉ်

**လှူဒါန်း**

တွေ့ဆုံပွဲအပြီးတွင် ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေးသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ရခိုင်ပြည်နယ်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ သုံးသိန်း လှူဒါန်းခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမင်းသူ၊ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေး တို့ တွေ့ဆုံဆွေးနွေးစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတတို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် မတ် ၂၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးတို့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel State Meeting Room-1,Villa -1 ၌ တွေ့ဆုံကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတနှင့်အတူ Secretary of National Defence H.E. Mr. Delfin Lorenzana၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး H.E. Mr. Alex Chua နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေး၊ လုံခြုံရေးနှင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖိလစ်ပိုင်နိုင်ငံသမ္မတအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

▲ *ကျောဖုံးမှ*

ထို့အပြင် အမေရိကန် အမှတ်(၇) ရေတပ်သဘင်္ဘာတီးဝိုင်းအဖွဲ့က အမေရိကန်သံရုံး၊ အမေရိကန်စင်တာတို့တွင် ဖျော်ဖြေပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ပြည်တွင်းမှ ဂီတပညာရှင်များနှင့် တွေ့ဆုံကာ ဂီတနှင့်ပတ်သက်သော ပူးပေါင်းနှီးနှော ဖလှယ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်္ဘောကြီးသည် အင်ဒို-အာရှ-ပစိဖိတ် ဒေသတစ်လျှောက်ရှိ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကိုမြှင့်တင်သည့် အိပ်ချ်အေ/ဒီအာ (လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ/ဘေးအန္တရာယ်တုံ့ပြန်ရေး) ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုတစ်ခုဖြစ်သော ပစိဖိတ်မိတ်ဖက် နှစ်စဉ်အထူးတာဝန်အတွက် သီရိလင်္ကာနှင့် မလေးရှားနိုင်ငံတို့အကြား ခရီးတစ်ထောက်နားသော သင်္ဘောကြီးဖြစ်ကြောင်း သိရသည်။

အဆိုပါဖောလ်ရေးဗားသင်္ဘောကြီး၏ မြန်မာနိုင်ငံခရီးစဉ်သည် ဒုတိယ ကမ္ဘာစစ်ကာလနှောင်းပိုင်းမှစ၍ အမေရိကန်ရေတပ်သင်္ဘော မြန်မာနိုင်ငံဆိပ်ကမ်း သို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်သော တရားဝင်ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

# မြန်မာ့နိုင်ငံခြားရေးဝါဒ မြစ်ဖျားခံရာ

**ခိုင်ဆု**

၁၉၄၇ ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက်ပိုင်းကာလသည် သက်ဆိုင်ရာ ဒေသအများအပြားတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ဆက်လက်ရပ်တည် ရှင်သန်နိုင်ရေးလုပ်ငန်းများအတွက် ကြိုးပမ်းနေကြသည့် အချိန်ဖြစ်သကဲ့သို့ ကမ္ဘာ့အုပ်စုကြီးနှစ်ခုပေါ်ထွက်လာပြီး ယင်းအုပ်စုကြီးနှစ်ခုတို့မှ ကျန်နိုင်ငံများအပေါ် သြဇာတိက္ကမလွှမ်းမိုးခြင်းပြုရန် ပြင်ဆင်နေကြသည့် ကာလပိုင်းနှင့် ကိုလိုနီနိုင်ငံအများအပြားအနေဖြင့် ကိုယ်ပိုင်လွတ်လပ်ခွင့် ရရှိတော့မည့်အချိန်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်ရရှိရန် ကြိုးပမ်းနေရသည့် အချိန်ဖြစ်သည်။

အာရှနိုင်ငံများသည် ယင်းကဲ့သို့သော အနေအထားများဖြင့် အာရှနိုင်ငံများဆက်ဆံရေး (Asian Relations) ညီလာခံတစ်ရပ်ကို စုပေါင်းကျင်းပခဲ့ရာတွင် ညီလာခံကြီး ကျင်းပရခြင်းအရေးပါဆုံးသော ရည်ရွယ်ချက်နှင့် ယင်းညီလာခံကြီးသို့ ပေးပို့ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏သဝဏ်လွှာတို့မှာ နောက်ပိုင်း ခေတ်အဆက်ဆက် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဝါဒမြစ်ဖျားခံရာဖြစ်သဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန နှစ် (၇၀) ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ရှာဖွေပြုစု တင်ပြအပ်ပါသည်။

အာရှနိုင်ငံများ ဆက်ဆံရေး (Asian Relations) ညီလာခံကို ၁၉၄၇ ခုနှစ် မတ်လ ၂၃ ရက်စွဲမှ ဧပြီလ ၂၀ ရက်စွဲ အထိ၊ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့(Purana Quila) သမိုင်းဝင် ရှေးဟောင်းနေရာတွင်ကျင်းပခဲ့ရာ အောက်ဖော်ပြပါ (၂၈) နိုင်ငံတို့မှ တက်ရောက်ခဲ့ပါသည်-

(၁) အာဖဂန်နစ္စတန်
(၂) အာမေးနီးယား
(၃) အာဇာဘေဂျန်
(၄) ဘူတန်
(၅) မြန်မာ
(၆) ကမ္ဘောဒီးယား(ကိုချင်ချိုင်းနား၊ လာအို)
(၇) သီဟိုဠ်
(၈) တရုတ်
(၉) အီဂျစ်
(၁၀) ဂျော်ဂျီယာ
(၁၁) အိန္ဒိယ
(၁၂) အင်ဒိုနီးရှား
(၁၃) အီရန်
(၁၄) ကာဇာဝီဇီယာ
(၁၅) ကာဇက်စတန်
(၁၆) ကိုရီးယား
(၁၇) မလေးရှား
(၁၈) မွန်ဂိုလျား
(၁၉) နီပေါ
(၂၀) ပါလက်စတိုင်း၊ ဂျူးကိုယ်စားလှယ်အဖွဲ့
(၂၁) ဖိလစ်ပိုင်
(၂၂) ယိုးဒယား
(၂၃) တာဂျီကစ္စတန်
(၂၄) တိဘက်
(၂၅) တူရကီ
(၂၆) တာမင်နစ္စတန်
(၂၇) ဉဇဘက်နစ္စတန်
(၂၈) ဗီယက်နမ်

ယင်းညီလာခံသို့ အထက်ဖော်ပြပါ နိုင်ငံကိုယ်စားလှယ်များအပြင် အောက်ဖော်ပြပါ "လေ့လာသူများအဖွဲ့" (၇)ဖွဲ့လည်း တက်ရောက်ခဲ့ပါသည်-

(1) Arab League, Cairo.
(2) Australian Institute of International Affairs, Sydney.
(3) Australian Institute of Political Science, Sydney.
(4) India Institute, London.
(5) Institute of Pacific Relations, Moscow.
(6) Royal Institute International Affairs, London.
(7) United Nations Organization, New York.

ယင်းညီလာခံသို့ တက်ရောက်ခဲ့ကြသော မြန်မာကိုယ်စားလှယ်အဖွဲ့မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(၁) ဦးကျော်မြင့် — ဟိုင်းကုတ်တရားသူကြီး၊ ရန်ကုန်မြို့
(၂) ဒေါက်တာထင်အောင် — အင်္ဂလိပ်စာပါမောက္ခနှင့် အုပ်ချုပ်ရေးအရာရှိ၊ ရန်ကုန်တက္ကသိုလ်
(၃) ဦးကိုလေး — ဓာတုဗေဒကထိက၊ ရန်ကုန်တက္ကသိုလ်
(၄) မစ္စတာ ဒင်နာနတ် — အမှုဆောင်အဖွဲ့ဝင် မြန်မာနိုင်ငံ ကမ္ဘာ့ရေးရာကောင်စီအဖွဲ့ ဦးဝိစာရလမ်း၊ ရန်ကုန်
(၅) နော်အုန်းမေတော — ဘဏ္ဍာထိန်း၊ ကရင်လူငယ်များအဖွဲ့ ကြည့်မြင်တိုင်အောက်လမ်း၊ ရန်ကုန်မြို့
(၆) ဒေါ်ခင်မျိုးချစ် — တဆင့်/အိုးဝေသတင်းစာ မောင်ခိုင်လမ်း၊ ရန်ကုန်မြို့
(၇) ဒေါက်တာလှမြင့် — စီးပွားရေးပါမောက္ခ၊ ရန်ကုန်မြို့
(၈) ဦးဝန် — မြန်မာစာကထိက၊ ရန်ကုန်တက္ကသိုလ်
(၉) ဦးသိန်းဟန် — စာကြည့်တိုက်မှူး၊ ရန်ကုန်တက္ကသိုလ်
(၁၀) ဦးစိုးဝင်း — အမှတ်(၉၈)၊ (၅၂)လမ်း၊ ရန်ကုန်
(၁၁) ဦးစောထွန်း — ဓာတုဗေဒအင်ဂျင်နီယာ ဗမာဓာတုဗေဒ လုပ်ငန်း၊ ရန်ကုန်မြို့
(၁၂) ဒေါက်တာသာလှ — ပထဝီနှင့် ဘူမိဗေဒ ခေတ္တပါမောက္ခ ရန်ကုန်မြို့
(၁၃) ဦးဘ — အုပ်ချုပ်ရေးအရာရှိ၊ ရန်ကုန်တက္ကသိုလ်
(၁၄) ဒေါ်စောရင်(မစ္စက်ခင်ဇော်)အယ်ဒီတာ၊ အင်္ဂလိပ်ဘာသာ အစီအစဉ် အောအင်ဒီယ ရေဒီယို၊ လန်ဒန်မြို့
(၁၅) ဦးအမ်အေရာရှစ် — ဂုဏ်ထူးဆောင် တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံ ကမ္ဘာ့ရေးရာကောင်စီအဖွဲ့ ကုန်သည်လမ်း၊ ရန်ကုန်မြို့
(၁၆) ဦးမြစိန် — အမှတ်(၉၈)၊ (၅၂)လမ်း၊ ရန်ကုန်မြို့

မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ လေ့လာသူအဖွဲ့အဖြစ် အစိုးရဘက်မှ အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ကြပါသည်-

(၁) သခင်မြ၊ မြန်မာအစိုးရ၊ ဘဏ္ဍာရေးအဖွဲ့ဝင်
(၂) ICS ဦးပိုင်၊ အတွင်းဝန်၊ တရားရေးဌာန
(၃) ဦးချန်ထွန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အစိုးရ၏ အကြံပေးပုဂ္ဂိုလ်
(၄) မြန်အောင်ဦးတင်၊ အစိုးရအဖွဲ့ ဘဏ္ဍာရေးအဖွဲ့ဝင်၏ နိုင်ငံရေး အတွင်းဝန်

ညီလာခံသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်အဖွဲ့ကဝင်ဦးရေ အများဆုံးမှာ အိန္ဒိယနိုင်ငံမှဖြစ်ပြီး ဒုတိယအများဆုံးမှာ အင်ဒိုနီးရှားနိုင်ငံ၊ တတိယအများဆုံးနိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပါသည်။ ညီလာခံကိုယ်စားလှယ်များကို အုပ်စု(အေ)မှ အုပ်စု (အီး)အထိ အုပ်စုငါးစုခွဲခြားပြီး ဆွေးနွေးရမည့်ခေါင်းစဉ်များကို အုပ်စုအလိုက် အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။ (အုပ်စုအချို့သည် ခေါင်းစဉ်တစ်ခုတည်းကိုသာ ကိုင်တွယ်ဆွေးနွေးရပြီး အချို့အုပ်စုသည် ခေါင်းစဉ်သုံးခုအထိ ကိုင်တွယ်ဆွေးနွေးရပါသည်)

ခေါင်းစဉ်(၁)
အုပ်စု(အေ) — လွတ်လပ်ရေးရရှိရန် အမျိုးသားရေးလှုပ်ရှားမှု

ခေါင်းစဉ်(၂)
အုပ်စု (ဘီ) — လူမျိုးရေးပြဿနာ

ခေါင်းစဉ် (၃)
အုပ်စု (ဘီ) — အာရှနိုင်ငံများအတွင်း လူဝင်မှုကိစ္စရပ်များ

ခေါင်းစဉ်(၄)
အုပ်စု(စီ) — ကိုလိုနီမှ အမျိုးသားစီးပွားရေးသို့ အပြောင်းအလဲ

ခေါင်းစဉ်(၅)
အုပ်စု (စီ) — လယ်ယာစိုက်ပျိုးရေးကဏ္ဍပြန်လည်တည်ဆောက်ခြင်းနှင့် စက်မှုဖွံ့ဖြိုးရေး

ခေါင်းစဉ်(၆)
အုပ်စု(စီ) — အလုပ်သမားပြဿနာများနှင့် လူမှုရေးဝန်ဆောင်မှု

ခေါင်းစဉ် (၇)
အုပ်စု (ဒီ) — ယဉ်ကျေးမှုပြဿနာများ

ခေါင်းစဉ်(၈)
အုပ်စု(အီး) — အမျိုးသမီးများ အဆင့်အတန်းခွဲခြားမှုနှင့် အမျိုးသမီးများ၏ လှုပ်ရှားမှုများ

ညီလာခံသည် အထက်ဖော်ပြပါ အတိုင်း အုပ်စုများအတွက် ခေါင်းစဉ်များ သတ်မှတ်ပေးခဲ့ရာတွင် အုပ်စုအလိုက် မှတ်တမ်းတင်အဖွဲ့များကိုလည်း သီးခြားထားရှိပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် တရားဝန်ကြီး ဦးကျော်မြင့်သည် ညီလာခံကိုယ်စားလှယ်နှင့် လေ့လာသူများ စိစစ်လက်ခံရေးသုံးဦး ကော်မတီ၏ ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ညီလာခံမျက်နှာစုံညီအစည်းအဝေး သဘာပတိ ခြောက်ဦးအဖွဲ့ဝင်အဖြစ်လည်းကောင်း ရွေးချယ်ခြင်းခံခဲ့ရပါသည်။

ညီလာခံကြီးကို ၁၉၄၇ ခု၊ မတ်လ ၂၃ ရက် ညနေ ၅ နာရီတွင် စတင်ကျင်းပခဲ့ရာ ညီလာခံကိုယ်စားလှယ်များ၊ လေ့လာသူအဖွဲ့ဝင်များအပြင် အထူးဖိတ်ကြားထားသူများ၊ သံတမန်များ၊ ဧည့်သည်တော်များအားလုံး စုစုပေါင်းတစ်သောင်းကျော်မျှ တက်ရောက်ကြသည်။ ညီလာခံတွင် အာရှနိုင်ငံများ အမှတ်အသားအဖြစ် အထူးရေးဆွဲထားသော အာရှတိုက်မြေပုံကြီးတစ်ခုကို ရေးဆွဲပြသထားပြီး သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံတော်အလံများကိုလည်း တဝင့်ဝင့်လွှင့်ထူထားပါသည်။

ညီလာခံကြီးကို ကြိုဆိုရေးကော်မတီဥက္ကဋ္ဌ မစ္စက်ဆိုရိုဂျီနီ၊ နိုင်ဒူးမှ ကြိုဆိုနှုတ်ဆက်စကားဖြင့် ဖွင့်လှစ်ပေးခဲ့ပြီး အိန္ဒိယခေါင်းဆောင်ကြီး ဝန်ကြီးချုပ် ပဏ္ဍစ်နေရူးမှ မိန့်ခွန်းပြောကြားပါသည်။ ယင်းနောက် အဖွဲ့ခေါင်းဆောင်အသီးသီးတို့က နိုင်ငံအမည် အက္ခရာစဉ်လိုက် မိန့်ခွန်းအသီးသီးပြောကြားကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် တရားဝန်ကြီး ဦးကျော်မြင့်အနေဖြင့် မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းမှ ညီလာခံသို့ ပေးပို့ခဲ့သော သဝဏ်လွှာကို ထည့်သွင်းဖတ်ကြားပြပါသည်။ *(ယင်းသဝဏ်လွှာကို မူလရသမပျက် စေခြင်းငှာ မူလအင်္ဂလိပ်စာမူရင်းအတိုင်း အောက်တွင်တင်ပြပါသည်။)*

"On the momentous occasion when the nations of Asia are gathered together at a Conference with the avowed object of forging new and lasting ties of friendship and mutual goodwill, I send to the countries engaged in this noble task the warmest greetings of the Burmese people and the Burma Government. The proposal to hold a Conference of the countries of Asia has evoked a feeling of widespread, satisfaction in Burma, and the people here are all the more gratified that the proposal has taken a concrete form in the present Conference. It is realised that the countries present at the Conference have had to contend with many difficulties to make the conference possible. Apart from the difficulties caused by the lack of transport facilities between countries, there are other and more serious hardships resulting from the subjection of these countries to the iniquitous consequences of an expansionist exploitation. The distinctive feature that the nations of Asia are now ready boldly to face these and other difficulties , and to take the bull by the horns, so to say , is a sign that augurs well for the future of Asia and for the cause of the independence of the Asian peoples. I would therefore have come to New Delhi myself and taken part in the deliberations of a Conference that holds so many possibilities for the future of our Countries , had not urgent reasons of public interest and importance demanded my presence in Burma. But I am glad to be able to send to this great gathering a delegation consisting of a selected team of members led by the Hon'ble U Kyaw Myint , one of the judges of the High Court of Judicature at Rangoon. I have no doubt that the Conference will be guided in the task before it by a new conseiousness of the oneness of Asia and also by the supreme necessity on the part of all the countries of Asia to stand together in weal woe."

ညီလာခံကျင်းပသည့် ကာလပိုင်းနှင့်ပြိုင်တူ ပြပွဲအမျိုးမျိုးတို့ကိုလည်း ကျင်းပခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ယဉ်ကျေးမှုပြပွဲ တွင် မြန်မာပန်းချီခုနစ်ချပ်၊ ရှေးဟောင်းပစ္စည်းပြပွဲတွင် မော်ဇာနှင့် ပုဂံဒေသတို့မှ တူးဖော်ရရှိခဲ့သော အုတ်ချပ်များ၊ ထန်းရွက် ပေစာများနှင့် ရွှေယွန်းရွက်ပေစာများကို ပြသဆင်နွှဲခဲ့ပါသည်။

ညီလာခံကြီးသည် ၁၉၄၇ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ပြီးဆုံးခဲ့ရာ-

- အာရှနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းလုံး ဆက်စပ်နေသည့် အာရှနိုင်ငံများ၏ ပြဿနာများအပေါ် လေ့လာမှု၊ နားလည်သဘောပေါက်ခြင်းတို့ကို မြှင့်တင်သွားရန်။
- အာရှနိုင်ငံများ အချင်းချင်းသော်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းလုံးဖြင့်သော်လည်းကောင်း၊ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်သွားရန်အလို့ငှာ အာရှဆက်ဆံရေးအဖွဲ့ကြီး (Asian Relations Organization) တစ်ရပ်ကို ဖွဲ့စည်းသွားရန် ဆုံးဖြတ်ခဲ့ပါသည်။

ညီလာခံမှပင် ယင်းဆုံးဖြတ်ချက်ကို အခြေပြု၍ ယာယီအထွေထွေကောင်စီကို အဖွဲ့ဝင် ၃၀ ဖြင့် ဖွဲ့စည်းခဲ့ရာတွင် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံမှ ဦးကျော်မြင့်နှင့် ဦးအမ်အေရာရှစ်တို့ အရွေးခံခဲ့ကြရပါသည်။

အာရှနိုင်ငံများအနေဖြင့် ကမ္ဘာတစ်ဝန်း ဝန်းခတ်နေသည့် အနေအထားတွင် ယင်းကဲ့သို့သော ညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ခြင်းအပေါ် နိုင်ငံတကာမှ ထောမနာပြုကြသည်။ သို့ဖြင့် မန်ချက်စတာသတင်းစာ၊ ဂါဒီယန်သတင်းစာနှင့် ဟိန္ဒူသတင်းစာတို့မှ သတင်းထောက် Mr.B Shiva Rao က အိန္ဒိယခေါင်းဆောင်နှင့် ဝန်ကြီးချုပ်ဖြစ်သူ ရှရီပဏ္ဍစ်နေရူးအား တွေ့ဆုံ၍ ယင်းညီလာခံမှာ မည်သူ၏ စိတ်ကူးဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်၊ မည်သို့မည်ပုံဖြစ်ပေါ်လာခဲ့သည်၊ မေးမြန်းခဲ့သည်။ ရှရီနေရူးက ၎င်းအနေဖြင့် အရှေ့တောင်အာရှခရီးမှ အပြန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အချို့သောပုဂ္ဂိုလ်တို့မှ အကြံပြုခဲ့ကြကြောင်း ဖြေကြားပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ တိဘက်မှတ်တမ်းများတွင် ထည့်သွင်းထုတ်ဖော်ရေးသားထားသည်ကိုလည်း တွေ့ရသည်။ ရှရီနေရူးသည် အရှေ့တောင်အာရှခရီးမှအပြန်တွင် ရန်ကုန်မြို့သို့ ဝင်ရောက်ခဲ့ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံခဲ့ကြောင်း၊ ညီလာခံကျင်းပခဲ့ခြင်းအကြောင်းရင်းသည် ဗိုလ်ချုပ်အောင်ဆန်း၏ အကြံပြုချက်ကြောင့်ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြသည်။ သို့ဖြင့် ညီလာခံကြီး ကျင်းပရခြင်း၏ ရည်ရွယ်ချက်သည် ဗိုလ်ချုပ်အောင်ဆန်း၏ အကြံပြုချက်ဟူ၍ မှတ်ယူရပါမည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခု မတ်လ ၁၇ ရက်စွဲတွင် စတင်ဖွဲ့စည်းခဲ့သော နိုင်ငံခြားရေးဌာနကို တာဝန်ယူခဲ့သည်။ သို့ဖြင့် ညီလာခံကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ညီလာခံသို့ ပေးပို့ခဲ့သော သဝဏ်လွှာပါအချက်အလက်တို့သည် နောက်ပိုင်းတွင် မြန်မာနိုင်ငံခြားရေးဝါဒ၏ မြစ်ဖျားခံရာ အချက်အလက်များ ဖြစ်လာခဲ့ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဖိလစ်ပိုင်နိုင်ငံ Presidential Communications Operations Office Secretary (ဝန်ကြီးဖြစ်သူ) Mr.Jose Ruperto Martin Marfori Andanar နှင့်အဖွဲ့တို့ တွေ့ဆုံ

**နေပြည်တော် မတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဖိလစ်ပိုင် သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် Presidential Communications Operations Office Secretary (ဝန်ကြီးဖြစ်သူ) Mr.Jose Ruperto Martin Marfori Andanar နှင့်အဖွဲ့တို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၁၃ ခုနှစ်ကပင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့အကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ဆက်လက်ဆောင်ရွက်သွားရေး၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ ပြန်ကြားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ၊ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အွန်လိုင်းမီဒီယာကဏ္ဍများတွင် နှစ်နိုင်ငံအစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အာဆီယံအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ရန်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ ပုံနှိပ်နှင့် ရုပ်သံလွှင့်မီဒီယာကဏ္ဍများကို လာရောက်လေ့လာနိုင်ရေးတို့အတွက် ဖိတ်ကြားခဲ့ပြီး ပြန်ကြားရေးကဏ္ဍဆိုင်ရာနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား အလုပ်ရုံဆွေးနွေးပွဲများ အပြန်အလှန်ကျင်းပနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဖိလစ်ပိုင်နိုင်ငံ **Presidential Communications Operations Office Secretary** (ဝန်ကြီးဖြစ်သူ) **Mr.Jose Ruperto Martin Marfori Andanar** နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)



# ဖိလစ်ပိုင်သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးနှင့်အဖွဲ့ ဆင်ဖြူတော်နှင့် ကျောက်မျက်ပြတိုက်လေ့လာ

**နေပြည်တော် မတ် ၂၀**

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီး Mr.EMMANUEI F.PINOL နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ခြေတော်ရင်းရှိ ဆင်ဖြူတော်ဆောင်သို့ရောက်ရှိပြီး ဆင်ဖြူတော်များအား အစာအာဟာရ ကျွေးမွေးကြသည်။ **(ဓါတ်ပုံ)**

ထို့မှတစ်ဆင့် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)သို့ ရောက်ရှိပြီး ပြတိုက်မြေညီထပ်နှင့် အပေါ်ထပ်တို့၌ ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများအား ကြည့်ရှုလေ့လာခဲ့ကြသည်။

**(သတင်းစဉ်)**

# ကျီတိုင်ကုန်း(တ)ရွာ၌ သောက်သုံးရေများလှူဒါန်း

**သာစည် မတ် ၂၀**

သောက်သုံးရေ အခက်အခဲကြုံတွေ့နေသည့် သာစည်မြို့နယ် ရွာပုလဲကျေးရွာအုပ်စု ကျီတိုင်ကုန်း(တ)ရွာသို့ မတ် ၂၀ ရက် နံနက် ၉ နာရီက သာစည်ရထားရဲတပ်ဖွဲ့ အမှတ်(၆)တပ်ခွဲ ရထားရဲစခန်းမှ စခန်းမှူး ရဲအုပ်မင်းနိုင်နှင့် တပ်ဖွဲ့ဝင် ရဲဘော် ၊ ရဲမေများသည် ပြည်သူ့အကျိုးပြု လုပ်ငန်းတစ်ရပ်အနေဖြင့် မြို့နယ် ဇေယျာသုခရေလှူအသင်းကြီး၏ အကူအညီကိုရယူပြီး အသင်းပိုင်ရေကား ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သွားရောက်ကြကာ ကျေးရွာလူထုအား သောက်သုံးရေများကို ပေးဝေလှူဒါန်းခဲ့ကြသည်။

အဆိုပါ ကျီတိုင်ကုန်း(တ)ရွာသည် အိမ်ခြေ ၂၃၃ အိမ်၊ လူဦးရေ ၁၁၉၅ ဦး ရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး သောက်သုံးရေအလွန်ရှားပါးသော ကျေးရွာဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**



# မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၂၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်၌ မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်၌ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# မော်လမြိုင်ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

နေပြည်တော် မတ် ၂၀

**"ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ" ကို မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် (ဘက်စုံခန်းမ)၌ မတ် ၂၅၊ ၂၆၊ ၂၇ ရက်တို့တွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။**

ကလေးစာပေပွဲတော်ကို ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ စာပေနှင့် ရင်းနှီးပြီး စာဖတ်ခြင်းတွင် ပျော်မွေ့တတ်လာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ကလေးစာပေပွဲတော်တွင် စာအုပ်ပြပွဲနှင့် စာအုပ်အရောင်းပွဲ၊ (၃၈)ဖြာ မင်္ဂလာသုတ်ရွတ်ဆိုပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ကာတွန်းပြပွဲနှင့် ပုံတူပန်းချီရေးဆွဲခြင်း၊ ပန်းချီပြိုင်ပွဲ၊ အိမ်တည်ဆောက်မှုပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ ပြခန်းများ၊ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများဖြင့် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရှိရသည်။




မန္တလေးမြို့၌ ပြုလုပ်ခဲ့သော ကလေးစာပေပွဲတော်တွင် ကလေးငယ်များ ပျော်ရွှင်စွာ ကစားခဲ့မှုမြင်ကွင်း




ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်မြင်ကွင်း

ကလေးစာပေပွဲတော်(မော်လမြိုင်)တွင် ပြည်သူများ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်ရန်အတွက် မော်လမြိုင်မြို့ရှိ လူစည်ကားရာ နေရာများ၌ ကလေးစာပေပွဲတော် လှုံ့ဆော်မြေစိုက်ပိုစတာများ စိုက်ထူထားပြီး ပြည်သူများ၏ စိတ်ပါဝင်စားမှုလည်း မြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

မော်လမြိုင်မြို့၌ လာမည့် မတ် ၂၅ ရက်မှ စတင်ကာ ၃ ရက်တာ ကျင်းပမည့် ကလေးစာပေပွဲတော်သည် တတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး ပထမအကြိမ်အဖြစ် နေပြည်တော်၌ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် မန္တလေးမြို့၌ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ လည်းကောင်း ကျင်းပခဲ့ကြောင်း သိရှိရသည်။ **အောင်မင်းဟန်(သုတေသန)**

# ဘားအံမြို့၌ ကလေးစာပေပွဲတော် အောင်မြင်စွာကျင်းပပြီးစီး




**ဘားအံ မတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို မတ် ၁၉ ရက်မှစ၍ ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပလျက်ရှိရာ မတ် ၂၀ ရက် ညနေ ၄ နာရီက ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပ၍ ကလေးစာပေပွဲတော်ကိုအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဆင့်က ကျေးဇူးတင်စကားပြောကြားကာ ကလေးစာပေပွဲတော်တွင် ကာတွန်းစာအုပ် ၃၀၀၀၊ ပြိုင်ပွဲများဆုချီးမြှင့်ငွေနှင့် ရေသန့်များ လှူဒါန်းပေးသော ဒေါ်မြတင်ရွှေဆိုင်မိသားစုနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပေးသော အလှူရှင်များအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်သည်။

ကလေးစာပေပွဲတော် ပုံပြောပြိုင်ပွဲတွင် မူလတန်းအဆင့် ၁၇ ဦး၊ မူကြိုအဆင့် ၁၁ ဦး၊ ကဗျာပြိုင်ပွဲတွင် မူလတန်းအဆင့် ၂၀ ၊ မူကြိုအဆင့် ၁၃ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် အထက်တန်းအဆင့် ကိုးဦး၊ အလယ်တန်းအဆင့် ၁၀ ဦး၊ ပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် ၂၈ ဦး၊ အလယ်တန်းအဆင့် ၃၆ ဦး၊ မူလတန်းအဆင့် ၃၈ ဦး၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် အလယ်တန်းအဆင့် ၆၈ ဦး၊ မူလတန်းအဆင့် ၃၁၇ ဦး၊ အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ကလေးစာပေပွဲတော်ကို ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်အယူအဆများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ စာပေနှင့် ရင်းနှီးပြီးစာဖတ်ခြင်းတွင် ပျော်မွေ့တတ်လာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကိုဖန်တီးပေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ကလေးများ စာအုပ်စာပေတွင်မွေ့လျော်ပြီး စာဖတ်ခြင်းအလေ့အထမျိုးစေ့ကို ယခု ကလေးစာပေပွဲတော်က မျိုးစေ့ချစိုက်ပျိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း၊ထိန်လင်းအောင်**

# ရခိုင်ပြည်နယ်၌ ပြည်တွင်းရေကြောင်း ခရီးသွားသင်္ဘောများ ပုံမှန်ပြေးဆွဲ

**စစ်တွေ မတ် ၂၀**

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ မိုးသက်လေပြင်းများ တိုက်ခတ်ပြီး မိုးများရွာသွန်းမှုကြောင့် ပြည်တွင်းရေကြောင်း ခရီးသွားသင်္ဘောများ ပုံမှန်ပြေးဆွဲချိန်ထက်နောက်ကျပြီးမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း စစ်တွေမြို့နှင့် ပေါက်တော၊ မင်းပြား၊ မြေပုံမြို့များသို့ပြေးဆွဲနေသည့် အမြန်ယာဉ်သင်္ဘောများသည် ပုံမှန်အားဖြင့် မွန်းလွဲ ၂ နာရီတွင် ပြေးဆွဲလျက်ရှိသော်လည်း မတ် ၂၀ရက် နံနက်ပိုင်းမှ စတင်ပြီး စစ်တွေမြို့နှင့် အနီးပတ်ဝန်းကျင်၌ လေပြင်းတိုက်ခတ်ပြီး မိုးများရွာသွန်းမှုကြောင့် သင်္ဘောများထွက်ခွာချိန်ကို နောက်ဆုတ်ပြီးမှ ထွက်ခွာခဲ့ရကြောင်း ရွှေပြည်တန်အမြန်ရေယာဉ်သင်္ဘောမှ မန်နေဂျာကိုစံမော်သိန်းက ပြောကြားသည်။

မတ်လနှင့် ဧပြီလများမှာ ရခိုင်ပြည်နယ်၌ ပုံမှန်ရာသီဥတုကို ခန့်မှန်း၍မရပါကြောင်း၊ ယခုလည်း ပုံမှန်မဟုတ်ဘဲ လေပြင်းတိုက်ခတ်ပြီး မိုးများရွာသွန်းခဲ့ပါကြောင်း၊ မုတ်သုံလေဝင်ခါနီးလာလျှင် လေပူနှင့် လေအေးများ တွေ့ဆုံပြီး ယခုလိုပင် လေတိုက်ခတ်နိုင်ပါကြောင်း၊ သို့ရာတွင် လေတိုက်နှုန်းပြင်းသော်လည်း အချိန်က ၁၅ မိနစ်သာ တိုက်ခတ်ပြီး မိုးရွာလိုက်ခြင်းကြောင်း လေတိုက်နှုန်း လျော့နည်းသွားပါကြောင်း ၎င်းက ဆက်လက်၍ ပြောကြားသည်။

"မနက်ပိုင်းက လေတိုက်တာများတော့ ဆိုင်ကယ်စီးသွားလို့မရခဲ့ပါဘူး၊ ကျွန်တော်တို့ရုံးကိုသွားတာ သုံးဘီးဆိုင်ကယ်နဲ့ သွားခဲ့ရပါတယ်၊ ရုံးနဲ့အနီးမှာရှိတဲ့ လမ်းဘေးသစ်ပင်များ ပြိုလဲသွားတာကို တွေ့ရပါတယ်" ဟု ပြည်နယ်အစိုးရရုံးမှ ဦးမျိုးကိုကိုထွန်းက ပြောကြားသည်။

စစ်တွေမြို့၌ ယနေ့နံနက်ပိုင်းမှစတင်ပြီး လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးရွာသွန်းခြင်းတို့ကြောင့် လမ်းဘေးသစ်ပင်များ ပြိုလဲခြင်းနှင့် အချို့သော လူနေအိမ်များမှ အဖီများပြိုကျခြင်းများရှိခဲ့ကြောင်းနှင့် အဆိုပါလေပြင်း၏အရှိန်ကြောင့် မြေပုံမြို့နှင့် ပေါက်တောမြို့များ၌လည်း မိုးများရွာသွန်းလျက်ရှိကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးအကောင်အထည်ဖော်ဆောင်ရွက်ပေးသည့် အိမ်ရာကွက်များဖော်ထုတ်နေမှု ကြည့်ရှု

မောင်တော မတ် ၂၀

**ရခိုင်ပြည်နယ် မောင်တောဒေသသို့ ရောက်ရှိနေသော မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက ဇင်ပိုင်ညာကျေးရွာ မူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး ဇင်ပိုင်ညာနှင့် ဝါးပိတ်ကျေးရွာတို့မှ ခေတ္တနေရပ်တိမ်းရှောင်၍ မိမိနေရပ်ဒေသသို့ ပြန်လည်ရောက်ရှိလာသော ရွာသူရွာသားများအား တွေ့ဆုံသည်။**



ယင်းသို့ တွေ့ဆုံရာတွင် ဒေသတွင်းဖြစ်ပေါ်နေသော ဖြစ်စဉ်များအပေါ် သွေးထိုးလှုံ့ဆော်မှုများ ကြုံတွေ့လာရမှုအပေါ် ချင့်ချိန်သုံးသပ်ပြီး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျန်းမာရေး၊ လူမှုရေးနှင့်စီးပွားရေးအစရှိသည့် ကိစ္စရပ်များအတွက် ပြောဆိုဆက်ဆံရာတွင် အများ နားလည်လွယ်သည့် ဘာသာစကားကို တတ်မြောက်ထားရန် အထူးလိုအပ်ကြောင်း၊ တည်ဆဲဥပဒေများအရ အရေးယူ ခံထားရသူများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်သော ဥပဒေ၏အကာအကွယ်ကို အပြည့်အဝရယူနိုင်ပြီး တရားရုံးအဆင့်ဆင့်မှ စစ်ဆေးပေါ်ပေါက်မှုများအတိုင်း ပြစ်ဒဏ်နှင့် လွတ်ငြိမ်းချမ်းသာခွင့်များကို ခံစားစံစားရမည်ဖြစ်ကြောင်း၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများအတွက် စာရင်းဇယားများ မှန်ကန်တိကျစွာ ရရှိမှသာလျှင် လိုအပ်သည့်အခက်အခဲများကို ဌာနဆိုင်ရာများက ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ မှန်ကန်သောအခြေအနေနှင့် လိုအပ်ချက်များကို တင်ပြပေးသွားရန် လိုအပ်ကြောင်း။

အခက်အခဲ တစ်စုံတစ်ရာရှိပါကလည်း ကျေးရွာများ၌ ချိတ်ဆွဲထားသော အသိပေးကြေညာချက် ဆိုင်းဘုတ်များတွင် ပါရှိသည့်အချက်အလက်များအတိုင်း ဆက်သွယ်ဆောင်ရွက်ပါက ကူညီဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ အောက်တိုဘာလ ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အရေးယူချုပ်နှောင်ခံထားရသူများကို မိသားစုဝင်များနှင့် တွေ့ဆုံခွင့်ရရှိရန် ကျေးရွာများအလိုက် ရက်များသတ်မှတ်ပြီး ပို့ဆောင်ရေး၊ သွားလာရေး၊ ထောင်ဝင်စာ တွေ့ခွင့်ရရေးနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ရွာသူရွာသားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ဝါးပိတ်ကျေးရွာသို့ ရောက်ရှိပြီး အောက်တိုဘာလဖြစ်စဉ်များအတွင်း အိမ်ရာဆုံးရှုံးခဲ့သည့် မိသားစုဝင်များအတွက် ပြန်လည်နေရာချထားပေးနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် မောင်တောခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် အိမ်ရာများ ပြန်လည်ဆောက်လုပ်ပေးရန် စက်ယန္တရားကြီးများဖြင့် မြေယာပြုပြင်နေမှုကို သွားရောက်ကြည့်ရှုရာ မောင်တောမြို့နယ် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ခိုင်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဝါးပိတ်ကျေးရွာ၌ မိသားစုတစ်စုစီအတွက် မြေကွက်များ အကောင်အထည် ဖော်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရွာလယ်လမ်းမကြီး၊ ရွာပတ်လမ်း၊ မောင်တော-ကြိမ်ချောင်းသွားလမ်းမကြီးနှင့် ချိတ်ဆက်ထားသည့် ရွာဝင်လမ်း တည်ဆောက် အကောင်အထည်ဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကျေးရွာ၌ တည်ရှိသော ဘာသာရေးဆိုင်ရာအဆောက်အအုံကိုလည်း မူလအခြေအနေအတိုင်း ဆက်လက်အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့၌ ဖွင့်လှစ်ထားရှိသည့် မောင်တော ခရိုင်တရားရုံး (ဘူးသီးတောင်မြို့ရုံးထိုင်) အထူးတရားရုံး၌ အကြမ်းဖက်ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့သူ ၄၂ ဦးကို ရုံးထုတ်စစ်ဆေးနေသည့် တရားခွင်သို့ သွားရောက်ကြည့်ရှုသည်။

ယင်းနောက် တရားရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အမှုများ မှန်ကန်၊ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**

# မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များ ဒေသတွင်းကျေးရွာများရှိ ရွာသူရွာသားများနှင့်တွေ့ဆုံပြီး လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြား

**မောင်တော မတ် ၂၀**

မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်နိုင်၊ ဦးစောသလေးစောနှင့် တာဝန်ရှိသူများသည် မတ် ၁၈ ရက် နံနက်ပိုင်းက အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၌ ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်တို့နှင့်တွေ့ဆုံပြီး မောင်တောဒေသစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ မောင်တောဒေသတွင်ရောက်ရှိစဉ် ညွှန်ကြားချက်များ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် မောင်တောဒေသ လတ်တလောအခြေအနေများကို ဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင်များသည် မောင်တောခရိုင်အုပ်ချုပ်ရေးမှူးနှင့်အတူ ပွင့်ဖြူချောင်း၊ ကျားခေါင်းတောင်၊ ရေတွင်းကျွန်း ကျေးရွာများသို့လည်းကောင်း၊ မတ် ၁၉ ရက်တွင်



ခါးကြီးစား၊ ရေမျက်တောင်(သစ်)၊ ကြက်ရိုးပြင်၊ ပြောင်ပိုက်နှင့် ငန်းချောင်း ကျေးရွာများသို့လည်းကောင်း သွားရောက်ပြီး ကျေးရွာတာဝန်ရှိသူများ၊ ရွာသူရွာသားများနှင့် တွေ့ဆုံခဲ့သည်။

ကော်မရှင် အဖွဲ့ဝင်များသည် မောင်တောဒေသ အောက်တိုဘာလ ဖြစ်စဉ်များကြောင့် ခေတ္တတိမ်းရှောင်နေရာမှ မူလနေထိုင်ရာဒေသသို့ ပြန်လည်ရောက်ရှိလာသူများကို တွေ့ဆုံရာ ၎င်းတို့က စိုးရိမ်ပူပန်မှုများကြောင့် နေရပ်ဒေသမှ ခေတ္တစွန့်ခွာသွားခဲ့ရသော်လည်း မိမိရပ်ရွာဒေသ၌ နေထိုင်ရသကဲ့သို့ လုံခြုံစိတ်ချရမှုနှင့် အဆင်ပြေချောမွေ့မှု မရှိကြောင်း၊ ယခုအခါ သက်ဆိုင်ရာ အဖွဲ့အစည်းများက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေခြင်းကြောင့် မိမိရပ်ရွာဒေသသို့ ပြန်လည်လာရောက်နေထိုင်ရခြင်းဖြစ်ကြောင်း တင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ ကော်မရှင်အဖွဲ့ဝင်များက ကျန်းမာရေး၊ စားဝတ်နေရေးကိစ္စရပ်များ အဆင်ပြေစေရန် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်က စာရင်းဇယားများ မှန်မှန်ကန်ကန်ပြုစုတင်ပြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အပြုသဘောဖြင့် ကိုယ်တိုင်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားကြသည်။

မောင်တောခရိုင်အုပ်ချုပ်ရေးမှူးက လတ်တလောဆောင်ရွက်လျက်ရှိသည့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အရေးယူချုပ်နှောင်ခံထားရသူများကို မိသားစုဝင်များနှင့် တွေ့ဆုံခွင့်ရရှိရန် ကျေးရွာများအလိုက် ရက်များသတ်မှတ်ပြီး ပို့ဆောင်ရေး၊ သွားလာရေး၊ ထောင်ဝင်စာတွေ့ခွင့်ရရေးနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ယင်းနောက် ဒေသခံ ရွာသူရွာသားများ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့အပြင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသူ ဒုတိယညွှန်ကြားရေးမှူးဒေါ်သန်းသန်းဝင်းနှင့် ဒေါက်တာ ဒေါ်ထားထားလင်းတို့က သက်ကြီးရွယ်အို အမျိုးသမီးများနှင့် မိခင်များအား သီးခြားတွေ့ဆုံပြီး စိတ်လူမှုရေးဆိုင်ရာ ဖြေလျှော့ပေးမှုများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ အပါအဝင် လူမှုဒုက္ခ ကြုံတွေ့နေရသူများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု အခြေအနေများ၊ မောင်တောဒေသ၌ ဆောင်ရွက်ပေးလျက်ရှိသည့် ရွေ့လျားအဖွဲ့များဖြင့် ဆေးကုသပေးခြင်း၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း၊ အာဟာရကျွေးမွေးခြင်းများကို အခွင့်အရေးတစ်ရပ်အဖြစ်ခံယူ၍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ ကျေးရွာများအရောက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများပေးနိုင်ရန် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းစောင့်ရှောက်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

**အေးမြ(မန်းကိုယ်ပွား)**

# မောင်တောမြို့နယ်အတွင်း၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၀**

မောင်တောမြို့နယ် နတ်မြစ်အတွင်း၌ မူးယစ်ဆေးဝါးများ တင်ဆောင်လာသည့် လှေတစ်စင်းပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား (၁၈၅၀၀၀)နှင့် မြို့မတောင်ရပ်ကွက်အတွင်းရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား (၉၇၅၀)ကို ယနေ့နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း ကင်းလှည့်ဆောင်ရွက်စဉ် ယနေ့နံနက် ၃ နာရီကျော်ခန့်က ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ လှော်ခတ်နေသော မသင်္ကာဖွယ် လက်ခတ်လှေတစ်စင်းကို တွေ့ရှိ၍ လိုက်လံဖမ်းဆီးခဲ့ရာ တုံးချောင်းဝအနောက်ဘက် မြန်မာ့ရေပိုင်နက်အတွင်း ဖမ်းဆီးရမိခဲ့ပြီး လှေပေါ်မှ လူလေးဦးနှင့်အတူ ဆာလာအိတ်ဖြင့် ထုပ်ပိုးထားသည့် ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆာလာအိတ်များအား မောင်တောမြို့နယ် စစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့များက ဖွင့်ဖောက်စစ်ဆေးခဲ့ရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀၀၀ ကာလ တန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၇ နာရီခန့်က နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် မောင်တောမြို့မြို့မတောင်ရပ်ကွက် ငါးခူရရွာနေ မောင်လှဝင်း(ခ) မာမွတ်ယီယာစ် (၃၂ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အောက်ခန်း စားပွဲခုံအောက်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကာလတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀ ခန့်နှင့် မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသော Honor အမျိုးအစား ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်အတွင်း မသင်္ကာသူ ၁၃ ဦး ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၀**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် တင်းမေရွာအနီး၌ မတ် ၁၉ ရက် နံနက် ၇ နာရီခန့်က မသင်္ကာသူ ၁၃ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် တင်းမေရွာအရှေ့ဘက်၌ မသင်္ကာဖွယ် လူတစ်စုရောက်ရှိနေကြောင်း သတင်းအရ နယ်မြေခံတပ်ရင်းနှင့် ရဲတပ်ဖွဲ့တို့မှ ကင်းပုန်းဝပ်စောင့်ကြည့်ခဲ့ကြောင်း၊ မတ် ၁၉ ရက် နံနက် ၆ နာရီတွင် တောင်ကုန်းပေါ်မှ ဆင်းလာသော မသင်္ကာဖွယ် လူတစ်စုကိုတွေ့ရှိပြီး မေးမြန်းစစ်ဆေးရန်ခေါ်ယူစဉ် ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ တင်းမေကျေးရွာနေ အဒူရှောရှီးအပါအဝင် ၁၃ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသူများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေတိုးတပ်ဖွဲ့ကိုပေးရန် ကြွေးကျန်ရှိသည်ဟူသော ဒေါ်နယ်ထရန့်၏အဆိုကို ဂျာမနီချေပ

**ဘာလင် မတ် ၂၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဂျာမနီနိုင်ငံသည် နေတိုးတပ်ဖွဲ့ကိုပေးရန် ကြီးမားသော ငွေကြေးတစ်ရပ်ရှိသည်ဟူသော အဆိုကို ဂျာမနီကာကွယ်ရေးဝန်ကြီး ရှာဆူလာဗွန်လီယန်က ယမန်နေ့က ပြန်လည်ချေပခဲ့သလို ဒေါ်နယ်ထရန့်သည် မှားယွင်းစွာ ပြောဆိုခဲ့သည်ဟု ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဒေါ်နယ်ထရန့်၏ ပြောကြားချက်အပေါ် လီယန်က နေတိုးတပ်ဖွဲ့တွင် အကြွေးစာရင်းမရှိကြောင်း၊ ဂျာမနီနိုင်ငံအနေဖြင့် နိုင်ငံတော် ကာကွယ်ရေးအသုံးစရိတ်ကို နိုင်ငံ့ဂျီဒီပီ၏ နှစ်ရာခိုင်နှုန်းရောက်ရှိအောင် အသုံးပြုပေးမည်ဟု ကတိပေးခဲ့ကြောင်း၊ သို့သော်လည်း အဆိုပါ ဘတ်ဂျက်အား နေတိုးအဖွဲ့နှင့် ဆက်စပ်တွေးခေါ်ခြင်းသည် မှားယွင်းသော အယူအဆဖြစ်ကြောင်း၊ ဂျာမနီနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ကုလသမဂ္ဂနိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းသိမ်းမှု စစ်ဆင်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး စသည့်ကဏ္ဍများတွင်လည်း ပါဝင်ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အလီယန်က ခေတ်မီလုံခြုံရေးအတွေးအခေါ် တည်ဆောက်ရာတွင် နေတိုးတပ်ဖွဲ့တစ်ခုတည်းကိုသာ တည်ဆောက်ခြင်းမဟုတ်ဘဲ ဥရောပလုံခြုံရေးဆိုင်ရာ မဟာမိတ်ကိုလည်း တည်ဆောက်ရမည်ဖြစ်ကြောင်း၊ အိုင်အက်စ်အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွက် ကုန်ကျသည့် အသုံးစရိတ်များကို နိုင်ငံတိုင်းမှ ခွဲဝေတာဝန်ယူသင့်ကြောင်းလည်း ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများသည် ဗြိတိန်တွင် ထိပ်သီးအစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ကို ဂျီဒီပီ၏ နှစ်ရာခိုင်နှုန်းသာ အသုံးပြုသွားရန် သတ်မှတ်ခဲ့ကြကြောင်း၊ လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံအပါအဝင် နိုင်ငံငါးနိုင်ငံသာ ထိုသတ်မှတ်ချက်ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဂျာမနီနိုင်ငံ၏ ၂၀၁၆ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်သည် နိုင်ငံ့ဂျီဒီပီ၏ ၁ ဒသမ ၆ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

ဂျာမနီနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် နိုင်ငံတော်ကာကွယ်ရေးအသုံးစရိတ်ကို နိုင်ငံ့ဂျီဒီပီ၏ နှစ်ရာခိုင်နှုန်းရောက်ရှိအောင် ဆောင်ရွက်မည်ဟု ဝန်ကြီးချုပ်အနေဖြင့် အကြိမ်ကြိမ်ပြောကြားခဲ့သလို ယခုနှစ် မတ် ၁၇ရက်က ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံစဉ်လည်း ပြောကြားခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**




# ဒမတ်စကတ်သို့ ဝင်ရောက်ရန်ကြိုးပမ်းသည့် လက်နက်ကိုင်အဖွဲ့အား အစိုးရတပ်ဖွဲ့ ချေမှုန်းတိုက်ထုတ်နိုင်ခဲ့

**ဒမတ်စကတ် မတ် ၂၀**

ဆီးရီးယားအစိုးရတပ်ဖွဲ့သည် ယမန်နေ့က မြို့တော် ဒမတ်စကတ်သို့ ဝင်ရောက်ရန် ကြိုးပမ်းသည့် အစိုးရဆန့်ကျင်လက်နက်ကိုင်တပ်ဖွဲ့နှင့် တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ထိပ်တိုက်ရင်ဆိုင်ပွဲတွင် လက်နက်ကိုင်တပ်ဖွဲ့မှရှုံးနိမ့်ကာ ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။

ဆီးရီးယားမြို့တော် ဒမတ်စကတ် အရှေ့ပိုင်းဒေသတွင် ကျင်လည်နေသော လက်နက်ကိုင်တပ်ဖွဲ့သည် မြို့တော်အတွင်းသို့ ဝင်ရောက်နိုင်ရန် စတင်ထိုးစစ်ဆင်လာခဲ့ကြောင်း၊ မြို့တွင်းသို့ ဝင်ရောက်သည့် ဂိတ်ပေါက်ရှိ အစိုးရတပ်ဖွဲ့စခန်းများကို ကားဗုံးများဖြင့် ဦးစွာတိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားသတင်းဌာနများတွင် ဖော်ပြသည်။

တိုက်ပွဲသည် ယင်းနေ့နံနက်ပိုင်းမှ စတင်ခဲ့ပြီး ညပိုင်းအထိ ဆက်လက်ဖြစ်ပွားခဲ့ကာမြို့တွင်း၌ လက်နက်ကြီးများဖြင့် ပစ်ခတ်သံကိုကောင်းစွာကြားနိုင်ကြောင်း၊ အစိုးရတပ်ဖွဲ့အနေဖြင့် တိုက်ပွဲဖြစ်ရာနေရာသို့ အင်အားဖြည့်တင်းမှုများပြုလုပ်ခဲ့ကာ လမ်းကြောင်းအချို့ကို ပိတ်ဆို့ခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင် လက်နက်ကိုင်တပ်ဖွဲ့မှ ရှုံးနိမ့်ကာ ပြန်လည်ဆုတ်ခွာသွားကြောင်း သိရသည်။




ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သော ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်းက အစိုးရဆန့်ကျင်သည့် လက်နက်ကိုင်တပ်ဖွဲ့သည် ဒမတ်စကတ်မြို့ကို ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်းနှင့် အစိုးရတပ်ဖွဲ့မှလည်း လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အစိုးရတပ်ဖွဲ့အနေဖြင့် မြို့တော်သို့ ဝင်ရောက်နိုင်ရန်ကြိုးပမ်းသည့် အစိုးရဆန့်ကျင်ရေးတပ်ဖွဲ့ကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့ပြီး လက်နက်ကိုင်အဖွဲ့များကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင်သတင်းဌာနက ဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

# ဘရစ္စတိုးမြို့အား အင်္ဂလန်၏ နေချင်စဖွယ်အကောင်းဆုံးမြို့အဖြစ် ရွေးချယ်

**လန်ဒန် မတ် ၂၀**

အင်္ဂလန်နိုင်ငံအတွင်း နေချင်စရာအကောင်းဆုံးမြို့အဖြစ် နိုင်ငံအနောက်တောင်ပိုင်းရှိ ဘရစ္စတိုးဆိပ်ကမ်းမြို့အား ယမန်နေ့က ရွေးချယ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

လူဦးရေ သန်းတစ်ဝက်ပင်မရှိသည့် ထိုမြို့သည် လန်ဒန်ပြီးလျှင် အင်္ဂလန်တောင်ပိုင်းတွင် အကြီးဆုံးမြို့တစ်မြို့လည်းဖြစ်သည်ဟု ဆိုသည်။ ဆန်းဒေးတိုင်းမ်သတင်းစာက ဗြိတိန်တွင်နေထိုင်ရန် အကောင်းဆုံးမြို့အား စာရင်းပြုစုခဲ့ရာ ယခုကဲ့သို့ ဘရစ္စတိုးမြို့အား သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နက်ရှိုင်းသည့် အေဗွန်မြစ်နှင့် နက်ရှိုင်းလှပသော တောတောင်လျှိုမြောင်ကို ဖြတ်သန်းလျက် တည်ဆောက်ထားသည့် ကလဖ်တန်တံတားကြီးကြောင့် ဘရစ္စတိုးမြို့လေးအား အေးချမ်းပြီး လှပသည့်မြို့တစ်မြို့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

# လက်နက်ကြီးပစ်ခတ်လေ့ကျင့်မှုများ ခရိုင်းမီးယားဒေသ၌ ရုရှားပြုလုပ်

**မော်စကို မတ် ၂၀**

ရုရှားသည် ခရိုင်းမီးယား၌ လက်နက်ကြီးပစ်ခတ်လေ့ကျင့်မှု အမြောက်အမြားကို ပြုလုပ်ခဲ့ကြောင်း အကြီးတန်းတပ်မတော်အာဏာပိုင်များက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ အနောက်နိုင်ငံများက ရုရှားအား Black Sea ကျွန်းဆွယ်ကို ယူကရိန်းသို့ ပြန်ပေးရန်တိုက်တွန်းခဲ့ပြီး နောက်တွင် ရုရှား၏ အဆိုပါလေ့ကျင့်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

စစ်ရေးလေ့ကျင့်မှုအတွင်း လေကြောင်းသယ်ယူပို့ဆောင်ရေးတပ်သား ၂၅၀၀ ကျော်ပါဝင်ပြီး ရုရှား၏ Black Sea ရေတပ်မတော်မှ စစ်လက်နက်ပစ္စည်းကိရိယာ ၆၀၀ ခန့်နှင့် လေကြောင်း အင်အားစုများပါဝင်ကြောင်း လေကြောင်း သယ်ယူပို့ဆောင်ရေး အင်အားစုအကြီးအကဲ အန်ဒရေးဆာဒူကော့ဖ်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။ အန်ဒရေး၏ပြောကြားချက်အရ ခွင့်ပြုချက်ရရှိထားသည့် စစ်လက်နက်များနှင့် အခြားသောကိရိယာများနှင့်အတူ စစ်ရေးလေ့ကျင့်မှုကို အစိတ်အပိုင်းသုံးခုခွဲကာ တစ်ချိန်တည်းမှာပင်နှိုးဆော်မှုများ ပြုလုပ်ခဲ့ပြီး ခရိုင်းမီးယား၌ တစ်စိတ်တစ်ပိုင်း ဖြန့်ကြက်ခဲ့ကြောင်း သိရသည်။




ပြီးခဲ့သည့် ရက်သတ္တပတ်က ရုရှားသည် ခရိုင်းမီးယား၌ ပြုလုပ်သည့် ပြည်သူ့ဆန္ဒခံယူပွဲ သုံးနှစ်မြောက်နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ကာ ပါဝင်ဆင်နွှဲခဲ့သည်။

သို့သော် ယူကရိန်း၊ ဝါရှင်တန်နှင့် ၎င်းတို့၏ မဟာမိတ်များက ခရိုင်းမီးယားသည် ယူကရိန်း၏ အစိတ်အပိုင်းအဖြစ် ကျန်ရှိနေဆဲဖြစ်ပြီး ရုရှားက မတရားကျူးကျော်သိမ်းပိုက်ထားခဲ့ခြင်းသာဖြစ်ကြောင်း လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြသည်။

**(ဆင်ဟွာ)**

# အိုင်အက်စ်အဖွဲ့အတွက် တိုက်ခိုက်ပေးရန် လူငယ်များ အတင်းအကျပ်စေခိုင်းခံရ

**မိုဆူးလ် မတ် ၂၀**

အိုင်အက်စ်စစ်သွေးကြွအဖွဲ့သည် ၎င်းတို့နောက်ဆုံးထိန်းချုပ်ထားခဲ့သည့် နယ်မြေများကို ကာကွယ်ရန်အတွက် မိုဆူးလ်အနောက်ပိုင်းရှိလူငယ်များအား အဖွဲ့အတွက် တိုက်ခိုက်ပေးရန် အတင်းအကျပ် စေခိုင်းခဲ့ကြောင်း မြို့တွင်းမှ ထွက်ပြေးလျက်ရှိသည့် ဒေသခံများနှင့် အီရတ်အရာရှိများက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

တပ်သားအဖြစ် အတင်းအကျပ် သွတ်သွင်းခံရခြင်းသည် အစွန်းရောက်စစ်သွေးကြွအဖွဲ့များ ပိုမိုကြမ်းတမ်းလာမှုကို ဖော်ပြလျက်ရှိသည်။

အထူးလက်ရွေးစင် ဖက်ဒရယ်ရဲတပ်ဖွဲ့များနှင့် လျှပ်တစ်ပြက်တုံ့ပြန်ရေး ယူနစ်အဖွဲ့တို့သည် တနင်္လာနေ့တွင် မိုဆူးလ်အနောက်ဘက် မြို့ဟောင်းရှိ အယ်လ်နျူရီဘာသာရေးအဆောက်အအုံပေါ်အထိ ဆက်လက်ချီတက် ဝင်ရောက်လာနိုင်ခဲ့ကြသည်။

ထောင်နှင့်ချီသော မြို့နေပြည်သူများသည် နံနက်အစောပိုင်းတွင်ကျဆင်းနေသည့် မြူခိုးများနှင့် မိုးရွာသွန်းမှုကို အခွင့်ကောင်းယူလျက် အိုင်အက်စ်အဖွဲ့ ထိန်းချုပ်ထားသည့် နယ်မြေများအတွင်းမှ ထွက်ပြေးလွတ်မြောက်ကာ အစိုးရအဖွဲ့ပိုင်နက်များဆီသို့ ဘေးကင်းစွာရောက်ရှိနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။

စစ်သွေးကြွအဖွဲ့သည် မြို့နေပြည်သူများအား လူသားဒိုင်းများသဖွယ် အသုံးချခဲ့ကြသည်။ နေအိမ်များအတွင်း ပုန်းကွယ်ကာ လူငယ်များအား ၎င်းတို့ကိုယ်စား တိုက်ခိုက်ရန် အတင်းအကျပ် ခိုင်းစေခဲ့ကြကြောင်း ဒုက္ခသည်အချို့က ပြောကြားခဲ့သည်။

အစိုးရဝန်ထမ်းဟောင်းတစ်ဦးဖြစ်သည့် အလီက အိုင်အက်စ်စစ်သွေးကြွများ တပ်သားစုဆောင်းရှာဖွေရန် ဝင်ရောက်လာချိန်တွင် ၎င်း၏သားဖြစ်သူအား မြေအောက်ခန်းအတွင်း ဝှက်ထားခဲ့ရကြောင်း ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် မချမ်းဘော့ - ပူတာအို လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကို လည်းကောင်း၊ ပူတာအိုမှတစ်ဆင့် မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း (ဆွမ်ပရာဘွမ်-ပူတာအိုအပိုင်း) ရှိ မူလာရှီဒီး တံတားကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ တည်ဆောက်နေသော တံတားအမှတ် (၅/၁၉၅) အရှည် ပေ ၁၂၀ အင်ဗိုဇွပ် တံတားတည်ဆောက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ ပြည်ထောင်စု/ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေဖြင့် ကွန်ကရစ်ခင်းခြင်း ၊ ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာတင်ခြင်း ၊ တောင်နံရံချဲ့၍ အမာခံလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပူတာအို - ကောင်းမူလုံ - မချမ်းဘော့ လမ်းအခြေအနေနှင့် ကောင်းမူလုံကြိုးတံတားကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လမ်း၊ တံတားဖြစ်သော အရှည် ၂၁၈ မိုင်ရှိ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအို လမ်းအပိုင်းအား ၃၄ ပေ အကျယ် လမ်းချဲ့ခြင်း၊ ၁၈ ပေ အကျယ် ကျောက်လမ်းခင်းခြင်းနှင့် ၁၆ ပေအကျယ် ကတ္တရာခင်းခြင်းလုပ်ငန်းများကို ခရိုင်အဖွဲ့နှစ်ဖွဲ့ ၊ လမ်းအထူးအဖွဲ့နှစ်ဖွဲ့နှင့် ကုမ္ပဏီကိုးဖွဲ့တို့ဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၁၉ ရက် နံနက်ပိုင်းတွင် ပူတာအိုမြို့လမ်းဦးစီးဌာန ၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ မြို့နယ်၊ ခရိုင်နှင့် အထူးအဖွဲ့များမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ လမ်းဦးစီးဌာန ယန္တရားတပ်စုသို့ ရောက်ရှိပြီး ကချင်ပြည်နယ်အတွင်း လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ လှူဒါန်းသော စက်၊ ယာဉ်၊ ယန္တရား ၉၂ စီး ၊ အမျိုးအစား ၂၂ မျိုး ရောက်ရှိမှုနှင့် စနစ်တကျထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မြစ်ကြီးနားမြို့တွင်း ကတ္တရာ၊ ကွန်ကရစ် (AC) ခင်းနေမှုအခြေအနေကိုလည်းကောင်း၊ မန္တလေး - ဗန်းမော် - မြစ်ကြီးနားလမ်းပေါ်တွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁)မှ တည်ဆောက်နေသော နန့်မြစ်ခ တံတားလေးလမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့တွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေသော မေခဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်တိုက် ၁၉ လုံး တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ မလိခဝန်ထမ်းအိမ်ရာ လေးခန်းတွဲ ငါးထပ်တိုက်နှစ်လုံးတည်ဆောက်နေမှုတို့ကို လည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေကြီးမြေပြိုမှုများအား မောင်းသူမဲ့လေယာဉ်ဖြင့်တိုင်းတာ၍ အသုံးချမြေပုံများထုတ်လုပ်ပေး

**ဟားခါး မတ် ၂၀**

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် ၊ မောင်းသူမဲ့လေယာဉ် သုတေသနဌာနနှင့် ကုလသမဂ္ဂစိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာအဖွဲ့(UNFAO) တို့ပူးပေါင်း၍ မတ် ၁၅ ရက်မှစတင်ကာ ချင်းပြည်နယ်ရှိ ဟားခါး၊ ဖလမ်း၊ တွန်းဇံ မြို့နယ်များရှိ ရေကြီးမြေပြိုမှုများကို မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက် Survey တိုင်းတာခြင်းနှင့် အသုံးချမြေပုံများ ထုတ်လုပ်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါမောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက် Survey တိုင်းတာခြင်းနှင့် အသုံးချမြေပုံများ ထုတ်လုပ်ပေးခြင်းများဆောင်ရွက်ရာတွင် ရရှိလာသောအသုံးချမြေပုံများမှ တစ်ဆင့် တိကျသည့်ကွန်တိုလိုင်းများ ပါရှိသည့် မြေပုံများထုတ်လုပ်ပေးနိုင်ခြင်း၊ လူနေထိုင်မှု၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အချက်အများအား ခွဲခြားသိရှိ ဆန်းစစ်နိုင်ခြင်း၊ လက်ရှိမြေပြင်ပကတိ အနေထားအတိုင်း Digitalize 3D မြေပုံများ ထုတ်လုပ်ပေးနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာပျက်စီးမှုစစ်တမ်းကောက်ယူခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ စီမံခန့်ခွဲနိုင်ခြင်းစသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း မောင်းသူမဲ့လေယာဉ် သုတေသနဌာနမှ သိရသည်။

မောင်းသူမဲ့လေယာဉ် သုတေသနအဖွဲ့အနေဖြင့် ၂၀၁၅ ခုနှစ်ကလည်း ကလေးမြို့ ရေဘေးသင့်ဒေသများတွင် မောင်းသူမဲ့လေယာဉ်ဖြင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနအတွက် ရခိုင်ပြည်နယ်အတွင်းရှိ မင်းဘူး- အမ်းလမ်းပိုင်း တံတားတည်ဆောက်ရေး လမ်းအူကြောင်းရှာခြင်းလုပ်ငန်းအတွက်လည်းကောင်း၊ တောင်ငူမှဘုရားကြီးထိ ၅၀၀ ကေဗွီအေ မဟာဓာတ်အားလိုင်း လမ်းအူကြောင်းရှာခြင်း လုပ်ငန်းများအတွက်လည်းကောင်း မောင်းသူမဲ့လေယာဉ်ဖြင့် အကျိုးပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အကူအညီတောင်းခံမှုဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံရှေးဟောင်းဒေသတစ်ခုလုံးအား မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက် Survey တိုင်းတာမြေပုံ ထုတ်လုပ်ပေးခြင်းနှင့် ဘုရားစေတီပုထိုးများအား 3D Model ထုတ်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ရရှိသောမြေပုံများနှင့် 3D Model ပုံများအား ပျက်စီးမှု စစ်တမ်းကောက်ယူခြင်းနှင့် ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းခြင်းလုပ်ငန်းများတွင် ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် UNESCO မှ ပညာရှင်များဖြင့် ပူးပေါင်း၍ အသုံးချဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၊ မောင်းသူမဲ့လေယာဉ် သုတေသနဌာနသည် မိမိတို့ကိုယ်ပိုင် သုတေသနပြုလုပ်ထားသော မောင်းသူမဲ့လေယာဉ်များဖြင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဆောင်ရွက်ပေးနိုင်ခဲ့ရာ နိုင်ငံတော်ဘဏ္ဍာငွေအတွက်ပါ ရှာဖွေထည့်သွင်း ပံ့ပိုးပေးနိုင်သည့်အတွက် မိမိတို့ဝန်ကြီးဌာနနှင့် တက္ကသိုလ်အတွက်သာမက နိုင်ငံအတွက်ပါ ဝမ်းသာဂုဏ်ယူဖွယ်ဖြစ်ရသည့်အပြင် ဆက်လက်၍လည်း ဒေါင်လိုက် အတက်အဆင်းပြုလုပ်နိုင်သည့် မောင်းသူမဲ့လေယာဉ်၊ နေစွမ်းအင်သုံး မောင်းသူမဲ့လေယာဉ်နှင့် စိုက်ပျိုးသီးနှံများဖြစ်ထွန်းမှု လေ့လာသိရှိနိုင်သည့် မောင်းသူမဲ့လေယာဉ်များအား သုတေသနပြုလုပ်စမ်းသပ်လျက်ရှိကြကြောင်း သိရသည်။

**သတင်း-နေစု(ချင်းရိုးမ)**
**ဓာတ်ပုံ- သဲမောင်မောင်**

# ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ ဆန္ဒမဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများ စတင်ထုတ်ပေး

**ထန်တလန် မတ် ၂၀**

လာမည့် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများကို မတ် ၂၀ ရက် နံနက်ပိုင်းက ထန်တလန်မြို့ မြို့မရဲစခန်းဝင်းအတွင်း၌ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမျိုးမင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှရီနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးတို့က ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ စတင်ထုတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒမဲလက်မှတ်နှင့် မဲရုံသုံးပစ္စည်းများကို သက်ဆိုင်ရာကျေးရွာအသီးသီးသို့ လုံခြုံစိတ်ချစွာ ရောက်ရှိနိုင်ရေးအတွက် ချင်းပြည်နယ် ဟားခါးခရိုင် ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်တို့မှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်အင်အား ၉၄ ဦးက တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့နှင့် ရွေးကောက်ပွဲပြီးဆုံးသည့်ကာလ လုံခြုံရေးအတွက်လည်း လုံခြုံရေးအင်အား ထပ်မံဖြည့်တင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံမှူးသင်တန်းဖွင့်

**အမ်း မတ် ၂၀**

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို ရခိုင်ပြည်နယ်အတွင်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ၏လုပ်ငန်းတာဝန်များ သင်တန်းကို အမ်းမြို့ ရွှေအမ်းတောင်ခန်းမ၌ မတ် ၁၈ ရက်နှင့် ၁၉ ရက်က ဖွင့်လှစ် ခဲ့သည်။

သင်တန်းတွင် ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင် အမ်းမြို့နယ်တာဝန်ခံ ဦးမောင်ဖြူက ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်းနှင့် ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြောက်ဦးခရိုင်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မြတ်ထွန်းနှင့် တာဝန်ရှိသူများက လွတ်လပ် ပြီး တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲဖြစ်စေရေးအတွက် မဲရုံမှူးနှင့် ဒုမဲရုံမှူး များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပို့ချပေးခဲ့သည်။

သင်တန်းသို့ အမ်းမြို့နယ်အတွင်းရှိ မဲရုံများတွင် မဲရုံမှူးနှင့် ဒုမဲရုံမှူးများအဖြစ် တာဝန်ထမ်းဆောင်မည့်သူ ၆၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ညသူ**

# မြန်မာ-အင်ဒိုနီးရှား ခြေစမ်းပွဲအကြို သတင်းစာရှင်းလင်းပွဲကျင်းပ

**အင်ဒိုနီးရှား မတ် ၂၀**

မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲအကြို ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ နေ့လယ်ပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂဒ်ဖရိုင်းဒရစ်က "အိန္ဒိယအသင်းနဲ့ကစားရမယ့် အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်တဲ့အနေနဲ့ အင်ဒိုနီးရှားလက်ရွေးစင်အသင်းနဲ့ ခြေစမ်းကစားတာဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းဟာ ယူ-၂၂ ကစားသမားအများစုနဲ့ ဖွဲ့စည်းထားပြီး အတွေ့အကြုံရှိတဲ့သူတွေလည်း ပါဝင်ပါတယ်။ အင်ဒိုနီးရှားအသင်းနဲ့ ပွဲမှာအကောင်းဆုံးလူစာရင်းနဲ့ ယှဉ်ပြိုင်သွားမှာပါ။ ဒီခြေစမ်းပွဲက ကျွန်တော်တို့အတွက် အများကြီးအကျိုးရှိစေမှာပါ။ အင်ဒို နီးရှားအသင်းမှာ ကစားသမားကောင်းတွေ ရှိတာကြောင့် နှစ်သင်းစလုံးအတွက် အကျိုးရှိမှာပါ" ဟု ပြောကြားသည်။

အင်ဒိုနီးရှား လက်ရွေးစင်အသင်းနည်းပြချုပ် လူးဝစ်မီလီယာ(စပိန်)က "နှစ်သင်း စလုံး လူငယ်အများစုနဲ့ ဖွဲ့စည်းထားတာကြောင့် ပရိသတ်အကြိုက်တွေ့မယ့် ပွဲဖြစ်လာမှာပါ။ မြန်မာအသင်းမှာ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့တဲ့ ကစားသမားအများစုပါဝင်တာကြောင့် သေချာပြင်ဆင်ထားပါတယ်။ မြန်မာ့လက်ရွေးစင်အသင်းနဲ့ ခြေစမ်းခွင့်ရတာကို တန်ဖိုးရှိစွာ အသုံးချသွားမှာပါ" ဟု ပြောကြားသည်။ အင်ဒိုနီးရှားလက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲမရှိသောကြောင့် အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် ယူ-၂၂ ကစားသမားများဖြင့် ဖွဲ့စည်းထားသည်။

အင်ဒိုနီးရှားနှင့် မြန်မာအသင်းတို့၏ ခြေစမ်းပွဲကို မတ် ၂၁ ရက်(**ယနေ့**)မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# မြန်မာနိုင်ငံ အလေးမအားကစားဖွံ့ဖြိုးတိုးတက်ရေး ဒိုင်လူကြီးမွမ်းမံသင်တန်းဖွင့်

**ရန်ကုန် မတ် ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးပြီး မြန်မာနိုင်ငံ အလေးမအားကစားဖွံ့ဖြိုးတိုးတက်ရေး ဒိုင်လူကြီး မွမ်းမံသင်တန်းကို မတ် ၁၈ ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်းအတွင်းရှိ အလေးမအဖွဲ့ချုပ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်အနေဖြင့် ယခုကျင်းပသော ၂၀၁၇ ခုနှစ် ဒိုင်လူကြီးမွမ်းမံသင်တန်းသည် ပြည်တွင်းအလေးမဒိုင်များ၏အဆင့်ကို နိုင်ငံတကာ Level အဆင့် ဝင်ဆံ့နိုင်ရန် ကျင်းပခြင်းဖြစ်ပြီး ပြည်တွင်းဒိုင်များအနေဖြင့် အရည်အချင်းပြည့်ဝနေပါက မိမိနိုင်ငံတွင်းအားကစားဖွံ့ဖြိုးမှုသာမက နိုင်ငံတကာကိုပါ ဝင်ဆံ့နိုင်သော ဒိုင်များဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်သည် ယခုကဲ့သို့ ဒိုင်လူကြီးမွမ်းမံသင်တန်းများသာမက နွေရာသီအလေးမသင်တန်းများကို ယခုလ ဒုတိယပတ်မှ ဧပြီလပထမပတ်အထိ ရန်ကုန်၊ မုံရွာ၊ မကွေး၊ ပျဉ်းမနား၊ မြောင်းမြနှင့် ပုသိမ်မြို့နယ်များတွင် ဆက်လက်ဖွင့်လှစ်ပေးလျက်ရှိပြီး နည်းပြ ၂၅ ဦးဖြင့် သင်တန်းသားဦးရေ ၂၅၀ ကျော်ကို သင်ကြားပြသပေးလျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ -မင်းခေတ်**



# ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ စိတ်ဝင်စားသူကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၂၀**

ကျောက်ဖြူအထူးစီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ စိတ်ဝင်စားသူ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို မတ် ၁၄ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။ **(ဓာတ်ပုံ)**



ပြည်ထောင်စုဝန်ကြီးက ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ရင်းနှီးမြှုပ်နှံမှုအချိုး၊ စီမံကိန်း တစ်ခုလုံး၏ ကုန်ကျစရိတ်တွက်ချက်ခြင်းတို့အပေါ် တက်ရောက်လာသော ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကျောက်ဖြူဒေသ၏ တည်နေရာအနေအထား အားသာချက်၊ ရေရှည်အကျိုးအမြတ်ရရှိနိုင်မည့်အခြေအနေ၊ ဒေသနေပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင် ထိခိုက်နစ်နာမှုဆန်းစစ်ချက်အရ နိုင်ငံတော်အတွက် ရရှိမည့်အကျိုးစီးပွား၊ ဒေသနေပြည်သူလူထုအတွက်ရရှိမည့် ကျွမ်းကျင်မှုဆိုင်ရာ အတွေ့အကြုံများ၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေးတို့အတွက် ထည့်သွင်းစဉ်းစားပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားစေလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ နည်းဥပဒေများနှင့်အညီ ဝိုင်းဝန်းပေါင်းစပ်ဆွေးနွေးကြရန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များမှ ပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းနှင့် ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းတို့က ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များမှ မိမိတို့လုပ်ငန်းများအား ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒ (၁၂) ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒ(၁၂)ရပ်ကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး၊ အစည်းအဝေးခန်းမ(၁) တွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးတင်ထွန်း၊ ဦးတင်ထွဋ်၊ ဦးအေးမောင်စိန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ ဦးတင်ထွန်းနှင့် ဦးအေးမောင်စိန်တို့က နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူကိုဗဟိုပြု၍အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန် ရည်ရွယ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်ကူရရှိစေရန် ဦးတည်၍ သဘာဝသယံဇာတ အရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းလျက် မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်မည့် စီးပွားရေးမူဘောင် ချမှတ်နိုင်ရန် မျှော်မှန်းပါကြောင်းနှင့် နိုင်ငံတော်၏ရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ချက်ကို မူဝါဒ (၁) ချက်ချင်းအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက မိမိတို့ဌာနနှင့်သက်ဆိုင်သည့် အချက်များကို ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**





# အောင်မြင် (တောကျွဲအင်း)မြို့၌ လူ့အခွင့်အရေးအကြောင်း အသိပညာပေးဟောပြောဆွေးနွေး

**နေပြည်တော် မတ် ၂၀**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှအဖွဲ့ဝင် ဦးယုလွင်အောင်သည် ပြည်သူလူထုအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာပြန့်ပွားစေရန် မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် ကျောက်တံခါးမြို့နယ် အောင်မြင်မြို့(တောကျွဲအင်း) ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ဟောပြောပို့ချခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ထို့နောက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာချက်အနှစ်ချုပ်ကိုဖော်ပြထားသည့် ဗလာစာအုပ် ၁၀၀၀ အား လူမှုကူညီရေးပရဟိတအသင်း(တောကျွဲအင်း) ခေါင်းဆောင်မှတစ်ဆင့် ကျေးလက်စာသင်ကျောင်းများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၇၁ စီး၊ သွင်းကုန် ၇၉၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၂၉ စီး၊ သွင်းကုန် ၁၄၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၉ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၀၁ သန်းခန့်နှင့် မရမ်းချောင် အမြဲတမ်းစစ်ရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၅၂ သန်းခန့် စုစုပေါင်းကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၄၂၁ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။



စိတ်ကြွရူးသွပ်ဆေးပြား ရိုက်နှိပ်ရန် အသင့်ရောစပ်ထားသည့် နီညိုရောင်နှင့် လိမ္မော်ရောင်အမှုန့်ထုပ်များ

အလားတူ ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၇ ရက်တွင် တာလေမြို့မှ မိုင်းဆတ်မြို့သို့ သွားရောက်မည့် Vigo အမျိုးအစားယာဉ်အား လွယ်တော်ခန်းစစ်ဆေးရေးဂိတ် တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယာဉ်နောက်ခန်း ကြမ်းခင်းအောက် နှစ်ထပ် အံဝှက်အတွင်းတွင် ခဲစက္ကူဖြင့်ပတ်ထားပြီး အကြည်ရောင်ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ရိုက်နှိပ်ရန် အသင့်ရောစပ်ထားသည့် နီညိုရောင်နှင့် လိမ္မော်ရောင် အမှုန့် ၈၉ ထုပ်၊ အလေးချိန် ၄၀ ဒသမ ၈ ကီလိုခန့် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၂ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဇီးကုန်းမြို့တွင်း၌ ကတ္တရာလမ်းသစ်ခင်း

**ဇီးကုန်း မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဦးမောင်မောင်လွင် သည် မတ် ၁၇ ရက်က ဇီးကုန်းမြို့ အမှတ်(၃)ရပ်ကွက်၊ သိမ်ကြီးရိုးလမ်းတွင် ကတ္တရာလမ်းသစ်ခင်းကျင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်စည်ပင်သာယာ ဥက္ကဋ္ဌ ဦးကံညွန့်နှင့် စည်ပင်အမှုဆောင်အရာရှိ ဦးခိုင်ထွန်းတို့သည် ဇရိယာ အကျယ်ပေ ၂၀၀၀၊ ၁၂ ပေ၊ ၉ လက်မ ရှိ ကတ္တရာလမ်းခင်းကျင်းသော လုပ်ငန်းခွင်သို့ ရောက်ရှိလာရာ စည်ပင်သာယာ လက်ထောက်အင်ဂျင်နီယာ ဦးထက်အောင်ခန့်က လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းပြသည်။ အဆိုပါ ကတ္တရာလမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ငွေကျပ် ၃၆၄ ဒသမ ၇၂သိန်းသုံးစွဲခဲ့ပြီး ဘတ်ဂျက်ကာလအတွင်း ကတ္တရာလမ်း ကိုးလမ်း၊ ဂဝံလမ်းခုနစ်လမ်း၊ ခုံးတံတား ငါးစင်း ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။

**ကိုသက် (ဇီးကုန်း)**

# အလုံမြို့နယ်၌ ညသန်းခေါင် ပရိဘောဂစက်ရုံ မီးလောင်

**အလုံ မတ် ၂၀**

အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်းရှိ အမှတ် (၂) ပရိဘောဂစက်ရုံဝင်း အတွင်းရှိ အကျယ်အဝန်းပေ (၁၅၀×၅၀) အုတ်ညှပ်၊ သံဆန်ခါ ကာရန်ထားသည့် ဂိုဒေါင်တွင် မတ် ၂၀ ရက် နံနက် ၀၀ နာရီ ၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။



မီးလောင်ရာသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး ဦးဆောင်သော မီးငြိမ်းသတ်ရေးယာဉ် ၄၅ စီးနှင့်အတူ အထောက်အကူပြုယာဉ်များ၊ သူနာပြုယာဉ်များက လာရောက်ငြိမ်းသတ်စောင့်ရှောက်ပေးကြသည်။

လောင်အားကောင်းခဲ့သော မီးအရှိန်ကို နံနက်မိနစ် ၄၀ တွင် ထိန်းပေးနိုင်ခဲ့ပြီး ၄၅ မိနစ်တွင် မီးငြိမ်းသတ်ပေးနိုင်ခဲ့သည်ဟု မီးသတ်တပ်ဖွဲ့မှအရာရှိတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အနီးကပ် ရောက်ရှိနေသူများ၏ အဆိုအရ "မီးလောင်အား မပြန့်ပွားရအောင် အချိန်တိုအတွင်း ထိန်းနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အတွင်းလိုက်လောင်အားနဲ့ ပြန်လည်မီးတောက်လာတာကိုတော့ တစ်နာရီကျော်ကြာအောင် ငြိမ်းပေးနေတာတွေ့ရပါတယ်။" နောက်တစ်ဦးက " ဂိုဒေါင်ကြီးဘေးက ပုံထားတဲ့ သစ်တိုသစ်စပုံထဲက မီးခိုးတွေ လိုက်လိုက်ပြီးထွက်လာပါတယ်။ ရေအားနဲ့ရေလူအားနဲ့ပါ အတော့်ကို ငြိမ်းသတ်ယူရတယ်" ဟု ပြောသည်။

မီးလောင်ရာသို့ မြို့နယ်အသီးသီးမှ သန္ဓေမီးသတ်အင်အား၃၀၀ ကျော်၊ အရန်မီးသတ်အင်အား ၁၀၀ ကျော်ခန့် ရောက်ရှိလာကြောင်း သိရသည်။

မီးလောင်သည့် အကြောင်းရင်းအား အလုံမြို့နယ် မြို့မရဲတပ်ဖွဲ့သို့ ညနေ ၄ နာရီက ဖုန်းဖြင့် အဆက်အသွယ်ပြုခဲ့ရာ တာဝန်မှူးက လောင်ရသည့် အကြောင်းအရင်းနှင့် တာဝန်ရှိသူအား စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

**ကိုကြီးတင်**

# ရေဖြူမြို့နယ် ကျောက်ကညာကျေးရွာ၌ လက်နက်ခဲယမ်းများဖမ်းဆီးရမိ

**ထားဝယ် မတ် ၂၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့မရဲစခန်းမှ ပြစ်မှုကျူးလွန်သူ ညီပု (ခ) ထွေးမင်းလတ်၊ ညီငယ်(ခ) အောင်ထွေးတို့အား မတ် ၁၉ ရက် ည ၉ နာရီတွင် ခေတ္တ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအေးကျော်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး



ကောင်းနိုင်တို့၏ ကြီးကြပ်မှုဖြင့် နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ် မျိုးဇော်လင်းပါဝင်သော အမှုစစ်အဖွဲ့က အမှုကို အသေးစိတ်စစ်ဆေးခဲ့ရာ ၎င်းတို့ကိုင်ဆောင်ခဲ့သည့် လက်နက်များကို ညီငယ်၏နေအိမ်ခြံဝင်း အတွင်းဝှက်ထားကြောင်း သိရသည်။

ထိုနောက် ကျောက်ကညာကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ ရာအိမ်မှူး ဦးအုန်းလွင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မတ် ၂၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ကျောက်ကညာကျေးရွာရှိ ညီငယ်၏ နေအိမ်ခြံဝင်းအနောက်ဘက်နှင့် ရထားလမ်းအနီး ချုံတောအတွင်းမှ လက်နက်ခဲယမ်းများအား ဒုရဲအုပ် မျိုးဇော်လင်းက သိမ်းဆည်းသည်။

အဆိုပါ လက်နက်ခဲယမ်းများမှာ ပစ္စတိုတစ်လက်၊ ၉ မမကျည် ၁၅၇ တောင့်၊ ကျည်အိမ်နှစ်ခု၊ ၃၈ ဗို့ ခြောက်လုံးပြူးတစ်လက်၊ ၃၈ ဗို့ကျည်နှစ်တောင့်၊ ပွိုင့်-၂၂ တစ်လက်၊ ပွိုင့်-၂၂ ကျည်တောင့် ၈၀၀၊ ကျည်အိမ်နှစ်ခု၊ ၁၂ ဗို့ပြောင်းချောနှစ်လုံးပြူးတစ်လက်၊ ၁၂ ဗို့ကျည်တစ်တောင့်၊ ပွိုင့်-၂၂ သေနတ်ထည့်သည့် သားရေအိတ်ရှည်တစ်ခု ၊ ပစ္စတိုသေနတ်အိတ်တစ်ခု၊ သားရေအိတ်တစ်ခု၊ ၁၂ ဗို့ ပြောင်းချောသေနတ်နှင့် ခြောက်လုံးပြူးထည့်လျက် တွေ့ရှိရသည်။ ဘေးလွယ်အိတ်တစ်လုံး (ကျည်မျိုးစုံနှင့် ကျည်အိတ်များအား ထည့်လျက်) တွေ့ရှိရပြီး ဟွန်ဒါတံဆိပ်ပါ ကျားဝတ်ဂျာကင်တစ်ထည် ( ပွိုင့်-၂၂ သေနတ်နှင့် ပစ္စတိုအားထုပ်လျက်) တွေ့ကြောင်း သိရှိရကာ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှုနှင့် ပတ်သက်၍ အသေးစိတ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ ခရီးသည်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**ဒိုက်ဦး မတ် ၂၀**

ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး ဒိုက်ဦးမြို့နယ် အုတ်ရှစ်ကုန်း အမြန်လမ်းမကြီး ရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၆၇/၃)နှင့်(၆၇/၄) ကြားတွင် မတ် ၂၀ ရက် နံနက် ၇ နာရီခွဲက ခရီးသည်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

သတင်းအရ အုတ်ရှစ်ကုန်း အမြန်လမ်းရဲစခန်းမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘောနီ/မြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းမှ တာဝန်ရှိသူများ မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း အမည်နေရပ်လိပ်စာ (စုံစမ်းဆဲ) မောင်းနှင်လာသော မန်းရွှေမြို့တော် ခရီးသည်တင်ယာဉ်အမှတ်9E/----- ယာဉ်သည် ခရီးသည် ယာဉ်မောင်းပါ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၂၅ ဦးအား တင်ဆောင်၍ မောင်းနှင်လာစဉ် အင်ဂျင်ခန်းမှ ဝိုင်ယာရှော့ဖြစ်ကာ မီးစတင်လောင်ခဲ့ပြီး မီးလောင်မှုကြောင့် ခရီးသည်များ ယာဉ်ပေါ်မှ ခုန်ဆင်းတိမ်းရှောင်ခဲ့၍ ထိခိုက်ဒဏ်ရာ မရခဲ့သော်လည်း ယာဉ်မှာ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကာ ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အုတ်ရှစ်ကုန်း အမြန်လမ်းမကြီးရဲစခန်းက ယာဉ်မောင်း(စုံစမ်းဆဲ)အား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# ယာဉ်တစ်စီးသစ်သားတံတားပေါ် ဖြတ်သန်းမောင်းနှင်ရာ တံတားပြိုကျ

**မင်းလှ မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ဒီလိုင်းကျေးရွာအုပ်စု ဒီလိုင်း-တူးမြောင်းဆက်သွယ်ထားသော ကျေးလက်ဖွံ့ဖြိုး ရေးလမ်းပေါ်ရှိ ဆင်တွင်းရိုးတံတားပေါ်၌ မတ် ၁၈ ရက် ည ၁၁ နာရီခွဲက ယာဉ်တစ်စီးဖြတ်သန်းမောင်းနှင်စဉ် တံတားပြိုကျပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တူးမြောင်းကျေးရွာမှ ဒီလိုင်းကျေးရွာသို့ ယာဉ်မောင်း အောင်မြတ်သူ မောင်းနှင်လာသော ခြောက်ဘီးယာဉ်သည် ကျွန်းသစ် (အိမ်ဟောင်း) ၀ ဒသမ ၂၅ တန်ခန့်တင်ဆောင်ကာ အလျားပေ ၄၀၊ အမြင့် ၁၈ ပေ၊ အကျယ် ၁၄ ပေရှိ ဆင်တွင်းရိုးတံတားပေါ်ကို ဖြတ်သန်းမောင်းနှင်ရာ ယာဉ်၏အလေးချိန်အားမခံနိုင်ဘဲ ခါးလယ်မှ ကျိုးကျကာ ယာဉ်မှာနောက်ပြန်လိမ့်ကျ ရပ်တန့်သွားခဲ့သည်။ အမှုနှင့်ပတ်သက်၍ မင်းလှမြို့နယ် စစ်ကွင်းနယ်မြေရဲစခန်းက ယာဉ်ကို မဆင်မခြင်မောင်းနှင်သူအား အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**



# WY စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရှိသူအား စစ်ဆေးရာမှ တပ်အသုံးအဆောင်ပစ္စည်းများ၊ လေပစ္စတိုသေနတ်၊ တပ်မတော်သားအယောင်ဆောင်သူအား ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၂၀**

လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ မတ် ၁၅ ရက် ည ၁၁ နာရီခွဲခန့်က လှိုင်သာယာမြို့နယ်၊ (၁၆)ရပ်ကွက်၊ (၁၆)ကွေ့၊ ဗိုလ်အောင်ကျော်လမ်းသို့ သွားရောက်စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ သတင်းရရှိထားသူ ကမာရွတ်မြို့နယ်နေ ထက်သူမိုးမြင့်ရှိန်(ခ)ထက်သူ (၃၀နှစ်)အား အဆိုပါနေရာ၌ Bojia အမျိုးအစားဆိုင်ကယ်နှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်း၏ ယာဘက်ခါးကြားမှ Senter အမျိုးအစား လက်ကိုင်စကားပြောစက် တစ်လုံး၊ Acer တံဆိပ်ပါ အနက်ရောင်ကျောပိုးအိတ်အတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇ပြားနှင့် အစိမ်းရောင်နှစ်ပြား မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ၎င်း၏အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်တစ်ခု၊ အနက်ရောင်သားရေပိုက်ဆံအိတ်အတွင်းမှ ဗိုလ်မှူးယူနီဖောင်းဝတ်ဆင်လျက် ဗိုလ်မှူး ထက်သူအမည်နှင့် ဓာတ်ပုံပါ တပ်မတော်စိစစ်ရေးကတ်တစ်ခု၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကတ်ပြားတစ်ခု၊ တပ်မတော်အသုံးပြုသော အစိမ်းရောင်ပခုံးဒေါက်တစ်စုံ၊ တပ်မတော်ဗိုလ်မှူးရာထူး ရွှေရောင်အဆင့်တံဆိပ်တစ်စုံနှင့် ရွှေရောင်ကော်လံဂျက်တစ်စုံ၊ တပ်မတော်သုံးတံဆိပ်တုံးနှစ်ခု၊ ဗိုလ်မှူးထက်သူအမည်ဖြင့် မော်တော်ယာဉ်အသုံးပြုခွင့်ပေးထားသော ရုံးစာအတုနှစ်စောင်၊ Vivo အမျိုးအစားလက်ကိုင်ဖုန်းတစ်လုံး၊ သေနတ်အိတ်အတွင်းထည့်လျက် ခဲကျည်တောင့်ငါးတောင့်ပါ လေပစ္စတို သေနတ်တစ်လက်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ ထက်သူမိုးမြင့်ရှိန်(ခ)ထက်သူအားစစ်ဆေးရာ ၎င်းသည် လွန်ခဲ့သောနှစ်နှစ်ခန့်က ကမ်းနားလမ်း အကောက်ခွန်ရုံးအနီးရှိ စာချုပ်စာတမ်းမှတ်ပုံတင် ဘာသာပြန်ဆိုင်တစ်ဆိုင်တွင် ၎င်း၏ဓာတ်ပုံဖြင့် တပ်မတော်စိစစ်ရေးကတ်ပြုလုပ်ခဲ့ကြောင်း၊ လွန်ခဲ့သော တစ်နှစ်ခန့်က ပဲခူးမြို့ရှိ ရွှေမော်ဓောဘုရားပွဲဈေးမှ ခဲသီးထည့်၍ ပစ်ရသော လေပစ္စတိုသေနတ်တစ်လက်အား ဝယ်ယူခဲ့ကြောင်း မတ် ၁၄ ရက်တွင် ဗိုလ်မှူးအဆင့်တံဆိပ်၊ အစိမ်းရောင်ကော်လံဒေါက်နှင့် ကော်လံဂျက်တို့အား မင်္ဂလာဒုံဈေးမှဝယ်ယူခဲ့ကြောင်း၊ စကားပြောစက်အား လွန်ခဲ့သော လေးလခန့်က လှိုင်သာယာမြို့နယ် (၇)ရပ်ကွက်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်စားသောက်စဉ် တွေ့ရှိသူ အမျိုးသားတစ်ဦးထံမှဝယ်ယူခဲ့ကြောင်း၊ တံဆိပ်တုံးများအား ဆူးလေဘုရားအနီးရှိ တံဆိပ်တုံးပြုလုပ်သည့်ဆိုင်တစ်ဆိုင်မှ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ယင်းပြင် ထက်သူမိုးမြင့်ရှိန်(ခ)ထက်သူသည် ဗိုလ်မှူးယူနီဖောင်းဝတ်ဆင်၍ လှိုင်သာယာမြို့နယ် (၁၉)ရပ်ကွက်အတွင်းသွားရောက်ကာ ၎င်း၏ မိတ်ဆွေများ ရရန်ရှိသော ငွေကြေးများနှင့်ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် လိမ်လည်ဖြေရှင်းပေးခဲ့ဖူးကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်အရ ၎င်းအား လှိုင်သာယာမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၅/၁၉(က)/၂၀ (က)/ ၂၂၊ ဆက်သွယ်ရေးဥပဒေပုဒ်မ -၆၇၊ လက်နက်အက်ဥပဒေပုဒ်မ-၁၉(စ) နှင့် ရာဇသတ်ကြီးဥပဒေပုဒ်မ-၁၄၀/၄၆၈ တို့ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



အလုံမြို့နယ် မြို့နယ်ခန်းမတွင် မတ် ၁၇ ရက်က ပထမပြန်စာမေးပွဲ၌ အောင်မြင်တော်မူကြသော သံဃာတော်များအား အောင်လက်မှတ်ဆက်ကပ်ခြင်း၊ စုဋ္ဌတွဲနှင်းသဘင်ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် ညှိပရိသတ်များက မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# မြို့ဦးစေတီတော်အနီး တုံးလုံချောင်းမြစ်ကမ်းနံဘေးတွင် သယ်ယူထားရှိသော သက်တမ်းရင့်ကျွန်းတုံးကြီးအား ကြည့်ရှုလေ့လာသူများလာ

**မော်လမြိုင်ကျွန်း မတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ သောင်တိုးမြေ၌ တည်ထားလျက်ရှိသော သမ္မာသမ္ဗုဒ္ဓ မြို့ဦးစေတီတော်အနီး တောင်ဘက် တုံးလုံချောင်းမြစ်ကမ်းနံဘေးတွင် လေလံအောင်ကျွန်းသစ်တုံးကြီးတစ်တုံးကို သယ်ယူထားရှိခဲ့ရာ မော်လမြိုင်ကျွန်းမြို့နယ်နေ ပြည်သူများက စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာလျက်ရှိသည်။

ယင်းသက်တမ်းရင့် ကျွန်းသစ်တုံးကြီးသည် မော်လမြိုင်ကျွန်းမြို့နယ် ရာဇူတိုင်မြစ်အတွင်း မျောလာရာ လင်းဆွဲ မဲဇလီကျေးရွာအနီး၌ တွေ့ရှိရသဖြင့် မြို့နယ်တာဝန်ရှိသူများက မော်လမြိုင်ကျွန်းမြို့နယ်သို့ သယ်ယူလာခဲ့ကြသည်။

ထို့နောက် လေလံအောင်နှစ်ပေါင်း ၁၀၀ ကျော်ခန့်ရှိမည်ဟု ထင်ရသော ကျွန်းသစ်တုံးကြီးကို မတ် ၁၆ ရက် ညနေ ၄ နာရီခွဲက မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ညွန့်၊ မြို့ဦးစေတီတော် တည်ဆောက်ရေးကော်မတီဝင် ဦးစန်းလှနှင့် ဦးဌေးဝင်းတို့အဖွဲ့က သွားရောက်ကြည့်ရှုခဲ့ကြသည်။



သမ္မာသမ္ဗုဒ္ဓ မြို့ဦးစေတီတော် တည်ဆောက်လျက်ရှိသည့် အချိန်ကာလနှင့် တိုက်ဆိုက်၍ လေလံအောင် သက်တမ်းရင့် ကျွန်းသစ်တုံးကြီး တစ်တုံး ရာဇူတိုင်မြစ်အတွင်း မျောလာကာ မြို့ဦးစေတီတော်အနီး တုံးလုံချောင်း မြစ်ကမ်းနံဘေးသို့ ရောက်ရှိနေခြင်းသည် မြို့နယ်အတွက် ထူးခြားပြီး မင်္ဂလာရှိကြောင်း၊ ကျွန်းသစ်တုံးကြီးအား မြို့ဦးစေတီတော် တည်ထားပူဇော်ရေးတွင် သင့်လျော်သည့်လုပ်ငန်းတွင် ထည့်သွင်းအသုံးပြုရန် အစီအစဉ်ရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုစီမံကိန်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ADSP စီမံကိန်း ကနဦးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၈ ရက်က ယင်းမာပင်မြို့နယ်၌ ကျင်းပသည်။

လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ADSP စီမံကိန်းကို ကိုရီးယားသမ္မတနိုင်ငံ၏ ထောက်ပံ့ကူညီမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မြောက်ယမားဆည်ရေသောက်ဧရိယာဖြစ်သည့် ယင်းမာပင်မြို့နယ်နှင့် ပုလဲမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ဆွာဆည်ရေသောက်ဧရိယာ၊ မန္တလေးတိုင်းဒေသကြီး မာလဲနတ်တောင် ဆည်ရေသောက်ဧရိယာ၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဆင်သေဆည်ရေသောက် ဧရိယာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအနေဖြင့် ဝင်ငွေနှင့် အကျိုးအမြတ် သိသိသာသာ ခံစားရရှိကြစေရန် ဈေးကွက်ဝင်သီးနှံများရွေးချယ်စိုက်ပျိုးရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သော သီးနှံများ၏ အရည်အသွေးပြည့်မီရေးနှင့် အာဟာရပြည့်ဝစေရေးအပါအဝင် စားသုံးသူဘေးအန္တရာယ်ကင်းရှင်းရေးစံနှုန်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ခြင်းသည် မိမိတို့စိုက်ပျိုးထုတ်လုပ်လိုက်သော သီးနှံများ၏ ဈေးကွက်ဝင် ဈေးကောင်းရရှိမှုကို တိုက်ရိုက်အကျိုးပြုနေသည်ကို ဂရုပြုကြရန်လိုအပ်ကြောင်း၊ ယခု အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ADSP စီမံကိန်းသည် ယင်းမာပင်မြို့နယ်နှင့် ပုလဲမြို့နယ်အတွင်း ရေတော်မိုးတော်ဖြစ်သည့် မြောက်ယမား ဆည်ရေသောက်ဧရိယာများ၏ စိုက်ပျိုးနိုင်မှုစွမ်းအားနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဦးက ပြောသည်။ တောင်သူများ လက်တွေ့ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ADSP တို့မှ သီးနှံတစ်ခုချင်းအလိုက် စံပြကွက်များ၊ စမ်းသပ်ကွက်များ၊ ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးပြီး ဘေးအန္တရာယ်ကင်းသည့် သီးနှံများစိုက်ပျိုးထုတ်လုပ်မှုကို လက်တွေ့ပြသပေးမည်ဖြစ်ကဲ့သို့ နေပြည်တော်ရုံးချုပ်မှ မြေ၊ မျိုးစေ့နှင့်ပိုးမွှားဆိုင်ရာ ကျွမ်းကျင်ပညာရှင် များကလည်း သက်ဆိုင်ရာကဏ္ဍများအလိုက် တောင်သူများအား စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ဗဟုသုတများ ပညာပေးဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-သိမ့်သိမ့်မိုး၊ ဓာတ်ပုံ-သိန်း**



# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီနှင့် ရာသီဥတုပူပြင်းသော အချိန်ကာလများတွင် အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဆားဓာတ်များ ဆုံးရှုံးမှုများပြားကာ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ နုံးချည့်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်၍ ကိုယ်အပူချိန်တက်ခြင်း၊ အတက်ရောဂါဖြစ်ပွားခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့်မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲနှင့်အပူချိန်ပြင်းထန်သော နေ့ခင်းအချိန်များတွင် ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) နေ့ခင်းအချိန်၊ အမိုးအကာမရှိသောနေရာများတွင် ကာလရှည်ကြာစွာ လုပ်ငန်းဆောင်ရွက်ရသူများနှင့် အပူနှင့်ထိတွေ့ရသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသော လုပ်သားများအနေဖြင့် အပူချိန်ပြင်းထန်သောအချိန်တွင် အရိပ်ရအေးမြသော နေရာများ၌ အနားယူသင့်ပါသည်။

(၅) ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကလေးဂေဟာများနှင့် နေ့ကလေးထိန်းကျောင်းများအနေဖြင့် အဆောက်အအုံများအား လေဝင်လေထွက်ကောင်းအောင် စီစဉ်ဆောင်ရွက်ပါ။ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကာကွယ်ကုသနိုင်ရန် အစီအမံများချမှတ်ပါ။

(၆) အပူချိန်ပြင်းထန်သော နေ့ခင်းအချိန်ကာလတွင် ခရီးသွားခြင်းမှ တတ်နိုင်သမျှရှောင်ကြဉ်ပါ။

(၇) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းတို့ကြောင့် အထူးရှောင်ကြဉ်ပါ။

(၈) နေ့ခင်းဘက်အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၉) အဖြူရောင် သို့မဟုတ် အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၁၀) ခန္ဓာကိုယ်အတွင်း ရေနှင့်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်သောက်သုံးပါ။

(၁၁) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၂) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။ ကိုယ်အပူချိန်အမြန်ကျဆင်းလာစေရန် လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက် စုစုပေါင်း ငါးနေရာတွင် ရေအေးဖတ်ကိုကပ်ပါ။ ရေများများသောက်ခိုင်းပါ။

(၁၃) အပူဒဏ်ကြောင့် နုံးချည့်ခြင်း၊ ကြွက်တက်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ အတက်ရောဂါဖြစ်ပွားခြင်းနှင့် သတိလစ်ခြင်းများဖြစ်ပေါ်ပါက အသက်အန္တရာယ်ရှိနိုင်၍ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသကုသပါ။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### စွန့်ပစ်အမှိုက်များကြောင့် ပြည်သူ့ကျန်းမာရေး မထိခိုက်စေလို

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်၊ အကွက် ၈၆၊ ၈၉ လမ်း ၁၅ လမ်းနှင့် ၁၆ လမ်းအကြား မြေကွက်လွတ်ရှိ အမှိုက်ပုံ၏အနံ့အသက်များကြောင့် ရပ်ကွက်နေပြည်သူများ ၏ ကျန်းမာရေးစိုးရိမ်နေရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **မန်းမြို့သား**

### ကတ္တရာညော်နံ့များ၊ ကျောက်မှုန့်များကြောင့် ကျန်းမာရေးထိခိုက်

မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာထိပ် ကျိုက္ခမီလမ်းမကြီးဘေး လူနေထိုင်ရာ ပတ်ဝန်းကျင်အနီးတွင် လမ်းဦးစီးဌာနမှ ကတ္တရာစေးများပြုလုပ်ခြင်း၊ ကျောက်မှုန့်ခွဲခြင်းများပြုလုပ်လျက်ရှိရာ ယင်းမှထွက်ရှိသော ကတ္တရာညော်နံ့များ ကျောက်များသည် အဆိုပါဌာနအနီးနေထိုင်သူများဆီသို့ ပျံ့နှံ့လျက်ရှိနေပြီး အနီးအနားရှိ ကလေးသူငယ်များ ၊ သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးထိခိုက်လျက်ရှိနေသည်။

ပတ်ဝန်းကျင်နေပြည်သူများအနေဖြင့် လနှင့်ချီကာ အိမ်တံခါးများကို ပိတ်ထားရခြင်း၊ မိမိအိမ်မှာပင် မနေနိုင်လောက်အောင် အညော်မိခြင်းတို့ ကြုံတွေ့နေသဖြင့် ပတ်ဝန်းကျင်နေ ပြည်သူများ၏ ကျန်းမာရေးကို ငဲ့ညှာကာ တာဝန်ရှိသူများအနေဖြင့် လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။
**ပတ်ဝန်းကျင်နေပြည်သူတစ်ဦး**

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်ဆောင်းပါး

# သစ်တောများနှင့်စွမ်းအင်ကဏ္ဍများမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များဆီသို့

မယု(စက်မှု)

**ကမ္ဘာပေါ်တွင် သစ်တောဖုံးလွှမ်းမှု ဧရိယာမှာ ကမ္ဘာ့ကုန်းမြေ၏ ၃၁ ရာခိုင်နှုန်းခန့်တည်ရှိပြီး လူသန်းပေါင်း ၁၆၀၀ ခန့်သည် အဆိုပါ သစ်တောများတွင် ရှင်သန်နေထိုင်လျက်ရှိပါသည်။ ထို့အပြင် သစ်တော၊ သစ်ပင်များသည် လူသားများအပါအဝင် တောရိုင်းတိရစ္ဆာန်များ၊ ဇီဝမျိုးစုံမျိုးကွဲ အားလုံးတို့ ရေရှည်ရပ်တည်နိုင်ရေးအတွက် စားဝတ်နေရေး၊ ဆေးဝါးများ၊ လောင်စာများ၊ စွမ်းအင်များ၊ သောက်သုံးရေ စသည့် အခြေခံလိုအပ်ချက် အဖုံဖုံကို ဖြည့်စွမ်းပေးနိုင်သလို ရေဝေရေလဲကို ကာကွယ်ပေးခြင်း၊ ရာသီဥတုကို ညီညွတ်မျှတစေခြင်း၊ မြေဆီလွှာကို တည်ငြိမ်စေခြင်း၊ ပင်လယ်ကမ်းခြေများကို ကာကွယ်မှုပေးခြင်း၊ ကာဗွန်သိုလှောင်ခြင်းများအတွက် အထောက်အပံ့ပေးသည့် စွမ်းအားရှင်ကြီးများပင် ဖြစ်သည်။**



**ယခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့၏ဆောင်ပုဒ်**

သစ်တော၊ သစ်ပင်များသည် ကမ္ဘာသူ၊ ကမ္ဘာသားများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စဉ်ဆက်မပြတ် ပတ်ဝန်းကျင်ဖြစ်တည်မှုနှင့် စားနပ်ရိက္ခာ လုံခြုံစိတ်ချမှုတို့အပေါ် များစွာ အထောက်အပံ့ပေးနေပြီး အဆိုပါ သစ်တောများ တဖြည်းဖြည်း လျော့ပါးလာမှုအပေါ် ရှေးရှု၍ ၂၀၁၂ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှ တစ်ဆင့် နှစ်စဉ် မတ်လ ၂၁ ရက်နေ့ကို **အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့**အဖြစ် သတ်မှတ်ခဲ့သည်။ ယခုနှစ် ၂၀၁၇ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အတွက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ "Forests & Energy" ဟူသည့် ဆောင်ပုဒ်ကို ချမှတ်ပေးခဲ့သည်။ ဆိုလိုသည်မှာ သစ်တော၊ သစ်ပင်များသည် ကမ္ဘာ့လူသားများ၏ အသက်ရှင်ရပ်တည်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများအတွက် စွမ်းအင်ဆိုင်ရာ ပင်မအရင်းအမြစ်ကြီးတစ်ခုဖြစ်ကြောင်း၊ သဘာဝက ဖန်တီးပေးထားသည့် Power House ကြီးတစ်ခုသဖွယ်ဖြစ်ကြောင်း တင်စားကာ ယခုနှစ် ဆောင်ပုဒ်မှ မီးမောင်းထိုး ပြထားခြင်းပင်ဖြစ်သည်။

**သစ်တောများနှင့် စွမ်းအင်ကဏ္ဍ**

သစ်တော၊ သစ်ပင်များမှရရှိသည့် စွမ်းအင်များသည် နေရောင်ခြည်စွမ်းအင် (Solar Energy)၊ ရေအားလျှပ်စစ် (Hydroelectric)၊ လေစွမ်းအင်(Wind power) စသည့် ပြန်ပြည့်မြဲ စွမ်းအင် (Renewable energy)များထက် ၄၀ ရာခိုင်နှုန်းခန့် ပိုမို၍ ကမ္ဘာကြီးအား ထောက်ပံ့ပေးနိုင်ပါသည်။ သစ်တောသစ်ပင်များသည် ကမ္ဘာတစ်ဝန်းရှိ အဓိကစွမ်းအင်သုံးစွဲမှု၏ ၁၀ ဆခန့်ကို ထိန်းသိမ်းပေးသည်။ ကမ္ဘာပေါ်တွင် ကမ္ဘာ့သစ်ထုတ်လုပ်မှု၏ ၅၀ ရာခိုင်နှုန်း(၁ ဒသမ ၈၆ ဘီလီယံ ကုဗမီတာ နီးပါးခန့်)ကို ချက်ပြုတ်ခြင်း၊ အပူပေးခြင်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းတို့တွင် စွမ်းအင်များအဖြစ် အသုံးပြုလျက်ရှိပါသည်။ လူဦးရေ ၂ ဒသမ ၄ ဘီလီယံသည် ထင်း၊ မီးသွေးလောင်စာစွမ်းအင်တို့ကို အစားအစာများ ချက်ပြုတ်ခြင်း၊ ရေနွေးကျိုခြင်းနှင့် နေအိမ်တို့တွင် အနွေးဓာတ်ရရှိရန်အတွက် အသုံးပြုကြသည်။ ကမ္ဘာတစ်ဝန်း ထင်းလောင်စာသုံးစွဲနေသည့် လူဦးရေမှာ သန်း ၂၆၀၀ ခန့် ရှိနေပါသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူဦးရေ ၈၈၃ သန်းခန့်သည် သစ်တောစွမ်းအင်ကဏ္ဍတို့တွင် အချိန်ပြည့်သော်လည်းကောင်း၊ အချိန်ပိုင်းသော်လည်းကောင်း မှီခို၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ခေတ်မီသည့် သစ်တောစွမ်းအင်ကဏ္ဍသည် ကျေးလက်နေ ပြည်သူတို့၏ စီးပွားရေးအတွက် အထောက်အကူပြုနိုင်သကဲ့သို့ အလုပ်အကိုင်များ ပိုမိုရရှိစေနိုင်ရုံသာမက လုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။ သစ်တော၊ စွမ်းအင်ထုတ်လုပ်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်ခြင်းနှင့် အဆင့်မြင့် ထင်းလောင်စာများ အသုံးပြုခြင်းသည် တိုင်းပြည်ဘဏ္ဍာအတွက် အကျိုးအမြတ်များရရှိစေမည်ဖြစ်သဖြင့် သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သစ်ပင်သစ်တောများ ပိုမိုတိုးချဲ့စိုက်ပျိုးခြင်းတို့တွင် တက်တက်ကြွကြွ ဆောင်ရွက်နိုင်ရန် လှုံ့ဆော်မှုများပေးနိုင်ရန် လိုအပ်သည်။

**ထင်းအစားထိုးလောင်စာများအသုံးပြုခြင်း**

မိမိတို့နိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသည့် ကျေးလက်နေပြည်သူများအတွက် ထင်းသည် မရှိမဖြစ် လောင်စာတစ်ခုဖြစ်ပြီး နှစ်စဉ် ထင်းလိုအပ်ချက် ပမာဏမှာ ကုဗတန် ၁၆ ဒသမ ၅၃ သန်းရှိသည်။ ကျေးလက်ဒေသရှိ အိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင် ထင်း ၂ ဒသမ ၅ ကုဗတန် အသုံးပြုကြောင်းနှင့် မြို့ပြရှိ အိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင် ထင်း ၁ ဒသမ ၄ ကုဗတန် အသုံးပြုလျက်ရှိကြောင်း လေ့လာသိရှိရသည်။ သစ်တောရေးရာဦးစီးဌာနအနေဖြင့် သဘာဝ သစ်တောများကို ပျက်စီးပြုန်းတီးမှုမရှိစေဘဲ ထင်းလိုအပ်ချက် ပြည့်မီစေရန်အတွက် စုစုပေါင်း လိုအပ်ချက်၏ ၂၅ ရာခိုင် နှုန်းကို မိမိတို့ကိုယ်ပိုင်အိမ်ဝင်း၊ ခြံဝင်း၊ ဥယျာဉ်ခြံမြေ၊ လယ်ယာပတ်လည်တွင် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် လည်းကောင်း၊ ၂၅ ရာခိုင်နှုန်းကို အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများမှလည်း ကောင်း၊ ၄၈ ဒသမ ၈ ရာခိုင်နှုန်းကို သဘာဝသစ်တောများမှလည်းကောင်း ရရှိနိုင်စေရန် **အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းရည်မှန်းချက်များ** ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စွမ်းအားမြှင့် မီးဖိုများ ဖြန့်ဖြူးပေးခြင်း၊ ထင်းအစားအခြားလောင်စာတောင့်များ ဖြန့်ဖြူးပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှကျေးလက် မီးလင်းရေးနှင့် အိမ်သုံး စွမ်းအင် ရရှိနိုင်စေရန် ရုပ်ကြွင်းလောင်စာနေရာတွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော ထုတ်ယူသုံးစွဲ၍ မကုန်သည့် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အစားထိုးသုံးစွဲနိုင်ရန်အတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ထင်းလောင်စာသုံးစွဲမှု သက်သာစေသည့် နေရောင်ခြည်သုံးမီးဖိုများ၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများဖြင့် ထင်းအစားထိုး လောင်စာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရန် လှုံ့ဆော်ပေးသွားရမည်ဖြစ်သည်။

**သစ်တောရေးရာဦးစီးဌာနအနေဖြင့် သဘာဝသစ်တောများကို ပျက်စီးပြုန်းတီးမှုမရှိစေဘဲ ထင်းလိုအပ်ချက် ပြည့်မီစေရန်အတွက် စုစုပေါင်းလိုအပ်ချက်၏ ၂၅ ရာခိုင်နှုန်းကို မိမိတို့ ကိုယ်ပိုင်အိမ်ဝင်း၊ ခြံဝင်း၊ ဥယျာဉ်ခြံမြေ၊ လယ်ယာပတ်လည်တွင် သစ်ပင်များစိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ၂၅ ရာခိုင်နှုန်းကို အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများမှလည်းကောင်း၊ ၄၈ ဒသမ ၈ ရာခိုင်နှုန်းကို သဘာဝသစ်တောများမှလည်းကောင်း ရရှိနိုင်စေရန် အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းရည်မှန်းချက်များချမှတ်ဆောင်ရွက်လျက်ရှိ**

**ရာသီဥတုညီညွတ်မျှတရေးအတွက် သစ်ပင်သစ်တောများ ပြုစုပျိုးထောင်ထိန်းသိမ်းရေး**

ကမ္ဘာပေါ်တွင် တိုးပွားလာသည့် လူဦးရေနှင့်အတူ မြို့ပြများ ဖြစ်ထွန်းလာခြင်း၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်အတွက် စိုက်ပျိုးမြေများ ချဲ့ထွင်စိုက်ပျိုးလာခြင်း၊ လောင်စာအတွက် ထင်း၊ မီးသွေးအသုံးပြုမှုများ၊ သစ်ကို မတော်လောဘသမားများ၏ ကိုယ်ကျိုးရှာ စီးပွားရေးအတွက် တရားမဝင် ခုတ်ထွင် ရှင်းလင်းရောင်းချခြင်း၊ တောမီးများ လောင်ကျွမ်းခြင်း၊ သစ်တောမြေများအပေါ် ကျူးကျော်နေထိုင်ခြင်းတို့ကြောင့် ကမ္ဘာ့သစ်တောကြီးများ ပြုန်းတီးလာပြီး ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုများ၏ အကျိုးဆက်များနှင့်အတူ အပူအအေးလွန်ကဲခြင်း၊ မိုးခေါင်မှု၊ ရေကြီးခြင်း၊ မုန်တိုင်းများ ကျရောက်မှု၊ လေဆင်နှာမောင်းများ ဖြစ်ပေါ်မှု၊ စားနပ်ရိက္ခာ မလုံလောက်မှု၊ ရေရှားပါးမှုနှင့်အတူ ကျန်းမာရေး ဆိုးကျိုးများစသည့် ဘေးဒုက္ခအပေါင်းကို သက်ရှိသက်မဲ့ ဝန်းကျင်တစ်ရပ်လုံး တစ်နှစ်ထက်တစ်နှစ် ပိုမိုဖိစီး ခံစားနေရသည်မှာ အားလုံး မျက်မြင်ပင်ဖြစ်သည်။

သို့ဖြစ်၍ မိမိတို့နိုင်ငံအနေဖြင့် ရာသီဥတုညီညွတ် မျှတစေရေးအတွက် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ချက်များ၊ စီမံချက်ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိသည့် ရေဝေရေလဲစိုက်ခင်းများ၊ ကွက်လပ်ဖြည့် စိုက်ပျိုးခြင်းများဖြင့် ဆောင်ရွက်နေသော နေပြည်တော် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ နှစ်စဉ်တစ်နိုင်ငံလုံး ကျင်းပ ပြုလုပ်လျက်ရှိသော လူထုလှုပ်ရှားမှုအသွင်ဆောင်စေသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များ၊ နိုင်ငံတော်၏ အစိမ်းရောင်မြို့တော် (Green City) စီမံကိန်းများ၊ အပူပိုင်းဒေသနေ ပြည်သူများအတွက် ရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေစွာ စိုက်ပျိုးရေး၊ မွေးမြူရေးစနစ်များ ဆောင်ရွက်နိုင်ရန်၊ ရေကောင်းရေသန့်ရရှိရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင် သတိပေးစနစ်တို့ပါဝင်သည့် ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရေးစီမံကိန်း(၂၀၁၄-၂၀၁၈) နှစ်မှသည် သစ်တောကဏ္ဍ ရေရှည်ရပ်တည်နိုင်ရေးအတွက် များစွာ အထောက်အကူပြုစေမည် ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များ မျှတရေးတို့အတွက် ဦးတည်၍ ကာကွယ်ခြင်း၊ ထာဝစဉ်တည်တံ့စေခြင်း၊ အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း၊ ပြည်သူတို့က ပူးပေါင်းပါဝင် ဆောင်ရွက်လာစေခြင်း၊ ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်းဟူသော မူဝါဒ(၆)ရပ် ချမှတ်ကာ စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပြီး သစ်တောဥပဒေကို အခြေခံမူ(၈)ချက် အပေါ်မူတည်ပြီး ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် နိုင်ငံတော်မှ ပြဋ္ဌာန်းပေးခဲ့သည်။

**လက်ရှိနှင့် အနာဂတ်၏ အစိမ်းရောင် စီးပွားရေးဆီသို့**

နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းနှင့် သစ်တောများ စဉ်ဆက်မပြတ်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခြင်းတို့သည် သစ်တောဧရိယာများ တိုးမြင့်လာရန်အတွက် အဓိကသော့ချက်ဖြစ်ရုံသာမက ပြန်ပြည့်မြဲ စွမ်းအင်အတွက် အကြီးမားဆုံးသော အရင်းအမြစ်များဖြစ်သည်။ တစ်နည်းအားဖြင့် အနာဂတ်အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များနှင့် အစိမ်းရောင် စီးပွားရေးကြီးထွားလာမှုအတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ စဉ်ဆက်မပြတ် လူ့ဘောင်အသိုင်းအဝိုင်းအတွက် သစ်တောကွက် ဧရိယာများတိုးချဲ့ စိုက်ပျိုးလာခြင်း၊ ရိုးရှင်းလွယ်ကူ၍ အကျိုးဖြစ်စေသော ထင်းမီးဖိုများအသုံးပြုလာနိုင်စေခြင်းတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ သန်းနှင့်ချီသော ပြည်သူတို့အား ယုံကြည်အားထားရသည့် ပြန်ပြည့်မြဲစွမ်းအင်များ ဈေးနှုန်းသက်သာစွာ အသုံးပြုမှုရရှိစေနိုင်ခြင်းပင် ဖြစ်သည်။

**သစ်တောများနှင့် စွမ်းအင်ကဏ္ဍများမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များဆီသို့**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်(၇)၊ ရည်မှန်းချက် (၁)တွင် ၂၀၃၀ ပြည့်နှစ်တွင် လူတိုင်းတတ်နိုင်သော၊ စိတ်ချရသော၊ ရေရှည်တည်တံ့ခိုင်မြဲသော ခေတ်မီ စွမ်းအင်ဝန်ဆောင်မှုများကို လူတိုင်းရရှိရေး၊ ပန်းတိုင်(၁၅)၊ ရည်မှန်းချက်(၂)တွင် ၂၀၂၀ ပြည့်နှစ်တွင် သစ်တောမျိုးစုံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ရန်၊ သစ်တောပြုန်းတီးမှုကို ရပ်တံ့စေရန်ဟူသည့် ရည်မှန်းချက်များကို သစ်တောကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများမှတစ်ဆင့် အရောက်ချီတက်သွားရမည် ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် “သစ်တောများသည် အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်ဖွံ့ဖြိုးမှုအတွက်ဖြစ်သည်”ဟူသော ခံယူချက်များနှင့်အညီ “ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ”၊ “စိုက်ပြီးသစ်ပင် ထိန်းသိမ်းလျှင်၊ လောင်စာလည်းရ၊ ပြည်လည်းလှ”၊ “တိုက်တာ အဆင့်ဆင့်မိုးထိမြင့်လည်း၊ ပန်းနှင့်သစ်ပင် မတွေ့မြင်က၊ ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏” ဟူသည့် သစ်တောဆောင်ပုဒ်များအတိုင်း အနာဂတ်ကမ္ဘာကြီး ရေရှည်တည်တံ့စေရေးအတွက် ကမ္ဘာသူကမ္ဘာသားများအားလုံးမှ သစ်တောနှင့် စွမ်းအင်ကဏ္ဍတို့တွင် ခေတ်မီဆန်းသစ်သည့် အတွေးအခေါ်ကောင်းများဖြင့် ဝိုင်းဝန်းပံ့ပိုးပေးသွားရန် လိုအပ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ကျိုက်ထိုမြို့နယ်ကျိုက္ကသာကျေးရွာ၌ ရှေးဟောင်းရွှေထည်များတူးဖော်တွေ့ရှိ



**ကျိုက်ထို မတ် ၂၀**
ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဖြစ်သည့် ကျေးရွာပတ်လမ်းအား မြေသားခင်းရန် ကျေးရွာနေ ဦးထွန်းရီ (ခ) ဆယ့်တစ်ပါး (၆၂ နှစ်) ၏ ခြံမှ မြေသားများကို မတ် ၁၇ ရက်က ဘက်ဟိုးယာဉ်ဖြင့် မြေသားများတူးယူစဉ် အချင်းခြောက်လက်မ၊ လုံးပတ်လက်မ ၂၀ ခန့်ရှိ မြေအိုးတစ်လုံးကွဲကာ မြေအိုးအတွင်းမှ ဝိုင်း၍ ခုံးနေသော ရွှေပြား ၃၉၀ ကိုတွေ့ရှိခဲ့သည်။

အဆိုပါရွှေပြားများမှာ တစ်ပြားလျှင် အလေးချိန်တစ်မတ်သားခန့်ရှိပြီး အနားများတွင် အပေါက်ငယ်လေးပေါက်ပါရှိကာ အလေးချိန်စုစုပေါင်းမှာတစ်ပိဿာ ၁၀ ကျပ်သားရှိ၍ ခြံပိုင်ရှင်မှ ထိန်းသိမ်းထားကာ ရှေးဟောင်းပစ္စည်းဟုယူဆရ၍ သက်ဆိုင်ရာမှတစ်ဆင့် ရှေးဟောင်းသုတေသနဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားထားကြောင်း သိရသည်။
**ဝင်းမောင်(ကျိုက်ထို)**



# လှိုင်ကော်မြို့အသုံးလုံးကျောက်တိုင် ပန်းခြံပြုပြင်

**လှိုင်ကော် မတ် ၂၀**
ကယားပြည်နယ် လှိုင်ကော်မြို့ မင်းစုရပ်ကွက်အတွင်း မြို့လယ်နာရီစင်အနီး၌ တည်ရှိသော လှိုင်ကော်မြို့၏ အထင်ကရ အသုံးလုံးကျောက်တိုင် ပန်းခြံအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အသုံးလုံးကျောက်တိုင် ပန်းခြံအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပန်းခြံပတ်လည် အရှည် ၅၁၅ ပေရှိ အုတ်တံတိုင်းကာရံခြင်းနှင့် သံပန်းအလှတပ်ဆင်ခြင်း၊ အသုံးလုံးကျောက်တိုင်ကို မွမ်းမံထိန်းသိမ်းမှုပြုလုပ်ခြင်း၊ ပန်းအလှမျိုးစုံ စိုက်ပျိုးခြင်းစသည့် လုပ်ငန်းများပါဝင်ပြီး ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် ၁၄၇ သိန်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အသုံးလုံးကျောက်တိုင်ကြီးအား ၁၉၈၇ ခုနှစ်တွင် စိုက်ထူခဲ့ခြင်းဖြစ်ပြီး မြို့နယ်၏ စာတတ်မြောက်ရေး လှုပ်ရှားမှုကာလ ၁၉၇၈ ခုနှစ် မေ ၂၅ ရက်မှ ၁၉၈၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်အထိ စာမတတ်သူ ၆၁၇၉ ဦးအနက် ၉၈ ဒသမ ၅၉ ရာခိုင်နှုန်းကို လည်းကောင်း၊ ဘော်လခဲမြို့နယ်၌ ၁၉၈၂ ခုနှစ် မေ ၅ ရက်မှ ၁၉၈၉ ခုနှစ် မေ ၅ ရက်အထိ စာမတတ်သူ ၇၆၃ ဦးအနက် ၉၃ ဒသမ ၉၇ ရာခိုင်နှုန်းကိုလည်းကောင်း၊ ဒီမော့ဆိုမြို့နယ်၌ ၁၉၇၉ ခုနှစ် ဧပြီလ ၁ ရက်မှ ၁၉၈၉ ခုနှစ် ဧပြီ ၂၃ ရက်အထိ စာမတတ်သူ ၆၆၃၈ ဦးအနက် ၉၉ ဒသမ ၆၀ ရာခိုင်နှုန်းကို လည်းကောင်း၊ ဖရူဆိုမြို့နယ်တွင် ၁၉၈၀ ပြည့်နှစ် မေ ၃ ရက်မှ ၁၉၈၇ ခုနှစ် မေ ၂၅ ရက်အထိ စာမတတ်သူ ၃၅၈၂ ဦး အနက် ၉၃ ဒသမ ၃၆ ရာခိုင်နှုန်းကို လည်းကောင်း တတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့ကြောင်း ကျောက်တိုင်၌ ကမ္ပည်းမော်ကွန်းရေးထိုး မှတ်တမ်းတင်ထားချက်အရ သိရသည်။



ယင်းပန်းခြံသည် လှိုင်ကော်မြို့၏ အလယ်ဗဟိုတွင် တည်ရှိပြီးနှစ်ကာလများစွာ ချုံနွယ်များဖြင့်ရှိနေခဲ့ရာမှ ကယားပြည်နယ်၏ စာတတ်မြောက်ရေးလှုပ်ရှားမှုကို အမှတ်တရရှိစေရန်နှင့်ပြည်သူများ အပန်းဖြေနားနေနိုင်စေရန် မြို့နေလူထု၏ ဆန္ဒအရ ပြန်လည်ပြုပြင်အလှဆင်ခြင်းဖြစ်ကြောင်း သိရသည်။
**ကြီးမြင့်နိုင်(လှိုင်ကော်)**

## သတင်းတိုထွာများ

# စေတီတော်ကြီးနှစ်ဆူအားတစ်ပြိုင်တည်း ရွှေထီးတော်အသစ်တင်လှူ

**မော်လမြိုင် မတ် ၂၀**
မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် မော်လမြိုင်တက္ကသိုလ် မော်လမြိုင်လေဆိပ်အနီးရှိ တောင်ဝိုင်းရပ် ဗုဒ္ဓဝင်ဘုရားဝင်းအတွင်း တည်ထားကိုးကွယ်လျက်ရှိသော ရွှေဘုံသာစေတီနှင့် ငွေဘုံသာစေတီတော်မြတ်ကြီး၏ ရွှေထီးတော်သစ်တင်အလှူတော်မင်္ဂလာအခမ်းအနားကို မတ်လဒုတိယပတ်က ဗုဒ္ဓဝင်ဘုရားဝင်းအတွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ထီးတော်တင်လှူပွဲအခမ်းအနားတွင် ပြည်နယ်သုမ္မောဂိုဏ်းလုံးဆိုင်ရာ ဂိုဏ်းချုပ် ဩဝါဒါစရိယဉက္ကဋ္ဌ ဏ္ဏသိနာရုံဗုဒ္ဓဝင် နာယကဆရာတော် ဘဒ္ဒန္တအာစရအမှူးပြုသော ဆရာတော်၊ သံဃာတော်များထံမှ သီလခံယူဆောက် တည်သည်။

အထက်ပါ ရွှေဘုံသာစေတီနှင့် ငွေဘုံသာစေတီတော်မြတ် နှစ်ဆူတို့ကို နှစ်ပေါင်း ၁၅၀၀ ကျော်ခန့်က တည်ထားကိုးကွယ်ထားရှိခြင်းဖြစ်သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ မတည်အလှူရှင် ရဲအုပ်ကျော်မင်းထွန်း၊ အလှူရှင်၊ စေတနာရှင်များ စုပေါင်းအသစ်ပြန်လည်ပြုပြင်မွမ်းမံပေးပြီး ထီးတော်သစ် အားတင်လှူခဲ့ ကြောင်း သိရသည်။
**ကျော်သန်း(မော်လမြိုင်)**

# ကျောက်ဖြစ်အင်ကြင်းပင် ဥယျာဉ်အတွင်းပြသထား

**နွားထိုးကြီး မတ် ၂၀**
နွားထိုးကြီးမြို့နယ် ထန်းဇင်ရွာမှ တူးဖော်ရရှိသော လုံးပတ် ငါးတောင်၊ အရှည် အတောင် ၆၀ ကျော်ရှည်သော ကျောက်ဖြစ်ရုပ်ကြွင်း အင်ကြင်းကျောက်အဖြူရောင်ကြီးကို တရုတ်သို့တင်ပို့ရန် စီစဉ်လျက်ရှိစဉ် ထရီးဂျိတ်အင်ကြင်းကျောက်ကုမ္ပဏီက ဝယ်ယူပြီး အများ ပြည်သူလေ့လာကြည့်ရှုနိုင်ရန် ထရီးဂျိတ်ဥယျာဉ်၌ သဘာဝမြေထဲတွင် ပြန်လည်ထည့်သွင်းမြှုပ်နှံ ပြသထားကြောင်း သိရသည်။

ထရီးဂျိတ်အင်ကြင်းဥယျာဉ်တွင် ကျောက်ဖြစ်ရုပ်ကြွင်း အင်ကြင်းပင်ရောင်စုံ တွေ့ရပြီးအချို့မှာ မြေတွင်စိုက်ထူပြသထားသဖြင့် ပြည်သူများအပြင် နိုင်ငံခြားသားများပါ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။ **ဧွေးမြင့်မောင်**

# ပြည်သူများအား သောက်သုံးရေများလှူဒါန်း

**ကော့သောင်း မတ် ၂၀**
သောက်သုံးရေအခက်အခဲတွေ့လျက်ရှိသည့်မြို့ပေါ်ရပ်ကွက် ဘုန်းတော်ကြီးကျောင်းများနှင့်ရပ်ကွက်နေပြည်သူများသို့ မတ်၁၈ရက်က ကော့သောင်းခရိုင် မီးသတ်တပ်ဖွဲ့နှင့် မြို့နယ် အဘိဓမ္မာပြန့်ပွားရေး အသင်းတို့ပူးပေါင်းကာ သောက်သုံးရေများလိုက်လံလှူဒါန်းကုသိုလ်ပြုကြကြောင်း သိရသည်။

သောက်သုံးရေအခက်အခဲတွေ့လျက်ရှိကြသည့် ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် ပဋ္ဌာနပရိယတ္တိစာသင်တိုက်၊ ရွှေဇင်ယော်ရပ်ကွက်နှင့် ငါးအိမ်စုဘုန်းကြီးကျောင်းတို့ရှိ သံဃာတော်များနှင့်ပြည်သူများသို့ ရေများလှူဒါန်းခဲ့ကြကြောင်း သိရသည်။
**ကျော်စိုး(ကော့သောင်း)**

# အိပ်ဇောဖွင့် ဆိုင်ကယ်မောင်းနှင်ခြင်းကြောင့် သက်ကြီးရွယ်အိုများစိတ်အနှောင့်အယှက်ဖြစ်

**တောင်ငူ မတ် ၂၀**
တောင်ငူမြို့သည် ခရိုင်မြို့ကြီးဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လူဦးရေ တစ်သိန်းကျော်ခန့်နေထိုင်လျက်ရှိရာ မော်တော်ဆိုင်ကယ်များ သွားလာရအဆင်ပြေအောင် အိမ်တိုင်းစေ့အသုံးပြုကြရသည်။ တောင်ငူမြို့မှတစ်ဆင့် တခြားမြို့နယ်များသို့လည်းကောင်း ကျေးရွာအုပ်စု ၆၄ အုပ်စုနှင့် ရွာပေါင်း ၁၀၀ ကျော်ကို စီးပွားရေးအရ လူမှုရေးအရသွားလာရာတွင် မော်တော်ဆိုင်ကယ်များကို အသုံးပြုနေရသည်။

လူအများနေထိုင်သည့်ရပ်ကွက်များအတွင်း သွားလာနေကြသည့် အချို့ဆိုင်ကယ်များသည် ဆိုင်ကယ်အင်္ဂါရပ်နှင့်မညီ ဘက်မှန်မပါရှိခြင်း၊ လေကာဒူးကာမပါရှိခြင်း၊ အိပ်ဇောဖွင့်၍ လူအများနားမခံသာစက်ကုန်ဖွင့်မောင်းနှင်ခြင်း၊ ပါဝါအိပ်ဇောတပ်ဆင်မောင်းနှင်ခြင်း စသည့်စည်းကမ်းပျက်မောင်းနှင်ခြင်းတို့ကြောင့် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးချို့တဲ့သူများ၊ ကလေးသူငယ်များ အထိတ်တလန့်ဖြစ်နေရကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အခါသင်္ကြန် မတိုင်မီနှင့် သင်္ကြန်ကာလအတွင်း စည်းကမ်းပျက်မော်တော်ဆိုင်ကယ်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ပေးလိုကြောင်း သိရသည်။
**သူရ(တောင်ငူ)**

# ဆွာချောင်းဆည်ရေသောက်စနစ်ဖြင့် ယခင်နှစ်ထက် ဧက ၅၀၀ ကျော်ပိုမိုစိုက်ပျိုးနိုင်

**ရေတာရှည် မတ် ၂၀**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံမှ ဆည်ရေသောက်စနစ်ဖြင့် ဇန်နဝါရီလပထမ အပတ်မှ စတင်၍ နွေစပါးများစတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ၂၁၃၈၂ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိက ပြောကြားသည်။ ယခုနှစ်နွေ စပါးစိုက်ပျိုးရာသီတွင် ရေပေးဝေသည့် မြောင်းမကြီးများ၊ လက်ခွဲမြောင်းများ၊ ရေတံခါးများအား စနစ်တကျပြုပြင်ဆောင်ရွက်ခဲ့ရာ မူလလျာထားသည်ထက် ဧက ၅၀၀ ကျော် တိုးမြှင့်စိုက်ပျိုးနိုင်ခဲ့သဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း အင်ဒိုင်းကျေးရွာရှိ တောင်သူများက ပြောကြားသည်။



"ကျွန်တော်တို့ဘက်ကို ဘယ်တုန်းကမှ ရေမရောက်ခဲ့ပါဘူး။ အခုနှစ်ကျမှ ရေဝင်လာလို့ တောင်သူတွေအားလုံး နွေစပါးစိုက်ပျိုးနိုင်ကြတာ ဝမ်းသာစရာကောင်းပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။ ရေတာရှည်မြို့နယ်တွင် ချောင်းမကြီးဆည်ရေဖြင့် ၄၃၈ ဧက၊ အင်ဒိုင်းမြစ် ရေတင်စနစ်ဖြင့် ၂၃၆ ဧက၊ ဆွာချောင်း ဆည်ရေသောက်စနစ်ဖြင့် ၂၁၃၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။
**ကိုလွင်(ဆွာ)**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# ရေကို စနစ်တကျ စီမံခန့်ခွဲသုံးစွဲဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

**တက္ကသိုလ်ပွင့်သူအောင်**

ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်မှုအတွက် အခြေခံအကျဆုံးသော သဘာဝအရင်းအမြစ် တစ်ခုပင်ဖြစ်သည်။ "ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်"၊ "လူသားအသက် ရေတစ်စက်"၊ "ငွေကိုမလို၊ ရွှေကိုမလို ရေကိုသာ လိုပါသည်"၊ "တောကောင်းလျှင် ရေကောင်း"၊ "ရေလာမြောင်းပေး"၊ "ရေကြည်ရာ မြက်နု"၊ "ရေတွင်းကောင်းမှ ရေအေးမြ"၊ "ရေကုန်အိုင်ပျက်"၊ "ဖောင်စီးရင်း ရေငတ်"၊ "တန်ခူးရေကုန် ကဆုန်ရေခန်း" အစရှိသည့် ရေနှင့်ပတ်သက်သော စကားပုံများစွာ ရှိသည်။ လူသားအားလုံးသည် နေ့စဉ် နံနက်အိပ်ရာထသည်မှစပြီး ညအိပ်ရာဝင်သည် အထိ ရေကိုမရှိမဖြစ် သုံးစွဲကြရသည်။ ကမ္ဘာ့လူသားသန်းပေါင်း ၇၀၀၀ ကျော် နေထိုင်လျက်ရှိသော ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းကို ရေများဖြင့် ဖုံးလွှမ်းထားသည်။ သို့သော် လူတို့သုံးစွဲနိုင်သော ရေပမာဏသည် ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။

ကမ္ဘာ့ရေထုကို ပင်လယ်သမုဒ္ဒရာများရှိ ရေငန်များက ၉၆ ဒသမ ၅ ရာခိုင်နှုန်း ဖုံးလွှမ်းထားသည့်အလျောက် ရေချိုရရှိမှုမှာ အလွန်ပင် နည်းပါးသည်။ ရေချို (Fresh Water) များတွင် ရေခဲမြစ်များ၊ ရေခဲတောင်များနှင့်ဝင်ရိုးစွန်းများရှိ ရေခဲပြင်များက ၁ ဒသမ ၇၆၂ ရာခိုင်နှုန်း၊ မြေအောက်ရေ (Ground Water)က ၁ ဒသမ ၇ ရာခိုင်နှုန်း၊ မြစ်ချောင်း၊ အင်းအိုင်များ၊ ကန်များ၊ ဆည်များနှင့် ရေတိမ်ဒေသရှိ ရေများ (Surface Water) က ၁ ဒသမ ၀၁၄ ရာခိုင်နှုန်းနှင့် လေထုနှင့် မြေဆီလွှာများရှိ ရေခိုး၊ ရေငွေ့နှင့်ရေများက ၀ ဒသမ ၀၀၂ ရာခိုင်နှုန်း အသီးသီးပါဝင်သည်။ အထူးသဖြင့် ကမ္ဘာမြေပေါ်၌ ရှင်သန်ရပ်တည်နေကြသည့် လူသားများ၊ အပင်နှင့် တိရစ္ဆာန်များ အပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့၏ ခန္ဓာကိုယ်အတွင်းတွင် ရေများ ပါဝင်ဖွဲ့စည်းထားသော အစိတ်အပိုင်းတို့ဖြင့် ပြည့်နှက်လျက်ရှိသည်။ ဤသို့ အပင်နှင့်သတ္တဝါတို့၏ ကိုယ်တွင်းရှိ ရေများကို "ဇီဝရေ" ဟု ခေါ်ဆိုထားသည်။ တစ်ကမ္ဘာလုံးရှိ လူသားများ အပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့၏ ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏ စုစုပေါင်းသည် ကုဗမိုင်ပေါင်း ၂၆၉ အထိရှိကြောင်း သိပ္ပံပညာရှင်များက ဆိုသည်။

ဆေးပညာရှင်များ၏အဆိုအရ လူ့ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏစုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းသည် ဆဲလ်များအတွင်း၌ ရှိနေကြောင်း၊ ကျန် ၃၅ ရာခိုင်နှုန်းသည် ဆဲလ်များအကြား၌ လည်းကောင်း၊ သွေးထဲတွင် လည်းကောင်း ရှိနေကြောင်း သိရသည်။ လူ့ခန္ဓာကိုယ်အတွင်းရှိ အစိတ်အပိုင်းများအနက် ရေပါဝင်ဖွဲ့စည်းမှုအများဆုံး အစိတ်အပိုင်းမှာ အဆုတ်ဖြစ်၍ ရေပါဝင်မှုအနည်းဆုံးအစိတ်အပိုင်းမှာ အရိုးများဖြစ်ကာ အဆုတ်၌ ရေပါဝင်မှုရာခိုင်နှုန်း ၉၀ အထိလည်းကောင်း၊ ဦးနှောက်ထဲတွင် ရေပါဝင်မှု ၈၅ ရာခိုင်နှုန်းအထိ လည်းကောင်း၊ သွေးထဲ၌ ရေပါဝင်မှုမှာ ၈၂ ရာခိုင်နှုန်းအထိ လည်းကောင်း ဖြစ်သည်။

အထူးသဖြင့် ကမ္ဘာ့ရေသုံးစွဲမှုပမာဏသည် အခြားတွင်းထွက်ပစ္စည်းများ (ကျောက်မီးသွေး၊ ရေနံ၊ သတ္တုစသည်များ) နှင့် နှိုင်းယှဉ်ပါက မြောက်မြားစွာ ပိုမိုများပြားလျက် ရှိသည်။ ကမ္ဘာ့ရေသုံးစွဲမှု တစ်နှစ်သုံးစွဲမှုသည်ပင်လျှင် တွင်းထွက်ပစ္စည်းများ၏ အဆပေါင်း တစ်ထောင်ခန့်ရှိပြီး အချို့ဒေသများ၌ ရေပြတ်လပ်မှု ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် အကျိုးဆက်အဖြစ် စီးပွားရေးပျက်ယွင်းမှုများနှင့် လူသားတို့ဘေးဒုက္ခရောက်မှုများ ကြုံတွေ့ကြရမည် ဖြစ်သည်။ လွန်ခဲ့သော ၂၀ ရာစု၌ "ရေနံအရေးအခင်း" ဖြစ်ပေါ်ခဲ့ပြီး ယခု ၂၁ ရာစုတွင် "ရေအရေးအခင်း" (Water Crisis) ဖြစ်ပေါ်လာနိုင်ကြောင်း ပညာရှင်များက ခန့်မှန်းထားပြီး ဖြစ်သည်။

ကမ္ဘာ့လူဦးရေ အဆမတန် တိုးတက်များပြားလာခြင်းကြောင့် လည်းကောင်း၊ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းကြောင့် လည်းကောင်း၊ စက်မှုလုပ်ငန်းများ တစ်ရှိန်ထိုးတိုးတက်လာခြင်းကြောင့် လည်းကောင်း၊ အလဟဿဖြုန်းတီးမှုများကြောင့် လည်းကောင်း၊ ကမ္ဘာ့ရေသုံးစွဲမှုသည် သိသာထင်ရှားစွာများပြားလာသည်။ ထို့အပြင် ရေ(ရေချို)အရင်းအမြစ်များသည် ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုများကြောင့် လည်းကောင်း၊ လူတို့မဆင်မခြင် သုံးစွဲမှုများကြောင့် လည်းကောင်း လျော့နည်းလျက်ရှိသည်။ ပညာရှင်တို့၏ ခန့်မှန်းတွက်ချက်မှုအရ ကမ္ဘာပေါ်တွင် လူပေါင်းသန်း ၇၀၀၀ ကျော်ရှိသည့်အနက် သန်း ၁၀၀၀ ခန့်မှာ ဘေးကင်းလုံခြုံသော ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာသည်။



အထူးသဖြင့် ရေသည် သက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်မှုအတွက် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်တစ်ခုဖြစ်နေခြင်းကြောင့် ရေစီမံခန့်ခွဲမှု၏ ပင်မဒေါက်တိုင်သုံးခုဖြစ်သော စီးပွားရေးစွမ်းဆောင်ရည်ရှိမှု (Economic efficiency)၊ မျှတမှု (Equality) နှင့် သဘာဝပတ်ဝန်းကျင် (Environmental Sustainability) တို့၏ ဆက်စပ်မှုကို သိရှိနားလည်သဘောပေါက်၍ "ရေ" နှင့် "ရေအရင်းအမြစ်" များအပေါ် ရှုမြင်ကာကွယ်ရန် အလွန်အရေးကြီးလာပြီ ဖြစ်သည်။ စဉ်ဆက်မပြတ်သော ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသည်သာလျှင် စဉ်ဆက်မပြတ်သော ရေအရင်းအမြစ်ကို အသုံးပြုနိုင်မည် ဖြစ်သည်။ ထို့ကြောင့်"ကမ္ဘာ့ရေနေ့"(World Water Day) အထိမ်းအမှတ်အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ၁၉၉၃ ခုနှစ်မှ စတင်၍ ကမ္ဘာ့နိုင်ငံအများအပြား၌ နှစ်စဉ် မတ် ၂၂ ရက်နေ့တွင်ကျင်းပခဲ့ကြသည်။ ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ၂၀၁၃ ခုနှစ်ကို "ရေအရေး ပူးပေါင်းဆောင်ရွက်မှု အပြည်ပြည်ဆိုင်ရာနှစ်"(International Year of Water Cooperation) အဖြစ် တညီတညွတ်တည်း သတ်မှတ်ခဲ့သည်။ ကုလသမဂ္ဂရေအရေးဆိုင်ရာအဖွဲ့ (UN-Water) က ယခုနှစ် ၂၀၁၇ ခုနှစ်ဆောင်ပုဒ်အဖြစ် "ပိုမိုကောင်းမွန်သော ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုဆီသို့" ဟူ၍ သတ်မှတ်ပေးထားသည်။

နိုင်ငံတစ်နိုင်ငံ၏ ရေအရင်းအမြစ်များ ဖော်ထုတ်ပြီး စီမံခန့်ခွဲနိုင်ရန် ရှိပြီးသားရေအရင်းအမြစ်များအား ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် ရေကိုအခြေပြု၍ တရားမျှတသော ရေခွဲဝေမှုစနစ် ပြည်သူအားလုံးပါဝင်နိုင်သော ပွင့်လင်းမြင်သာမှုရှိသည့် ဘက်စုံရေစီမံခန့်ခွဲမှု စနစ်တစ်ခုကို မြန်မာနိုင်ငံတွင် ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် ရေအရင်းအမြစ်များအား စီမံခန့်ခွဲရာတွင် ရေကို စနစ်တကျအကျိုးရှိထိရောက်စွာ သုံးနိုင်မှုနှင့်ရေလိုအပ်ချက်အပေါ် စီမံခန့်ခွဲနိုင်မှု၊ အရင်းအမြစ်သစ်များဖွံ့ဖြိုးတိုးတက်လာစေရန် ရှာဖွေဖန်တီးနိုင်မှု၊ မြေအသုံးချမှုနှင့် ရေအရင်းအမြစ်အသုံးချမှုများအား ပေါင်းစပ်ညှိနှိုင်းမှု၊ ရေကိုစီးပွားရေးကိစ္စရပ်များအပေါ် ပင်မရေစီးကြောင်းအဖြစ် အသွင်ပြောင်းနိုင်မှုဟူသည့် နယ်ပယ်လေးခုအပေါ် အခြေခံ၍ ဆောင်ရွက်သွားရမည် ဖြစ်သည်။

အထူးသဖြင့် တစ်မျိုးသားလုံးအတိုင်းအတာအရ လိုအပ်သောဘက်စုံရေအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်၊ အမျိုးသားရေအရင်းအမြစ်နှင့်ဆိုင်သည့်မူဝါဒ အမျိုးသားရေအရင်းအမြစ်ဆိုင်ရာ လမ်းညွှန်ချက် အခြေခံမူဘောင်စသည်တို့ကို သက်ဆိုင်ရာဌာနအလိုက် ညွှန်ကြားဖော်ဆောင်ရမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများတွင် ထင်သာမြင်သာရှိအောင်ထည့်သွင်းပေးကြရမည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရေအရင်းအမြစ်မူဝါဒအား နိုင်ငံတစ်နိုင်ငံလုံးရှိ လူမှုအသိုက်အဝန်း၏ ပါဝင်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ်များအား မျှတစွာသုံးစွဲပြီး ထိရောက်သော စီမံခန့်ခွဲမှုများဖြင့် ဆင်းရဲမှုပပျောက်ရေး အထောက်အကူပြုစေရန် နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းသာယာမှုကို ကာကွယ်ရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ လက်ရှိနှင့် အနာဂတ်ကာလ မျိုးဆက်များအား လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ လိုအပ်ချက်များအတွက် သင့်တင့်မျှတသော ပမာဏနှင့် လုံခြုံစိတ်ချရသည့် အရည်သွေးပြည့်မီသော ရေရရှိရေး အခွင့်အရေးများရစေရန် ရည်ရွယ်ချက်ရေးဆွဲသွားရမည် ဖြစ်သည်။

ထို့အပြင် ရေအရင်းအမြစ်များအား စီမံခန့်ခွဲရာ၌ ရေကိုတန်ဖိုးထားရန်၊ ရေကို ရေရှည်အကျိုးရှိရှိ သုံးနိုင်ရန် ၊ ရေကို စီမံခန့်ခွဲရေးအတွက် သင့်တင့်သော အဖွဲ့အစည်းများဖွဲ့ရန်၊ ရေအရင်းအမြစ်များနှင့် ပတ်သက်သော သတင်းစုဆောင်းဖြန့်ဝေရန် ရေအရင်းအမြစ်များ ထိန်းသိမ်းရာတွင် လူမှုရေး၊ ယဉ်ကျေးမှုစသော ရှုထောင့်မှ ရှုမြင်တတ်ရန်၊ ရေသုံးစွဲရာ၌ မျှမျှတတဖြစ်စေရန်၊ သင့်တော်သောနည်းပညာများအသုံးချရန်၊ ရေအရင်းအမြစ် အသုံးချရာတွင် ပြဿနာဖြစ်ပေါ်သော အကြောင်းအရင်းများ ရှာဖွေဖြေရှင်းရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းသောစနစ်ဖြင့် ဆောင်ရွက်ရန်နှင့် ဘက်ပေါင်းစုံမှ ပါဝင်သော ပညာရှင်အဖွဲ့များဖြင့် ဆောင်ရွက်ရန်ဟူသည့် လမ်းညွှန်ဥပဒေများအတိုင်း လိုက်နာကျင့်သုံးသွားရမည် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ် အရောက်တွင် ရေကို စနစ်တကျစီမံခန့်ခွဲသုံးစွဲနိုင်သော နိုင်ငံအဖြစ်သို့ရောက်ရှိအောင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ ကြိုးပမ်းဆောင်ရွက်နေပြီ ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် အဓိကမြစ်ကြီးများဖြစ်သော ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းနှင့် မြစ်ချောင်းများစွာရှိရာ ယင်းတို့ကို အခြေခံ၍ ရေကိုအကျိုးရှိစွာ အသုံးချနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်အောင် ခန့်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိသည်။

အဓိကမြစ်ကြီးများအတွင်း ပို့ဆောင်ရေးဆောင်ရွက်နေကြသော ရေယာဉ်မျိုးစုံများ ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်သကဲ့သို့ မြစ်ချောင်းများ ရေလမ်းကြောင်းကောင်းမွန်အောင်နှင့် ကမ်းပါးပြိုကျမှုများ လျော့နည်းအောင် ဆောင်ရွက်ခြင်းများသည်ပင်လျှင် မြစ်ချောင်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။ ထို့အတူ မြစ်ရေတင် စီမံကိန်းများစွာတို့ဖြင့် စိုက်ပျိုးရေးကို ထိရောက်စွာ အသုံးချသကဲ့သို့ ရေချိုရရှိအောင် ဆောင်ရွက်ခြင်းတို့သည် ရေကိုစနစ်တကျစီမံခန့်ခွဲခြင်းပင် ဖြစ်သည်။ ထို့အပြင် ၂၀၁၃ ခုနှစ် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဖွဲ့စည်းခဲ့ပြီးနောက် နှစ်စဉ်မတ်လ ၂၂ ရက်တွင် ကျရောက်သော ကမ္ဘာ့ရေနေ့ အခမ်းအနားကို နိုင်ငံတကာအဆင့်အဖြစ် နေပြည်တော်၌ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဖွဲ့စည်းပြီးနောက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ အကူအညီရရှိခဲ့သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၌ ရေချိုအရင်းအမြစ်အကြွယ်ဝဆုံးနိုင်ငံဖြစ်သည့်အလျောက် ရေကိုအကျိုးရှိစွာနှင့် စနစ်တကျစီမံခန့်ခွဲသုံးစွဲနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# ရန်ကုန်မြို့တော် ရေကစားမဏ္ဍပ်၌ သင်္ကြန်ယိမ်းအကများ ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၂၀**

၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ရေသဘင်ပွဲတော် ရန်ကုန်မြို့တော် ရေကစားမဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ သင်္ကြန်ယိမ်းအကအဖွဲ့များအနေဖြင့် မတ် ၃၁ ရက် နောက်ဆုံးထားကာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) စစ်ဆေးရေးဌာနရုံးသို့ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ကတော့ ပြီးခဲ့တဲ့ နှစ်အတိုင်း ကျင်းပသွားမှာပါ။ ဒီနေ့အထိတော့ ကျွန်တော်တို့ အကဲဖြတ်လုပ်ငန်းကော်မတီကို သင်္ကြန်ယိမ်းအဖွဲ့ ၁၉ ဖွဲ့ စာရင်းပေးပြီးပါပြီ။ ပြီးခဲ့တဲ့ နှစ်က တိုင်းရင်းသားတွေ အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးက သင်္ကြန်ယိမ်းအက အဖွဲ့ ၅၈ ဖွဲ့ဝင်ရောက်

ယှဉ်ပြိုင်ခဲ့ကြတယ်။ ဒီနှစ်လည်း ဒီအတိုင်း ဖြစ်လာလိမ့်မယ်လို့ ယုံကြည်တယ်။ ပြိုင်ပွဲမှာ အသက်အပိုင်းအခြား မရှိပါဘူး။ သတ်မှတ်ကျောင်း အတန်းအတိုင်း ဘယ်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်။ ပြီးခဲ့တဲ့ နှစ်ကဆိုရင် တိုင်းရင်းသားအကအနေနဲ့ ကရင်၊ မွန်၊ ရှမ်း၊ ထားဝယ်၊ ပအိုဝ်း၊ ရခိုင်၊ ချင်း စတဲ့ အဖွဲ့တွေ သုံးဖွဲ့စီဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတယ်။ ဒီနှစ်မှာလည်း ပြီးခဲ့တဲ့ နှစ်အတိုင်း ဝင်ရောက်ယှဉ်ပြိုင်ကြလိမ့်မယ်လို့ ယုံကြည်တယ်" ဟု သင်္ကြန်ယိမ်းအကအကဲဖြတ် လုပ်ငန်းဆပ်ကော်မတီအတွင်းရေးမှူး ဦးမောင်မောင်အေးက ပြောသည်။

ယခုနှစ်တွင် ယခင်နှစ်များနည်းတူ မြို့နယ်အသီးသီးမှ ပြိုင်ပွဲဝင် သင်္ကြန်ယိမ်းအကအဖွဲ့များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် သင်္ကြန်ယိမ်းအက အမျိုးအစား ရှစ်မျိုးဖြင့် ယှဉ်ပြိုင်မည် ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အသီးသီးမှ သတ်မှတ်ပြိုင်ပွဲအလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲအမျိုးအစား ရှစ်မျိုးရှိသည်။ မူကြိုကျောင်း ၁၂ ဦး ယိမ်းအဖွဲ့၊ အခြေခံပညာမှ တက္ကသိုလ်အထိ ၁၂ ဦးယိမ်းအဖွဲ့၊ ရုံးဌာနဝန်ထမ်းများပါ ၁၂ ဦး ယိမ်းအဖွဲ့တို့ ပါဝင်မည်ဖြစ်သည်။

အခြေခံပညာမှ တက္ကသိုလ်ကျောင်းများအထိ ၁၆ ဦး သင်္ကြန်ယိမ်းအက၊ ရုံးဌာနဝန်ထမ်းများ၊ အခြားဝါသနာရှင်များ ပါဝင်သော ၁၆ ဦး သင်္ကြန်ယိမ်းအကတို့ ပါဝင်မည် ဖြစ်သည်။ အလွတ်တန်းအဆင့်တွင် အသက်ကြီးပိုင်းများပါဝင်ပြီး ဝါရင့်အကပညာရှင်များ ပါဝင်သော ၂၀ သင်္ကြန်ယိမ်းအက၊ အလွတ်တန်း အမျိုးသား ၁၂ ဦး သင်္ကြန်ယိမ်းအကနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများတွင် ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ ထားဝယ်၊ ကရင်၊ ချင်းနှင့် အခြားတိုင်းရင်းသားများ ပါဝင်ကာ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

သင်္ကြန်ယိမ်းအဖွဲ့အသီးသီး၏ ဝင်ရောက်ယှဉ်ပြိုင်မှုများကို အနုပညာဦးစီးဌာန၊ သဘင်ပညာရှင်များအဖွဲ့၊ ပန်းချီ၊ ပန်းပုနှင့် ဂီတအစည်းအရုံးမှ



ပညာရှင်များက အကဲဖြတ်အမှတ်ပေးကာ ဆုများပေးအပ်ချီးမြှင့်မည် ဖြစ်သည်။ သင်္ကြန်ယိမ်းအက ဝင်ရောက်ယှဉ်ပြိုင်လိုသော အသင်းများအနေဖြင့် ဗိုလ်တထောင်မြို့နယ် အမှတ်(၄၆)လမ်း YCDC ၁၂ ထပ်ခွဲရုံး (၁၀)လွှာရှိ စစ်ဆေးရေးဌာန အကဲဖြတ်လုပ်ငန်း ကော်မတီသို့ လာရောက်စုံစမ်းနိုင် ကြောင်း သိရသည်။

**သတင်း-အေကေလင်း**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# နိုင်ပွဲရအောင် ခြေကုန်ဖွင့်ကြရဦးမယ့် ဘရာဇီး၊ အာဂျင်တီးနားတို့ရဲ့ ၂၀၁၈ ကမ္ဘာ့ဖလား တောင်အမေရိကဇုန် ခြေစစ်ပွဲ

ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ မတ် ၂၄ ရက်မှာတော့ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲရဲ့တောင်အမေရိကဇုန်ခြေစစ်ပွဲတွေ ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ခြေစစ်ပွဲအောင်ဖို့ သေချာနေတဲ့အသင်းတွေရဲ့ရပ်တည်မှုခိုင်မာကြောင်း ပြသရမယ့်ပွဲတွေ ပါဝင်သလို ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်ရှိနေတဲ့အသင်းတွေရဲ့အားထည့်ယှဉ်ပြိုင်မှုကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ကမ္ဘာကျော် ဘရာဇီးဘောလုံးသမားတွေရဲ့အသင်းလိုက်ကစားအားက ဘယ်လိုရသမျိုးတွေပေးစွမ်းဦးမယ်ဆိုတာ စောင့်ကြည့်အားပေးရဦးမှာဖြစ်ပါတယ်။




### ဥရုဂွေးနှင့် ဘရာဇီး

တောင်အမေရိကဇုန်ရဲ့၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲဝင်အသင်းတွေမှာတော့ ဘရာဇီးတို့က ၁၂ ပွဲကစားပြီးချိန်မှာ ၂၇ မှတ်နဲ့ ထိပ်ဆုံးမှ ရပ်တည်ဦးဆောင်နေပါတယ်။ ဘရာဇီးရဲ့ကစားအားကိုကြည့်ရင် တိုက်စစ်မှူးတွေက ၁၂ ပွဲကို ၂၈ ဂိုးသွင်းထားနိုင်သလို ခံစစ်ပိုင်းကလည်း အမှားအယွင်းနည်းအောင် စွမ်းဆောင်နိုင်နေပါတယ်။ ဥရုဂွေးကလည်း ၁၂ ပွဲကစားပြီးချိန်မှာ ၂၃ မှတ်နဲ့ ဒုတိယမှာ ရပ်တည်နေပြီး ခြေစစ်ပွဲကို ဂုဏ်သိက္ခာရှိစွာနဲ့ အောင်မြင်ဖို့ ဒီပွဲမှာ အမှတ်ရသလောက် စုဆောင်းဦးမှာဖြစ်ပါတယ်။ ဘရာဇီးအသင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ကိုလံဘီယာ၊ ပီရူးနဲ့ အာဂျင်တီးနားအသင်းတွေကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲရယူခဲ့သလို အာဂျင်တီးနားကို သုံးဂိုးပြတ်သွင်းကာ အောင်ပွဲခံခဲ့တဲ့ ဘရာဇီးရဲ့ ခြေစွမ်းက အသိအမှတ်ပြုစရာပါပဲ။ ဥရုဂွေးရဲ့နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် ချီလီကိုရှုံးပြီး အီကွေဒေါအသင်းကို နိုင်ပွဲရကာ ကိုလံဘီယာနဲ့ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ အိမ်ကွင်းမှာ ကစားအားကောင်းပြီး ရလဒ်ကောင်းအောင် ကြိုးစားနိုင်တဲ့ ဥရုဂွေးတို့က အနိမ့်ဆုံး သရေပွဲရအောင် ကစားမှာ ဖြစ်ပေမယ့် ဘရာဇီးရဲ့တိုက်စစ်ကိုဟန့်တား ထိန်းချုပ်ဖို့ ခက်ခဲမှာတော့ အမှန်ပါပဲ။ ဒီပွဲမှာ ဘရာဇီးတို့အတွက်တော့ သရေနဲ့အနိုင်ဆိုတဲ့ ရလဒ်ပိုင်ဆိုင်ပါလိမ့်မယ်။

### ပါရာဂွေးနှင့် အီကွေဒေါ

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ အီကွေဒေါတို့လည်း ရလဒ်ကောင်းတွေဖော်ဆောင်နိုင်နေပြီး တောင်အမေရိကဇုန်မှာတော့ တတိယနေရာမှာ ရမှတ် ၂၀ နဲ့ ရပ်တည်နေပါတယ်။ ဟွန်ဒူးရပ်စ်၊ ဗင်နီဇွဲလားအသင်းတွေကို ပြတ်သားတဲ့ ရလဒ်တွေနဲ့ နိုင်ပွဲဆက်ခဲ့တဲ့ အီကွေဒေါဟာ ဥရုဂွေးကိုတော့ အဝေးကွင်းမှာ ရှုံးပွဲကြုံတွေ့ခဲ့ပါတယ်။ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်နေသေးတဲ့ ပါရာဂွေးတို့ကတော့ အခုပွဲက အိမ်ကွင်းဖြစ်တာမို့ ခြေကုန်ဖွင့် ကစားမှာ သေချာပါတယ်။ အီကွေဒေါတိုက်စစ်မှူးတွေက အဆုံးသတ်ဂိုးသွင်းမှုတွေ ကောင်းမွန်နေပေမယ့် ခံစစ်ပိုင်းမှာ နားလည်မှုလွဲမှားနေတတ်တာကို ပြုပြင်ရပါလိမ့်မယ်။ ပါရာဂွေးတို့ကတော့ တိုက်စစ်ရော၊ ခံစစ်ပါ အားရစရာမရှိပေမယ့် ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာကြောင့် လက်ရှိခြေစွမ်းအရ နိုင်ရင်တောင် အီကွေဒေါတို့ ဂိုးမပြတ်နိုင်ပါဘူး။

### ကိုလံဘီယာနှင့် ဘိုလီးဗီးယား

ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်နေတဲ့ ကိုလံဘီယာတို့လည်း ဒီပွဲကို အနိုင်ကစားပြီး အိပ်မက်တွေရှင်သန်နိုင်ရေး ကြိုးစားလာပါလိမ့်မယ်။ ကိုလံဘီယာအသင်းရဲ့ အားသာချက်က တိုက်စစ်ရော ခံစစ်ပါ ဟန်ချက်ညီအောင် ကစားနိုင်ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ကိုလံဘီယာရဲ့နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် နိုင်ပွဲတစ်ပွဲမှ မရခဲ့တဲ့ ချီလီအသင်းနဲ့တော့ ဂိုးမရှိသရေပွဲဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် ကိုလံဘီယာ တိုက်စစ်ကလည်း ထူးခြားထက်မြက်မှုမရှိတာကြောင့် ဒီပွဲမှာ အိမ်ရှင် အားသာချက်နဲ့ပဲ ကစားရမှာဖြစ်ပါတယ်။ ဘိုလီးဗီးယားတို့ကတော့ ခံစစ်ပိုင်း ယိုယွင်းနေတာမို့ ဒီပွဲမှာ အမှတ်ရဖို့တောင် မလွယ်ပါဘူး။

### အာဂျင်တီးနားနှင့် ချီလီ

ခြေစစ်ပွဲအောင်ဖို့ ခြေကုန်ထုတ်ရမယ့် အာဂျင်တီးနားဟာ အခုပွဲက အိမ်ကွင်းလည်းဖြစ်တာမို့ အနိုင်ရလဒ်က လွဲပြီး တခြားရလဒ်တွေကို ပုံဖော်မှာတော့ မဟုတ်ပါဘူး။ အာဂျင်တီးနားတို့က ပါရာဂွေးနဲ့ ဘရာဇီးအသင်းတွေကို ရှုံးပွဲကြုံထားသလို ပထမအကျော့မှာ ချီလီကိုလည်း ဂိုးမရှိသရေပွဲ ကစားခဲ့တာမို့ အခုပွဲတော့ သေသေချာချာ ပြင်ဆင်ကစားပါလိမ့်မယ်။ ဒီပွဲစဉ်က ချီလီအတွက်လည်း အရေးပါတာမို့ တိုက်စစ်ဖွင့်ပြီး ကစားမှာ သေချာပါတယ်။ အခုတလော ကစားအား ကျဆင်းနေတဲ့ ချီလီတို့အတွက် အာဂျင်တီးနားက အခွင့်ရေးကောင်းတစ်ခုအဖြစ် အသုံးချပြီး ခံစစ်အခြေပြု တိုက်စစ်ဆင် ထိုးဖောက်ကစားဖို့ ကြိုးစားပါလိမ့်မယ်။ ဒီပွဲမှာ အိမ်ရှင်အာဂျင်တီးနားတို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

### ဗင်နီဇွဲလားနှင့် ပီရူး

ခြေစစ်ပွဲအောင်ဖို့ နှစ်သင်းစလုံး ခက်ခဲတဲ့အနေအထား ဖြစ်နေပါတယ်။ ဗင်နီဇွဲလားတို့က ၁၂ ပွဲကစားပြီးချိန်အထိ ငါးမှတ်သာရရှိထားတာကြောင့် မျှော်လင့်ချက်မဲ့နေပြီဖြစ်ပါတယ်။ ဗင်နီဇွဲလားဟာ အိမ်ကွင်းမှာဆိုရင် မထင်မှတ်ဘဲ ခြေစွမ်းပြနိုင်တဲ့အသင်း ဖြစ်ပါတယ်။ ဘိုလီးဗီးယားကို ငါးဂိုးပြတ်သွင်းပြီး အောင်ပွဲခံနိုင်ခဲ့တဲ့ ခြေစွမ်းပြန်ရရင်တော့ ပီရူးတို့ မမျှော်လင့်တဲ့ ရလဒ်ကို ထွေးပိုက်ပြီး ပြန်သွားရနိုင်ပါတယ်။ ပီရူးတို့ကတော့ တိုက်စစ်မှူးတွေက အခွင့်အရေးရရင် ဂိုးရအောင် သွင်းနိုင်သူတွေမို့ ဒီပွဲမှာ မျှော်လင့်ချက်ပြည့်ဝနိုင်ရေး အားထုတ်ပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ လက်ရှိခြေစွမ်းတွေအရ ပထမအကျော့ တွေ့ဆုံစဉ်က သရေရလဒ် ထွက်ပေါ်သွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**




## တိုက်စစ်မှူးလူကာကူကို ထပ်မံစာချုပ်ရေး အဲဗာတန်ကြိုးစားမည်

အဲဗာတန်အသင်းအနေနဲ့ တိုက်စစ်မှူး လူကာကူကို ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့ အမြင့်ဆုံး အနေအထားကြိုးစားသွားမယ်လို့ နည်းပြရော်နယ် ကိုးလ်မန်းက ပြောဆိုလိုက်ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ လူကာကူဟာ အဲဗာတန်က ဟားလ်စီးတီးကို လေးဂိုးပြတ်နဲ့ အနိုင်ရတဲ့ပွဲမှာ နှစ်ဂိုးသွင်းယူပေးခဲ့သူဖြစ်ပါတယ်။ လူကာကူက အဲဗာတန်ရဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီးနောက် အနိုင်ဂိုးနှစ်ဂိုးကို လူကာကူက သွင်းယူပေးခဲ့ပါတယ်။ အဲဗာတန်အသင်းသာ ဒီအနိုင်ပွဲကြောင့် ပဉ္စမနေရာမှာ အာဆင်နယ်အသင်းနဲ့ အမှတ်တူနဲ့ ဦးဆောင်နေပါတယ်။ ဘယ်လ်ဂျီယံကစားသမား လူကာကူဟာ ယခုအချိန်မှာ အဲဗာတန်အသင်းအတွက် ၂၁ ဂိုးသွင်းယူပေးထားပြီး ပရီမီယာလိဂ်မှာ ဂိုးအများဆုံးသွင်းထားပါတယ်။ ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း လူကာကူဟာ အဲဗာတန်က စာချုပ်သစ် ကမ်းလှမ်းခဲ့ရာမှာတော့ ပယ်ချခဲ့ပါတယ်။ အဲဗာတန်က တစ်ပတ်ပေါင် ၁၄၀၀၀၀ နဲ့ ငါးနှစ်စာချုပ်ဖွယ်ရှိပါတယ်။ သို့သော်လည်း အဲဗာတန်က ထပ်မံစာချုပ်ခြင်းမရှိခဲ့ဘူးဆိုရင် ချယ်လ်ဆီးက ခေါ်ယူသွားဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။

## ဘာစီလိုနာဂိုးသမားကို မန်စီးတီးခေါ်ယူဖွယ်ရှိနေ

မန်စီးတီးနည်းပြ ဂွါဒီယိုလာအနေနဲ့ ဂျိုးဟတ်ကို ဆက်လက် အငှားချထားဖို့ ဆုံးဖြတ်လိုက်ပြီးနောက် ဘာစီလိုနာ နာမည်ကြီး ဂိုးသမား မတ်အင်ဒရေ တာစတီဂျင်ကို ခေါ်ယူသွားဖွယ်ရှိနေပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိ တာစတီဂျင်ကို ပြီးခဲ့တဲ့ ရာသီကတည်းက ဂွါဒီယိုလာ ခေါ်ယူဖို့ ကြိုးစားနေခဲ့တာပါ။ သို့ပေမယ့် ဘာစီလိုနာအသင်းမှာ လိုအပ်ချက်တွေကြောင့် စာချုပ်ရေး အဆင်မပြေခဲ့တာလို့ ဆိုပါတယ်။ ယခုအခါမှာတော့ မန်စီးတီးက တာစတီဂျင်ကို ပေါင် သန်း ၃၀ နဲ့ ခေါ်ယူသွားဖွယ်ရှိနေပါတယ်။ တာစတီဂျင်ဟာ ဂျာမန်ဂိုးသမား တစ်ဦးဖြစ်ပြီး ယခုလအကုန်ပိုင်းမှာ ဂျာမနီနဲ့ အင်္ဂလန်တို့ ချစ်ကြည်ရေးပွဲမှာ ပါဝင်ကစားဖွယ်ရှိပါတယ်။ တာစတီဂျင်ဟာ ဂွါဒီယိုလာရဲ့ အဓိက ပစ်မှတ်ထားလာတဲ့ ဂိုးသမားဖြစ်ပါတယ်။ မန်စီးတီးအသင်းမှာလည်း လက်ရှိအခြေအနေအရ ဂိုးသမားလိုအပ်ချက်ရှိနေတဲ့အတွက် တာစတီဂျင်တို့ အရခေါ်ယူဖွယ်ရှိနေပါတယ်။





## အဝေးကွင်းမှာ ပထမဆုံးအနိုင်ရတဲ့ လက်စတာ

လက်စတာအသင်းအနေနဲ့ ယခုနှစ် ပရီမီယာလိဂ်မှာ ပထမဆုံးအကြိမ် အဝေးကွင်း အနိုင်ရခဲ့ပါတယ်။ ဝက်စ်ဟမ်းအသင်းရဲ့အိမ်ကွင်းမှာ သုံးဂိုး-နှစ်ဂိုးနဲ့ ရရှိခဲ့ခြင်းဖြစ်ပါတယ်။ လက်စတာအသင်းရဲ့ဒီအနိုင်ပွဲဟာ ယခုနှစ် ပရီမီယာလိဂ်မှာတော့ ပထမဆုံး အဝေးကွင်းအနိုင်ရခဲ့တာလို့ ဆိုပါတယ်။ လက်စတာအသင်းဟာ နည်းပြ ယာနီယာရီကို အလုပ်ဖြုတ်ခဲ့ပြီးနောက် နည်းပြရှိတ်စပီးယားလက်ထက်မှာ နိုင်ပွဲတွေဆက်တိုက်ရရှိနေပါတယ်။ ဗာဒီနဲ့ မာရက်တို့ရဲ့ဂိုးတွေနဲ့ လက်စတာအသင်း နိုင်ပွဲတွေ ဆက်လက်ရရှိနေပါတယ်။

နည်းပြသစ် ရှိတ်စပီးယားလက်ထက်မှာ လက်စတာအသင်း လေးပွဲဆက်တိုက်အနိုင်ရခဲ့ပါတယ်။ တန်းဆင်းဇုန်အထက် ခြောက်မှတ်အသာရရှိအောင် ကစားပေးနိုင်ခဲ့ပါတယ်။ လက်စတာ ဂိုးသမား ကက်စပါရှမိုက်ကယ်ကလည်း လက်စွမ်းပြ ကစားလာတာကြောင့်လည်း အောင်မြင်မှုတွေ ဆက်တိုက်ရရှိနေတာလို့ ဆိုပါတယ်။ ချန်ပီယံလိဂ်မှာလည်း ဆီဗီလာကို နိုင်ပြီး နောက်တစ်ဆင့် တက်လှမ်းလာနိုင်ပါတယ်။ လက်စတာအသင်းဟာ ပုံမှန်ခြေစွမ်းရလာတဲ့အတွက် တန်းဆင်းဇုန်အတွင်း ကျရောက်ခြင်းမှ လွတ်မြောက်ဖွယ်ရှိနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ဆေးလိပ်ငွေ့ကင်းစင်ရေး လှုပ်ရှားမှုအဖြစ် မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**ဖယ်ခုံ မတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် လှုပ်ရှားမှုတစ်ရပ်အဖြစ် အသက် ၁၅ နှစ်အောက် အမျိုးသား/အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို မတ် ၁၈ ရက် နံနက် ၆ နာရီက ကျင်းပခဲ့သည်။



မီနီမာရသွန်ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲဟု နှစ်ခုခွဲ၍ ကျင်းပခဲ့ပြီး အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းကလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်အေးမောင်ကလည်းကောင်း သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ကာ ပြိုင်ပွဲနှစ်ခုပေါင်းတွင် ပြိုင်ပွဲဝင် ၃၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲကို မြို့လယ်အဝိုင်းမှ စတင်တာလွှတ်ပြီး ဖယ်ခုံ-လွိုင်ကော် ကားလမ်းအတိုင်း မြို့ဝင်ဆိုင်းဘုတ်မှ တစ်ဆင့် မြို့နယ်အားကစားကွင်းတွင် ပြန်လည်ပန်းဝင်ကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပပြီး အမျိုးသား/အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် ဆုရရှိသော အားကစားသမားများနှင့် မီတာ ၄၀၀၊ မီတာ ၈၀၀၊ မီတာ ၁၅၀၀ အပြေးပြိုင်ပွဲများတွင် ဆုရရှိသူများအား ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလို၊ အားကစားနှင့်ကာယပညာဦးစီးဌာနရုံးချုပ်မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးသက်လွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကိုလည်း ကျင်းပခဲ့ပြီး ကယန်းတောင်တန်းအသင်းနှင့် မိုးဗြဲအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပြိုင်ပွဲတွင် ကယန်းတောင်တန်းအသင်းက အနိုင်ရရှိခဲ့ပြီး ဆုရအသင်းများအား ဆုဖလားနှင့် ဆုငွေများကို တာဝန်ရရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

**ကိုထွေး(ဖယ်ခုံ)**

# တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**လွိုင်လင် မတ် ၂၀**

ရှမ်းပြည်နယ် လွိုင်လင်မြို့ရှိ ဌာနဆိုင်ရာ ၁၇ ခုနှင့် မူလတန်းကျောင်းတစ်ကျောင်းသို့ တိုးချဲ့ရေပေးဝေနိုင်ရေးအတွက် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် လွိုင်လင်မြို့နယ် စည်ပင်သာယာရေးဌာနက တာဝန်ယူဆောင်ရွက်ရှိသော တိုးချဲ့ရေပေးဝေရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုးချဲ့ရေပေးဝေနိုင်ရေးလုပ်ငန်းကို ပြည်နယ်အစိုးရ၏ ရန်ပုံငွေကျပ် သိန်း ၂၃၀ နှင့်ဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်းနှင့် ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေ ကျပ်သိန်း ၂၅၀ ဖြင့် ဆောင်ရွက်ကြောင်း၊ ယခုအခါ လျှပ်စစ်ဓာတ်အားဌာနကလည်း လျှပ်စစ်မီး သွယ်တန်းပေးပြီးဖြစ်၍ မကြာမီ တိုးချဲ့ရေပေးဝေရေးကို စတင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လွိုင်လင်မြို့စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးခင်စောနှင့် တာဝန်ခံအင်ဂျင်နီယာတို့ မတ် ၁၈ ရက်က သွားရောက်စစ်ဆေးခဲ့ကြသည်။

**မိုးလွင်ဦး(လွိုင်လင်)**



# စစ်တွေမြို့တွင် ပထမအကြိမ် ကလေးစာပေပွဲတော် ကျင်းပမည်

**စစ်တွေ မတ် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ် အစိုးရတို့ ပူးပေါင်း၍ ရခိုင်ပြည်နယ်၏ ပထမအကြိမ် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ် ဈေးရောင်းပွဲတော်ကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ မတ် ၃၀ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရေး၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရေး၊ ကလေးများ၏ အပြောအဆိုနှင့် နှုတ်မှုရေးရာစွမ်းရည်များ မြင့်မားလာစေရေး၊ ကလေးများ စာပေနှင့်ရင်းနှီးပြီး ကလေးများ၏ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးနိုင်စေရေး ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်တွင် ကလေးစာဖတ်ခန်း၊ ကလေးစာအုပ်ပြပွဲနှင့် စာအုပ်အရောင်းဆိုင်များ ခင်းကျင်းကာ အသိပညာပေး ကာတွန်းများ ချိတ်ဆွဲပြထားမည်ဖြစ်ပြီး ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကာတွန်းရုပ်များဖြင့် ဓာတ်ပုံရိုက်ကူးခြင်း၊ 3D ရုပ်ပုံများဖြင့် ဓာတ်ပုံရိုက်ကူးခြင်း၊ အဖွဲ့လိုက်ဂိမ်းကစားနည်း စသည့်အစီအစဉ်များစွာကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း စစ်တွေ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှပိုမိုက ပြောကြားသည်။




စစ်တွေမြို့ ကလေးစာပေပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၈ ရက်က စစ်တွေမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပခဲ့ပြီး ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင် ဦးဆောင်၍ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ကော်မတီဝင်များနှင့် စာရေးဆရာများ၊ ပန်းချီပညာရှင်များနှင့် စာအုပ်ရောင်းဆိုင်ရှင်များ တက်ရောက်ကာ ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့်အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ကလေးစာပေပွဲတော်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ပါဝင်ဆင်နွှဲနိုင်ရန်အတွက် စစ်တွေမြို့ပေါ်ရှိ လူစည်ကားရာနေရာများတွင် ကလေးစာပေပွဲတော် အကြောင်း လှုံ့ဆော်မြေစိုက်ပိုစတာများကို ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနက စိုက်ထူပေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# အဝေရာ အခမဲ့ ကုသိုလ်ဖြစ်ဆေးပေးခန်း ဖွင့်ပွဲကျင်းပ

**အင်းတော် မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပေကုန်းကျေးရွာတွင် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် အဝေရာ(အခမဲ့) ကုသိုလ်ဖြစ် ဆေးပေးခန်းကို မတ် ၁၈ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဆေးခန်းဖွင့်ပွဲတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မြင်သာယာကျေးရွာဆရာတော် ဦးဉာဏိက၊ အင်းတော်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေး၊ မော်လူး တိုက်နယ်ဆရာဝန် ဒေါက်တာဝတ်မှုံထွန်းနှင့် မန်ဟဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြင်သာယာဆရာတော်က ဩဝါဒမိန့်ကြားကာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တိုက်နယ်ဆရာဝန်တို့က ဆေးခန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဝေရာ(အခမဲ့) ကုသိုလ်ဖြစ်ဆေးပေးခန်းကို အလှူရှင်ဆရာတော်ဦးပဏ္ဍိုလ၏ လှူဒါန်းငွေ ကျပ်သိန်း ၅၀၀ ဖြင့် ဆောက်လုပ်ခဲ့ပြီး ပေကုန်းကျေးရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**




# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ

**မလှိုင် မတ် ၂၀**

အပူပိုင်းဒေသ စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအရ မလှိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မာလာမြိုင် စိုက်ပျိုးရေးသုံးပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးတို့ ပူးပေါင်းဆောင်ရွက်သည့် နှမ်း၊ မြေပဲနှင့် ပဲစင်းငုံ စိုက်ပျိုးရေးနည်းစနစ်များနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တောင်သူပညာပေးဆွေးနွေးပွဲကို မတ် ၁၇ ရက်က မလှိုင်မြို့နယ် ကျောက်တန်းကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားတာဝန်ခံ ဒေါ်အေးအေးမြင့်က သီးနှံအလိုက် ပိုးမွှားကျရောက်မှုနှင့် နှိမ်နင်းရေးနည်းပညာများ၊ ခရိုင် မြေအသုံးချရေးတာဝန်ခံ ဒေါ်မိမိလှိုင်က မြေဆီလွှာအကြောင်း မြေဆီလွှာထိန်းသိမ်းခြင်း နည်းပညာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစန်းယုက သီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်နည်းလမ်းများ စသည်တို့ကို ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ ကျောက်တန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူ ၁၂၀ ခန့် တက်ရောက်ခဲ့ပြီး တောင်သူများက သိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ဖြေကြားခဲ့သည်။

**အောင်ငွေ(မလှိုင်)**



# ရဲတပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ သောက်သုံးရေများလှူဒါန်း

**ဆိပ်ဖြူ မတ် ၂၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းမှ သောက်သုံးရေ ရှားပါးပြတ်လပ်မှု ကြုံတွေ့နေရသော ကမ္ဘာနီကျေးရွာရှိ ဒေသခံပြည်သူများအတွက် သောက်သုံးရေများကို ဆိပ်ဖြူမြို့နယ် ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ မတ် ၁၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ ဆိပ်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ သွားရောက်လှူဒါန်းခဲ့ရာတွင် ကျေးရွာရှိ အိမ်ခြေ ၁၃၅ အိမ်မှ ပြည်သူများအတွက် သောက်သုံးရေ ဂါလန် ၄၀၀၀ ခန့် လှူဒါန်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ပျူ နှင့် ပုဂံ သမိုင်းကွင်းဆက်

**မောင်သာ(ရှေးဟောင်းသုတေသန)**




သမိုင်းသည် လူသားများဖြတ်သန်းခဲ့ကြသည့် ဖြစ်ရပ်မှတ်တမ်းဖြစ်ပြီး ပညာရှင်များက သမိုင်းကိုဖော်ထုတ်ကြရာတွင် ယေဘုယျအားဖြင့် သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ခေတ်ဟု ခွဲခြားလေ့ရှိသည်။ စာပေအရေးအသား မပေါ်ထွန်းသေးသည့်ကာလကို သမိုင်းမတင်မီခေတ်ဟုလည်းကောင်း၊ စာပေအရေးအသား ပေါ်ထွန်းပြီးနောက်ပိုင်းကို သမိုင်းတင်ခေတ်ဟုလည်းကောင်း သတ်မှတ်ခဲ့ကြသည်။

သမိုင်းတင်ခေတ်ကို ဖော်ထုတ်ရာတွင် ကျောက်စာ၊ ပေစာ၊ အိုးစာ၊ မင်စာ စသည်ဖြင့် စာလုံးအက္ခရာများဖြင့် ရေးထိုးထားသည့် ရုပ်ဝတ္ထုပစ္စည်းများမှ အထောက်အထားများကို ကောက်ချက် ဆွဲလေ့ရှိကြသည်။ သမိုင်းကိုဖော်ထုတ်ကြရာတွင် စာပေအရေးအသားတစ်ခုတည်းကိုသာ အားကိုးခြင်းမပြုဘဲ မြေပေါ်မြေအောက်တည်ရှိနေသည့် ရှေးဟောင်း ရုပ်ဝတ္ထုများကိုပါ ရှာဖွေ၍ သမိုင်းကွင်းဆက်ကို ဆက်စပ်ဖော်ထုတ်ကြသည်။

သုတေသီများသည် မိမိတို့လေ့လာတွေ့ရှိချက်များ၊ သုတေသနရလဒ်များကို ပညာရှင်များရှေ့မှောက်တွင် စာတမ်းများ ဖတ်ကြားတင်ပြလေ့ရှိကြပြီး ဝေဖန်ချက်၊ အကြံပြုချက်များဖြင့် ဝိုင်းဝန်းဆွေးနွေးကာ ပညာရပ်ဖွံ့ဖြိုး တိုးတက်မှုကို ဆောင်ရွက်နေကြသည်မှာ အစဉ်အလာတစ်ရပ်အဖြစ် ခိုင်မြဲနေခဲ့ပြီဖြစ်သည်။

ပညာရှင်များက ပထမမြန်မာနိုင်ငံတော် ပုဂံခေတ်ကို ထူထောင်ခဲ့သည့် အနော်ရထာမင်းကြီး နန်းတက်နှစ်ကို ခရစ်နှစ် ၁၀၄၄ ခုနှစ်ဟု လက်ခံထားကြသည်။ အနော်ရထာမင်းမတိုင်မီ ပုဂံတွင်နန်းစိုက်ခဲ့သည့် ဘုရင်များရှိခဲ့ပြီး ခရစ်နှစ် ၈၄၆ ခုနှစ်တွင် ပျဉ်ပြားမင်းက ပုဂံကိုတည်ထောင်ခဲ့သည်ဟု ယူဆကြသည်။ သို့သော် ခိုင်မာသောအထောက်အထားများကို ဆက်လက်ဖော်ထုတ်နေကြဆဲဖြစ်သည်။

ပုဂံခေတ်မတိုင်မီက မြန်မာနိုင်ငံအတွင်း ပျူယဉ်ကျေးမှုနှင့် ပျူမြို့ပြများ ထွန်းကားခဲ့ကြောင်း မြေပေါ်မြေအောက် အထောက်အထားများက သက်သေပြလျက်ရှိသည်။ သို့သော် ပျူနှင့် ပုဂံခေတ်သို့ ကူးပြောင်းခဲ့သည့် သမိုင်းကွင်းဆက်ကို ဖော်ထုတ်ရန် လိုအပ်လျက်ရှိနေသေးသည်။ ထို့ကြောင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပျူခေတ်နှင့် ပုဂံခေတ် အကူးအပြောင်းကာလ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ သမိုင်းကွင်းဆက်များ ရှာဖွေဖော်ထုတ်ထိန်းသိမ်းရေး အထောက်အကူပြုသုတေသနစာတမ်းဖတ်ပွဲတစ်ရပ်ကို မတ်လပထမပတ်အတွင်း ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်တွင် နှစ်ရက်ကြာကျင်းပခဲ့ရာ သုတေသီပညာရှင်များက သုတေသနစာတမ်း ၁၃ စောင် တင်သွင်းဖတ်ကြားခဲ့သည်။

**လှည်းကူးဒေသ ယဉ်ကျေးမှုအထောက်အထားများ**

“လှည်းကူးမြို့နယ် ပိုက်ကြီးဝဲကျေးရွာမှ ဆရာတော် ဒေါက်တာရေဝတာလင်္ကာရက လှည်းကူးဒေသရှိ ပုဂံခေတ်ထက်စောသော ယဉ်ကျေးမှုအထောက်အထားများစာတမ်းကို ဖတ်ကြားတင်သွင်းခဲ့ရာ လှည်းကူးမြို့သည် ပျူခေတ်တွင် စည်ပင်ခဲ့သည့်မြို့တစ်မြို့”ဟု ယူဆနိုင်ဖွယ်ရှိကြောင်း တင်ပြခဲ့သည်။

လှည်းကူးမြို့နယ်အတွင်း တိန်မယ်၊ မဟူရာ၊ အခရိမ်၊ မြို့ကြီးကုန်း၊ မအူနှင့် တိုင်ကွမ်း မြို့ဟောင်းခြောက်ခုရှိသည့်အနက် တိန်မယ်မြို့ဟောင်းသည် လဂွမ်းဗျည်းဟုထင်ရှားသည့် မြို့ဟောင်းဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။ မြန်မာ့ရှေးဟောင်းမြို့တော်များစာအုပ်ကို ပြုစုခဲ့သူ ဦးအောင်မြင့်က တိန်မယ်မြို့ဟောင်းကို လဂွမ်းဗျည်းဟု အမည်ပေးခဲ့ပြီး ယင်းမြို့ဟောင်းသည် မြို့ရိုးနှစ်ထပ်၊ ကျုံးနှစ်ထပ်ရှိကာ သရေခေတ္တရာ ပျူမြို့ဟောင်းကဲ့သို့ ကွေးကွေးဝိုင်းဝိုင်းရှိနေခြင်း၊ အလျား တစ်ပေ၊ အနံ ခြောက်လက်မ၊ အထူ နှစ်လက်မရှိသည့် အုတ်များတွင် စပါးခွံများ ပါရှိနေခြင်း၊ မြို့ဟောင်းကုန်းဟောင်းများတွင် သရေခေတ္တရာမှ မသီးကျကုန်း၊ ခင်ဘကုန်းတို့တွင် တွေ့ရှိရသည့် အုတ်ကွေးများကိုတွေ့ရှိရကြောင်း သုတေသနပြုခဲ့သည်။

**ပုဂံခေတ်မတိုင်မီ ထေရဝါဒဗုဒ္ဓဘာသာ**

ပုဂံခေတ်မတိုင်မီ မြန်မာ ထေရဝါဒဗုဒ္ဓဘာသာ စာတမ်းကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သိန်းညွှန့်နှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မှ တွဲဖက်ကထိက ဦးလှသိန်းထွင်တို့က တင်သွင်းခဲ့ရာ ပျူတို့သည် ဗြဟ္မာသက္ကဖြစ်၍ မြန်မာနိုင်ငံအတွင်း ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်များကတည်းက စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြကြောင်း၊ မြန်မာ့သမိုင်းနှင့် သာသနာ့သမိုင်းကို သိလိုသူများသည် ရှေးဟောင်းသုတေသနပညာကို အခြေခံ၍ မြေပေါ်မြေအောက် ရှာဖွေတွေ့ရှိမှုများကို သိပ္ပံနည်းကျ စိစစ်လေ့လာရုံမျှမကဘဲ ရှေးဟောင်းပါဠိစာပေ အာဂမယုတ္တိ အထောက်အထားများနှင့် ဆက်စပ်လေ့လာခြင်းပြုမှသာလျှင် မြန်မာ့သမိုင်းဖြစ်စဉ်မှန်တို့ကို ဖော်ထုတ်နိုင်ကြမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

ထေရဝါဒဗုဒ္ဓဘာသာ ရောက်နှင့်ပြီးဖြစ်သော ပျူတို့၏ သရေခေတ္တရာနိုင်ငံတော်သည် ပုဂံခေတ်နှင့် နှစ်ပေါင်းရာချီ ဝေးကွာခဲ့ခြင်းမရှိ။ သရေခေတ္တရာနေပြည်တော်မှ ပုဂံနေပြည်တော်သို့ တစ်ဆက်တစ်စပ်တည်း ပြောင်းလဲတည်ဆောက်သည်ဖြစ်၍ ပုဂံခေတ်မတိုင်မီ အေဒီနှစ်ရာစုကပင် ထေရဝါဒဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံအတွင်း ရပ်တည်နေပြီးဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

**ရှေးခေတ် ပျူလူမျိုးနှင့် မွန်လူမျိုးတို့၏ ခေတ်ပြိုင်သမိုင်း**

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနမှ အငြိမ်းစားညွှန်ကြားရေးမှူး နိုင်မောင်တိုးက မွန်ကျောက်စာ အထောက်အထားမှ ရှေးခေတ် ပျူလူမျိုးနှင့် မွန်လူမျိုးတို့၏ ခေတ်ပြိုင်သမိုင်းစာတမ်းကို ဖတ်ကြားခဲ့သည်။ စာတမ်းတွင် သရေခေတ္တရာတည်ခြင်းအကြောင်း၊ သုဓမ္မဝတီ သထုံမြို့တည်ကြောင်း၊ နန်းတည်ကျောက်စာ၊ ကျန်စစ်သားမင်း အတ္ထုပ္ပတ္တိကျောက်စာ၊ မနူဟာမင်းထက်စောသော တြာပ်နှင့် ပဏ္ဍိတ် ကျောက်စာ၊ ရွှေတိဂုံ မွန်ကျောက်စာ၊ အနော်ရထာမင်း အုတ်ခွက်စာ၊ ဓမ္မစေတီမင်းနှင့် ကလျာဏီကျောက်စာတို့ကို ကိုးကားလျက် ပျူနှင့်မွန်တို့၏ ခေတ်ပြိုင်သမိုင်းကို သုတေသနပြုခဲ့သည်။

> **စာတမ်းဖတ်ပွဲတွင် တင်သွင်းဖတ်ကြားခဲ့သည့် စာတမ်းများအပေါ် တက်ရောက်လာကြသည့် ပညာရှင်များ၊ သုတေသီများနှင့် စိတ်ဝင်စားသူများက အမြင်မတူညီမှုများ ရှိခဲ့သော်လည်း ဝိုင်းဝန်းဆွေးနွေးမေးမြန်းကြကာ ပညာရပ် တိုးတက်ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ကြသည်မှာ အားရဖွယ်ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် သမိုင်းသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ယဉ်ကျေးမှုအမွေအနှစ်များကို ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ကြမည်ဖြစ်ပေသည်**

**ဘုရားထောင်အရိုးအိုးပါ ပျူစကားလုံးများ ဆန်းစစ်ချက်**

သရေခေတ္တရာပျူမြို့ဟောင်း၊ ဘုရားထောင်မှ ၁၉၉၃ ခုနှစ်က ရရှိခဲ့သည့် ကျောက်အရိုးအိုးတွင် ပျူဘုရင်များ၏ အမည်နာမများကို ခုနှစ်သက္ကရာဇ်များနှင့်အတူ ရေးထိုးထားသည်။ ယင်းအရိုးအိုးပေါ်တွင်ပါရှိသည့် ဝေါဟာရများကို မြစေတီကျောက်စာနှင့် တိုက်ဆိုင်ဆန်းစစ်ထားသည့် စာတမ်းကို ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှပါမောက္ခ ဒေါက်တာညိမ်းညိမ်းက တင်သွင်းခဲ့သည်။ သရေခေတ္တရာနှင့် ပုဂံခေတ် အကူးအပြောင်းကာလကို ဆက်စပ်နိုင်ရန် ဆက်စပ်မှုရှိသော ဝေါဟာရများကို စာတမ်းရှင်က တိုက်ဆိုင်စစ်ဆေးကာ ပျူနှင့် မြန်မာ ဘာသာစကားအဆက်အစပ်ကို ဖော်ထုတ်ခဲ့သည်။

ထိုသို့ စိစစ်ရာတွင် ဖော်ထုတ်ပြီးသည့် ပျူစကားလုံးများနှင့် ဆက်စပ်စဉ်းစားခြင်း၊ ပါဠိ၊ သက္ကတနှင့် ပျူဝေါဟာရများကို အနက်ဖော်ထုတ်ခြင်း၊ ရှေးဦး မင်္ဂလာအဖွင့်စကားကို နှိုင်းယှဉ်ကြည့်ခြင်း၊ ဝေါဟာရများ တိုက်ဆိုင်စစ်ဆေးခြင်းတို့ဖြင့် သုတေသနပြုထားသည်။

**ပျူဆန်သော ရေးဟန်များ**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာခင်မာဆွေက ပျူနှင့် မြန်မာတို့၏ ဆက်နွယ်မှု တစ်စိတ်တစ်ဒေသကို ဖော်ထုတ်လေ့လာသည့်အနေဖြင့် ပုဂံခေတ်ဦး မြန်မာကျောက်စာများမှ ပျူဆန်သောအရေးအသားများ စာတမ်းကို တင်သွင်းခဲ့သည်။ သမုဒ္ဒရာဇ်မင်းက ပျူရွာ ၁၉ ရွာကိုစုစည်းကာ ပုဂံကို တည်ထောင်ခဲ့ချိန်မှစ၍ အနော်ရထာနန်းတက်ချိန်အထိ နှစ် ၉၀၀ ကျော်ခန့် ပျူနှင့် မြန်မာများ ရောနှောနေထိုင်ခဲ့ကြပြီး ရှိနှင့်ပြီးသော ပျူစာအရေးအသားသည် မြန်မာစာအရေးအသားအတွက် များစွာ အထောက်အပံ့ပြုခဲ့သည်ဟု ယူဆခဲ့ကြောင်း တင်ပြခဲ့သည်။

ပုဂံခေတ်ဦး မြန်မာကျောက်စာများတွင် ပျူဆန်သော အရေးအသားများ တွေ့ရှိရပုံကို ဗျည်း၊ သရနှင့် တက်ကျသံပြ သင်္ကေတများ တူညီနီးစပ်မှုများကို အထောက်အထားများဖြင့် နှိုင်းယှဉ်သုံးသပ်တင်ပြခဲ့ပြီး ရှေးမြန်မာများသည် ပျူတို့ထံမှ တိုက်ရိုက်ကူးယူခြင်းမပြုဘဲ မြန်မာ့ဟန်နှင့် လိုက်လျောညီထွေဖြစ်စေရန် ဆန်းသစ်တီထွင်ခဲ့ကြကြောင်း ကောက်ချက်ချခဲ့သည်။

**ကန်ကျက်ကလိဉ် သူကြီးကျောက်စာ**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာဥမ္မာခင်က မြင်းကပါရွာအနီးမှရရှိခဲ့သော နှောင်းတွေ့ကျောက်စာ တစ်ချပ်ဖြစ်သည့် ကန်ကျက်ကလိဉ်သူကြီးကျောက်စာ လေ့လာချက်စာတမ်းကို တင်သွင်းခဲ့သည်။ အလောင်းစည်သူမင်းလက်ထက်က ရေးထိုးခဲ့သည့် ယင်းကျောက်စာသည် မွန်၊ မြန်မာ၊ ပါဠိ ဘာသာစကားသုံးမျိုးဖြင့် ရေးထိုးထားသည့် အလှူမှတ်တမ်းတစ်ခုဖြစ်ပြီး မူလထိုးကျောက်စာသည် မွန်ဘာသာဖြစ်ကာ ဆုတောင်းစာများကို ပါဠိဘာသာဖြင့် ရေးထိုးထားသည်။ စာတမ်းရှင်က ကျောက်စာပါ ဝေါဟာရ ၁၉ လုံးကို ယူဆချက်နှင့် အဓိပ္ပာယ်များဖြင့် သုတေသနပြုခဲ့ကာ ကျောက်စာကို ဘာသာပြန်ဆိုပေးခဲ့သည်။

**မြင်းမူ**

စစ်ကိုင်းတိုင်းဒေသကြီး မန္တလေး-မုံရွာ မော်တော်ကားလမ်းပေါ်တွင်ရှိသော မြင်းမူမြို့သည် သာသနာထွန်းကားခဲ့သော သမိုင်းဝင်မြို့တစ်မြို့ဖြစ်ပြီး ပျူခေတ်ထက်စောခဲ့သော ဒေသတစ်ခုဖြစ်ကြောင်း ဖော်ထုတ်ထားသည့် သမိုင်းထဲက မြင်းမူ စာတမ်းကို ရတနာပုံတက္ကသိုလ် အရှေ့တိုင်းပညာဌာနမှ ကထိက ဒေါက်တာထွေးထွေးကျော်က ဖတ်ကြားခဲ့သည်။

မြင်းမူမြို့နယ် တောချောင်းဦးကျေးရွာနှင့် သမန္တော ကျေးရွာတို့မှ ကျောက်လက်နက်များတွေ့ရှိခဲ့ပြီး ပျူအသုံးအဆောင် လက်ဝတ်ရတနာများ၊ ရွှေထည်ပစ္စည်းများ၊ ပျူဒင်္ဂါး၊ ပျူပုတီးစေ့၊ ပျူစာပါငွေအိုး စသည်တို့ကို တွေ့ရှိခဲ့ရမှု၊ အလ္လာကပ္ပကျေးရွာအနီးတွင် ရှေးအုတ်မြို့ရိုးဟောင်း တွေ့ရှိမှုများကို ဓာတ်ပုံများနှင့်အတူ အထောက်အထားပြခဲ့သည်။

**ခေတ်ပြိုင်အထောက်အထားများက တွေ့မြင်ရသော ပုဂံသမိုင်း**

သမိုင်းသုတေသီတစ်ဦးဖြစ်သူ ဦးဘုန်းတင့်ကျော်က ခေတ်ပြိုင် အထောက်အထားများက တွေ့မြင်ရသော ပုဂံသမိုင်း (ပုဂံ မရမ္မာ မရမ္မာ) မြန်မာသမိုင်းနှင့် ယဉ်ကျေးမှုအနှစ်ချုပ် စာတမ်းကို အထောက်အထားများစွာဖြင့် သုတေသနပြုတင်ပြခဲ့သည်။

အိန္ဒိယ၊ တရုတ်၊ သရေခေတ္တရာ၊ ပုဂံနှင့် ရခိုင် ခေတ်ပြိုင် အထောက်အထားများအရ သရေခေတ္တရာသားများနှင့် ပုဂံသားများသည် ပျူခေါ် ဗြဟ္မာလူမျိုးများ ဖြစ်ကြပြီး သရေခေတ္တရာမှ ဗုဒ္ဓဘာသာယဉ်ကျေးမှုသည် ပုဂံသို့ရောက်ရှိပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုကြီးအဖြစ် ဆက်လက်ထွန်းကားခဲ့ကြောင်းတင်ပြခဲ့သည်။

**ပျူနှင့် ပုဂံခေတ်အကူးအပြောင်းကာလ ယဉ်ကျေးမှု အမွေအနှစ်**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အငြိမ်းစားဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင် (မင်းဘူးအောင်ကြိုင်)က ပျူခေတ်နှင့် ပုဂံခေတ် အကူးအပြောင်းကာလ တိမ်မြုပ်ပျောက်ကွယ်နေသော ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများ စာတမ်းကို တင်ပြခဲ့သည်။

စာတမ်းတွင် သမုတိရာဇ်မင်း(သမုဒ္ဒရာဇ်မင်း)မတိုင်မီကပင် ရှိနှင့်နေသည့် ပျူရွာ ၁၉ ရွာ၊ ပျူမင်း ၅၅ ဆက်တွင် ၃၈ ဆက်မြောက် ညောင်ဦးစောရဟန်းအထိ ပျူမင်းများဖြစ်ကြောင်း၊ ပျူစေတီ များတည်ခဲ့ကြောင်း၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြောင်းကို စေတီအမှတ်များ၊ တည်နေရာများဖြင့် တင်ပြခဲ့သည်။ ထို့ပြင် ပျူခေတ်စေတီများကိုငုံ၍ ပုဂံမင်းများက တည်ခဲ့သော နှစ်ထပ်စေတီများ၊ လက်စင်းရာပါသော ပျူခေတ်အုတ်ချပ်များ တွေ့ရှိခဲ့သည့်နေရာများကို ဓာတ်ပုံကားချပ်များဖြင့်ဖော်ပြ၍ ပျူနှင့် ပုဂံ အကူးအပြောင်းကာလ ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခဲ့သည်။

**ပျူခေတ်အလွန် ဗုဒ္ဓဘာသာ**

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းထွန်းဦးက ပျူခေတ်အလွန် ပုဂံခေတ် အနိရုဒ္ဓမင်းကာလအထိ ဗုဒ္ဓဘာသာအခြေအနေ စာတမ်းကို ဖတ်ကြားခဲ့သည်။

ပျူမြို့ဟောင်း သရေခေတ္တရာမှ ရရှိခဲ့သည့် ရွှေပေလ္လာများ၊ ပလ္လင်စာ၊ ကျောက်စာများ၊ ဟန်လင်းမှ တူးဖော်ရရှိခဲ့သည့် ကျောက်ရုပ်ကြွနှင့် သဲကုန်းမြို့ဟောင်း မြို့ရိုးအတွင်းမှ ရရှိခဲ့သော ရုပ်တော်မူ ပဉ္စလောဟာဗုဒ္ဓရုပ်ပွားတော်တို့ကို အထောက်အထားပြုလျက် ဗုဒ္ဓဘာသာထွန်းကားခဲ့ကြောင်းနှင့် ပျူခေတ်တွင် ဗုဒ္ဓဘာသာအပြင် ဗြဟ္မဏဝါဒပါ တည်ရှိနေခဲ့ကြောင်းတင်ပြခဲ့သည်။ ညောင်ဦးစောရဟန်းမင်း လက်ထက်တွင် ဗုဒ္ဓသာသနာတော် လုံးဝပျောက်ကွယ်သွားပြီဟု ယူဆကြောင်းလည်း တင်ပြခဲ့သည်။

**ဘီးလင်းမြို့မှ ဗြာဟ္မီနှင့် ပျူစာပါအုတ်များ**

မော်လမြိုင်တက္ကသိုလ်၊ သမိုင်းဌာနမှ ပါမောက္ခဒေါက်တာရီရီရွှေနှင့် တွဲဖက်ပါမောက္ခ ဦးနိုင်ဝင်းတို့ တင်သွင်းသည့် စာတမ်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ညောင်ပလ္လင်ကျေးရွာ ရွှေကျောင်းကြီးကျောင်းမှ တွေ့ရှိခဲ့သည့် ဗြာဟ္မီနှင့် ပျူစာပါအုတ်များကို သုတေသနပြုထားသည်။ ယင်းအုတ်များကို အုတ်ခင်းလမ်းငယ်၊ ပန်းရုံအခြေနှင့် စေတီသုံးဆူတန်းတည်ရာတစ်လျှောက်တွင် တွေ့ရှိခဲ့သည်။

အုတ်ခဲများပေါ်တွင် မြင်တွေ့ရသည့် ဗြာဟ္မီအက္ခရာ၊ ပျူအက္ခရာနှင့် ပျူဂဏန်းများကို ဖတ်ရှုလျက် တောင်ပိုင်းကမ်းရိုးတန်းဒေသအပါအဝင် အောက်မြန်မာနိုင်ငံသည် ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် ပျူဒေသကြီးဖြစ်ခဲ့ကြောင်း သက်သေထူခဲ့သည်။

ဖတ်ကြားခဲ့သည့်စာတမ်းများတွင် အင်္ဂလိပ်ဘာသာဖြင့် တင်သွင်းသည့် စာတမ်းနှစ်စောင် ပါဝင်ခဲ့ရာ ဗောဓိသတ္တနှင့် ဗုဒ္ဓခေါင်းစဉ်ပါ Bodhisattvas and Buddha စာတမ်းကို ပုသိမ်တက္ကသိုလ် သမိုင်းဌာနပါမောက္ခ ဒေါက်တာခင်ခင်စီက ဖတ်ကြားခဲ့ပြီး ပျူပုဂံ ဗိသုကာလက်ရာခေါင်းစဉ်ပါ The Traditional Forms of Pyu Bagan Architecture စာတမ်းကို ဒဂုံတက္ကသိုလ် ရှေးဟောင်းသုတေသနဌာနမှ ကထိက ဒေါ်ခင်စန်းသန္တာက ဖတ်ကြားခဲ့သည်။

စာတမ်းဖတ်ပွဲတွင် တင်သွင်းဖတ်ကြားခဲ့သည့် စာတမ်းများအပေါ် တက်ရောက်လာကြသည့် ပညာရှင်များ၊ သုတေသီများနှင့် စိတ်ဝင်စားသူများက အမြင်မတူညီမှုများ ရှိခဲ့သော်လည်း ဝိုင်းဝန်းဆွေးနွေးမေးမြန်းကြကာ ပညာရပ်တိုးတက် ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ကြသည်မှာ အားရဖွယ်ဖြစ်ခဲ့သည်။ မြန်မာနိုင်ငံတွင် သမိုင်းသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ယဉ်ကျေးမှုအမွေအနှစ်များကို ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ကြမည်ဖြစ်ပေသည်။ ။

**ကိုးကား**

**ပျူခေတ်နှင့် ပုဂံခေတ် အကူးအပြောင်းကာလ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ သမိုင်းကွင်းဆက်များရှာဖွေဖော်ထုတ်ရေး သုတေသနစာတမ်းများ**

# ပြည်မြို့ အထူးကုဆရာဝန်ကြီးများအဖွဲ့ ကျေးရွာများသို့ အခမဲ့ကွင်းဆင်းဆေးကုသ

**သဲကုန်း မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ ခုတင် (၅၀၀) အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်မေသွင်နှင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် မတ် ၁၈ ရက်က ပြည်ခရိုင် သဲကုန်းမြို့နယ် ဆင်မြီးဆွဲကျေးရွာ၌ ကွင်းဆင်း ဆေးကုသခြင်းနှင့် ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ ဟောပြောပွဲတွင် အထူးကု ဆရာဝန်ကြီးများက ဝမ်းပျက်ဝမ်းလျှော ရောဂါအကြောင်း သိကောင်းစရာများ၊ စိတ်ကျန်းမာရေးအကြောင်း သိကောင်းစရာများနှင့် သွားနှင့်ခံတွင်း ကျန်းမာရေး အကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ရာ အခမ်း အနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာ



အဖွဲ့ဝင်များက အလှူငွေများ ပေးအပ် လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်မေသွင်က လက်ခံယူခဲ့သည်။

ဆက်လက်၍ အခမဲ့ဆေးကုသခြင်းများ ဆောင်ရွက်ရာ အထွေထွေရောဂါကု သမားတော်ကြီး၊ ကလေးအထူးကု ဆရာဝန်ကြီး၊ သားဖွားနှင့် မီးယပ် အထူးကုဆရာဝန်ကြီး၊ နား၊ နှာခေါင်း အထူးကုဆရာဝန်ကြီး၊ စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီး၊ အရိုးနှင့် ထိခိုက် ဒဏ်ရာ အထူးကုဆရာဝန်ကြီး၊ အကြော အဆစ် ပြန်လည်သန်စွမ်းရေး အထူးကု ဆရာဝန်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီး၊ အရေပြား အထူးကုဆရာဝန်ကြီးနှင့် သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီးများ နှင့်အတူ ဆင်မြီးဆွဲတိုက်နယ်ဆရာဝန်၊ ဆေးရုံကော်မတီနှင့် မြို့မိမြို့ဖများက ပါဝင်ကူညီကာ ဆင်မြီးဆွဲကျေးရွာ အုပ်စုနှင့် အနီးအနားရှိကျေးရွာများမှ ဝေဒနာရှင်များအား ကျန်းမာရေး စောင့်ရှောက်မှုများပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မျက်စိဝေဒနာရှင်ပြည်သူများအား အခမဲ့စမ်းသပ်ကုသပေး



**ရေတ်ကောင်း မတ် ၂၀**

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့တွင် ချယ်ရီမေတ္တာဖောင်ဒေးရှင်းနှင့် ငရုတ်ကောင်းမြို့ရှိ ဇီဝိတဒါန လူမှုကူညီရေးအဖွဲ့တို့ ပူးပေါင်းကာ မျက်စိ ဝေဒနာရှင်များအား ဒုတိယအကြိမ် စမ်းသပ်ကုသမှုများကို မတ် ၁၇ ရက်မှ ၁၉ ရက်အထိ ငရုတ်ကောင်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဓမ္မိကာရုံဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ပေးခဲ့သည်။

မျက်စိပါရဂူ ဆရာဝန်ကြီးများနှင့် ငရုတ်ကောင်းမြို့ ပြည်သူ့ဆေးရုံမှ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသပေးခြင်းဖြစ်ပြီး ခွဲစိတ်ကုသရန်လိုအပ်သော ဝေဒနာရှင်များကို ငရုတ်ကောင်းမြို့ပြည်သူ့ဆေးရုံ၌ မတ် ၂၀ ရက်နှင့် ၂၁ ရက်တွင် ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စက္ခုဒါနကုသိုလ် အခမဲ့ မျက်စိစမ်းသပ်ကုသပေးသည့် အစီအစဉ်တွင် ဝေဒနာရှင် ပြည်သူများ၏ နေထိုင်မှုနှင့် စားသောက်ရေးတို့ အတွက်ပါ ဇီဝိတဒါန လူမှုကူညီရေးအဖွဲ့က အခမဲ့ ဆောင်ရွက် ပေးနေကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

# တောင်သူပညာပေးဆွေးနွေးပွဲနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ

**မန်တုံ မတ် ၂၀**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ဒေသခံပြည်သူများအား ကျန်းမာရေးအသိပညာဟောပြောပွဲနှင့် တောင်သူများအား စိုက်ပျိုးရေးပညာပေးဟောပြောပွဲကို မတ် ၁၆ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မန်တုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးဇေယျာမင်းမင်းအောင်က ဒေသခံ တောင်သူများအား တောင်စောင်းမြေဆီလွှာ ထိန်းသိမ်း စိုက်ပျိုးနည်းစနစ်နှင့်ပတ်သက်၍ လက်တွေ့သရုပ်ပြ ဟောပြောကာ သိပ္ပံနည်းကျ စိုက်နည်းစနစ်(၁၄)ချက် အကြောင်း၊ အစေ့ထုတ်ပြောင်း စိုက်ပျိုးနည်းပညာများ အကြောင်းနှင့် အဖျက်ပိုးရန် ကာကွယ်နှိမ်နင်းသည့် နည်းပညာများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးသန့်ဇင်ဦးက သီးနှံများနှင့် မှိုအဆိပ်အကြောင်းများကိုလည်း ကောင်း ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ တွဲဖက်ဦးစီးမှူး ဒေါက်တာချစ်ဝင်းလေးက ဒေသခံပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ မွေးကင်းစ ကလေးကျန်းမာရေးနှင့် ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး စောင့်ရှောက်ပေးမှုများအကြောင်းကိုလည်းကောင်း၊ သွားနှင့်ခံတွင်း လက်ထောက်ဆရာဝန် ဒေါက်တာစိုးဇော်ဦးက သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာများနှင့် ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများကိုလည်း ကောင်း ဟောပြောခဲ့သည်။ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစည်သူမောင်မောင် ကလည်း ဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအကြောင်းကို ရှင်းလင်း ဟောပြောခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

**ကျောက်ပန်းတောင်း မြို့နယ်အတွင်းမှ သောက်သုံးရေ လိုအပ်ချက်ရှိနေသော စီရင်စုကျေးရွာနေ ပြည်သူများအတွက် သောက်သုံးရေများကို ကျောက်ပန်း တောင်းမြို့မရဲစခန်းမှ ရဲမှူးသိန်းဦး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ မတ် ၁၈ ရက်က သွားရောက်ဖြန့်ဝေပေးစဉ်။**

(ဂါလန် ၅၅၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများသယ်ယူ၍ အဆိုပါ ကျေးရွာရှိ အိမ်ထောင်စု ၉၀ အတွက် သောက်သုံးရေများကို အိမ်ထောင်စု အလိုက် စနစ်တကျဖြန့်ဝေပေးခဲ့ကြောင်း၊ မြို့နယ်အတွင်းမှ သောက်သုံးရေ အခက်အခဲရှိသည့် ကျေးရွာများသို့ စဉ်ဆက်မပြတ် ရေဖြန့်ဝေလှူဒါန်းပေး သွားမည်ဖြစ်ကြောင်း သိရသည်။)

**နေအောင်(ပြန်/ဆက်)**




## မှုခင်းသတင်းတိုများ

### ကလေးငယ်တစ်ဦး မီးခြစ်ဖြင့် ဆော့ကစားရာမှ နေအိမ်မီးလောင်မှုဖြစ်

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းလပ်မြို့ နမ့်ဆီးအာခါကျေးရွာ၌ ကလေးငယ်တစ်ဦး မီးခြစ်ဖြင့် ဆော့ကစားရာမှ နေအိမ်မီးလောင်မှု မတ် ၁၈ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာနေ ဦးဂေရဲ၏သားဖြစ်သူ အသက် ကိုးနှစ်အရွယ် ကလေးငယ်သည် လူကြီးများမရှိခိုက် မီးခြစ်ဖြင့်ဆော့ကစားရာမှ အုတ်ညှပ်ပျဉ်ကာ သွပ်မိုး နှစ်ထပ် နေအိမ်ကို မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ပြီး ကျိုင်းလပ်မြို့မီးသတ်တပ်ဖွဲ့နှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့၍ အခြားနေအိမ်များသို့ မီးကူးစက် လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးလောင်မှုဖြစ်ပွားသည့် အိမ်ရှင်ဦးဂေရဲအား ကျိုင်းလပ်နယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

### ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ရှမ်းပြည်နယ် မဘိမ်းမြို့နယ်အတွင်း၌ မတ် ၁၈ က ဘိန်းဖြူ ၁၀၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀ ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ မဘိမ်းမြို့နယ် ရမ်းဘိုမိုးလုံး လမ်းဘေးရှိ မောင်အေး၏ မိုးကာရွက်ဖျင်တဲတွင် မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းအရ မဘိမ်းမြို့မရဲစခန်းမှ ရဲအုပ်ရဲဇော်မြင့်နှင့် တပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ဝင်ရောက်ရှာဖွေရာ တဲရှင် မောင်အေးနှင့်အတူ ဘိန်းဖြူ ၁၀ ဂရမ်စီပါဝင်သော ရောင်စုံဆပ်ပြာခွက် ၁၀၁ ခွက်(စုစုပေါင်း အလေးချိန် ၁၀၁၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀ ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကာ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ မောင်အေးအား မဘိမ်းမြို့မရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ဆိုင်ကယ်အရှိန်ပြင်းစွာမောင်းနှင်၍ နောက်ထိုင်လိုက်ပါလာသူပြုတ်ကျသေဆုံး

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် အုန်းသာ-ကရား လမ်းပေါ်တွင် လူတစ်ဦး ဆိုင်ကယ်ပေါ်မှပြုတ်ကျသေဆုံးမှု မတ် ၁၇ ရက်က ဖြစ်ပွားခဲ့သည်။ ဖောင်းပြင်မြို့မရဲစခန်းမှ သွားရောက်စစ်ဆေးချက်အရ ဟင်းနုကြီးရွာနေ မောင်စိန်(၁၉နှစ်) မောင်းနှင်ပြီး နောက်မှ မသဲစိန်(၁၅နှစ်) လိုက်ပါလာသည့် ဆိုင်ကယ်သည် အရှိန်ပြင်းစွာ မောင်းနှင်သဖြင့် နောက်ထိုင်လိုက်ပါလာသူ မသဲစိန်မှာ ပြုတ်ကျသေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ဆိုင်ကယ်မောင်းသူ မောင်စိန်အား ဖောင်းပြင်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

### နှစ်လုံးထီရောင်းချသူအား လောင်းကြေးငွေနှင့်အတူဖမ်းမိ

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့ သူဌေးတန်းရပ်ကွက်တွင် နှစ်လုံးထီ ရောင်းချနေသူတစ်ဦးအား မတ် ၁၇ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ အဆိုပါ ရပ်ကွက်နေ မျိုးမင်း(၄၀နှစ်)၏ နေအိမ်တွင် နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ မြစ်သားမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးရာ မျိုးမင်းအား နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၉၈၂၄၀၀ နှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်ပြီး မျိုးမင်းအား ကူမဲနယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



# ပိုင်ရှင်မဲ့သစ်စက်တစ်လုံးနှင့် သစ်များဖမ်းဆီးရမိ

**မော်လူး မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာ အဆိုပြုကြိုးဝိုင်းအတွင်းရှိ နားပုံတောရေယာဉ်၌ ပိုင်ရှင်မဲ့ တရားမဝင်သစ်စက်တစ်လုံးကို မတ် ၁၈ ရက်က ဖမ်းဆီး ရမိခဲ့ကြောင်း သိရသည်။

နယ်မြေခံ တပ်မတော်စစ်ကြောင်းမှ ဗိုလ်မှူးနေမျိုးထိုက် ဦးစီးသောတပ်ဖွဲ့ဝင်များက အဆိုပါနေရာ၌ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ပိုင်ရှင်မဲ့ တရားမဝင်သစ်စက် တစ်လုံးကို တွေ့ရှိ၍ မော်လူးနယ်မြေရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မင်းသိန်းထွန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက သစ်တောဘိနယ်တာဝန်ခံနှင့်အတူ သွားရောက် စစ်ဆေးရာ သစ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ ကျွန်းခွဲသားဆိုက်စုံ ၄၇ ချောင်း (အလေးချိန် ၀ ဒသမ ၇၈၅ တန်)၊ ကျွန်းသစ်အလုံး ၂၀(အလေးချိန် ၅ ဒသမ ၁၁ တန်)၊ ကျွန်းတိုင်သုံးလုံး (အလေးချိန် ၀ ဒသမ ၅၃၈ တန်)နှင့် အခြားသစ် နှစ်လုံး (အလေးချိန် ၁ ဒသမ ၀၈၈ တန်)တို့ကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်ကာ သိမ်းဆည်း ရမိသောပစ္စည်းများကို မော်လူးသစ်တောဘိနယ် တာဝန်ခံက သစ်တောဥပဒေအရ ထိန်းသိမ်းဆောင်ရွက်ထားကြောင်း သိရသည်။ **(၀၆၇)**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
**အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်းရှိ ပင်မနှစ်ထပ်ဆောင် အပါအဝင် စုစုပေါင်းအဆောက်အအုံ (၂၈)လုံးအား အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လိုသည့် ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ စိတ်ပါဝင်စားမှုဖော်ပြချက် Expression Of Interest (EOI) တင်ပြရန် ဖိတ်ခေါ်ခြင်း**

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိ အင်းစိန်စက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်းတွင် ပင်မနှစ်ထပ်ဆောင် အပါအဝင် စုစုပေါင်းအဆောက်အအုံ (၂၈)လုံးတို့အား စိတ်ပါဝင်စားသည့် လိုင်စင်ရပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် အကြီးစားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် ပြည်တွင်းဆောက်လုပ်ရေးကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြချက်လျှောက်လွှာ Expression Of Interest (EOI) ကို ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးအမှတ်-၂၁)သို့ လိပ်မူ၍ ၂၀၁၇ ခုနှစ် ဧပြီ ၂၅ ရက် ညနေ ၁၅:၀၀ နာရီ (မြန်မာစံတော်ချိန်)အရောက် ပေးပို့ပေးရမည်ဖြစ်ပါသည်။ စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာပုံစံ၊ လမ်းညွှန်ချက်များနှင့် အခြားသက်ဆိုင်သည့် အချက်အလက်များအား မိမိတို့၏ကုမ္ပဏီဆိုင်ရာအထောက်အထားများ ယူဆောင်ပြသလျက် အထက်ပါလိပ်စာတွင် ၂၀-၃-၂၀၁၇ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပေးပို့လာသော(EOI)လျှောက်လွှာများအနက် အလားအလာရှိသော လုပ်ငန်းလုပ်ကိုင်လိုသူ ဆောက်လုပ်ရေးကုမ္ပဏီများကို ပဏာမရွေးချယ်၍ တင်ဒါလုပ်ငန်းစဉ်တွင် ဆက်လက်ပါဝင်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၀၂၀၊ ၀၆၇-၄၀၄၃၈၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချပေးနိုင်မည့်ဈေးနှုန်း ပစ္စည်းနမူနာနှင့်အတူ တင်ဒါလာရောက်ပေးသွင်းနိုင်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ခွင့်ပြုငွေ (ကျပ်သန်း) |
|---|---|---|---|
| ၁ | Trolley (ပစ္စည်းတင်လက်တွန်းလှည်း၊ အလျား ၂.၅ပေ အနံ ၂ပေ) | ၁၀၀ ခု | ၈.၀၀၀ |
| ၂ | Family Kit<br>-စတီးဓားအသွား ၅" ၁ချောင်း<br>-ကျားလုံချည် (အသင့်ချုပ်ပြီး) ၃ထည်<br>-မလုံချည် (အထက်ဆင်ပါချုပ်ပြီး) ၃ထည်<br>-တဘက်(အလျား ၅၄"၊ အနံ ၂၇") ၂ထည်<br>-တဘက်(အလျား ၃၀"၊ အနံ ၁၅") ၂ထည်<br>-တီရှပ် (XL Size) ၂ ထည်<br>-တီရှပ် (၅-၁၀နှစ်) ၂ ထည်<br>-တီရှပ် (၃-၅နှစ်) ၃ထည်<br>-စောင်(ကိုရီးယား) ၃ထည်<br>-စတီးပန်းကန်ပြား ၅ချပ်<br>-စတီးဟင်းခပ်ဇွန်း ၅ ချောင်း<br>-ဆပ်ပြာမွှေး ၂တုံး၊ ဆပ်ပြာကြမ်း ၂တောင့်<br>-ဒန်အိုး (၁၀")၁လုံး<br>-ဒန်အိုး (၈") ၂လုံး<br>-စတီးဇလုံ (၂၂ စီအမ်) ၂လုံး<br>-စတီးသောက်ရေခွက် (အသေး) ၃လုံး<br>-နှစ်ယောက်အိပ်ခြင်ထောင် ၂လုံး<br>-ဇွန်းခွက်ကြီး (၁၂" အရှည်လက်ကိုင်ပါ) ၁ ချောင်း<br>-ပလတ်စတစ်ရေချိုးခွက် ၁ခု<br>-နှစ်ယောက်အိပ်ပလတ်စတစ်ဖျာ ၁ ချပ်<br>-လေးထောင့်ပလတ်စတစ်ပုံး အဖုံးပါ(အကြီး)၁ပုံး (ဘီးမပါ) | ၃၁၇၀စုံ | ၂၈၅.၃၀၀ |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၃-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(ခ) **တင်ဒါပုံစံပိတ်မည့်ရက်** - ၂၄-၃-၂၀၁၇ ရက် ၁၆:၀၀ နာရီ
(ဂ) **တင်ဒါပုံစံ (၁)စောင်ဈေးနှုန်း** - ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)
(ဃ) **တင်ဒါရောင်းချမည့်နေရာ** - ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)နေပြည်တော်

၃။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်စာရင်းကို ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၀၄၃၆၉၊ ၀၆၇-၄၀၄၃၈၅၊ ၀၆၇-၄၀၄၃၁၇တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**

**ကိုရဲလင်းအောင်(ဘ)ဦးခင်မောင်သန်း ၇/ပခန(နိုင်)၁၀၁၆၀၂ သိစေရန်**

## ကြေညာချက်

ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း၊ ပြည်တော်သာရပ်ကွက်၊ ဒဂုံမန်းလမ်း၊ အိမ်အမှတ် ပပ/၂၁ နေ ဦးကျော်ခင်ဝင်း၏သမီး မချောရူပါဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေ မချောရူပါဝင်းနှင့် တရားဝင် အကြင်လင်မယားဖြစ်ကြပြီး ယခုအခါ စိတ်သဘောထားချင်းမသက်ဆိုင်သဖြင့် ၅-၁-၂၀၁၇ ရက်မှစ၍ ယနေ့ထိတိုင် ကွဲကွာနေထိုင်လျက်ရှိကြရာမှာ လူကြီးမင်းသည် ကျွန်ုပ်မိတ်ဆွေ မချောရူပါဝင်း၏ ဂုဏ်သိက္ခာ ကျဆင်းစေသောစကား၊ အပြောအဆို၊ အပြုအမူများကိုလုပ်ဆောင်လျက်ရှိသဖြင့် လူကြီးမင်းမှ ဆက်လက်ပြုမူပြောဆိုဆောင်ရွက်ခြင်းမပြုပါရန် ကြိုတင်အကြောင်းကြားသိစေအပ်ပါသည်။

လူကြီးမင်းမှ ဆက်လက်ပြုမူ၊ ပြောဆိုဆောင်ရွက်နေမည်ဆိုပါက တည်ဆဲဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ကြိုတင်အကြောင်းကြားသိစေအပ်ပါသည်။

**မချောရူပါဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းခင်ဦး(စဉ်-၆၆၃၆)**
**B.A(Law), LL.B တရားလွှတ်တော်ရှေ့နေ**
**(၃)လမ်း၊ ရုံးရပ်ကွက်၊ ဖြူးမြို့၊ ဖုန်း-၀၉-၅၃၉၀၄၁၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနမှ ပင်မဓာတ်အားခွဲရုံကြီးများတွင် အသုံးပြုရန်အတွက် လိုအပ်သော 245kV. 145kV, 72.5kV & 36kV Switch gear & Accessories များကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၃-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၅-၄-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနမှ အောက်ဖော်ပြပါ Power Transformer များကို (နိုင်ငံခြားငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) **လှိုင်သာယာဓာတ်အားခွဲရုံအတွက်**
230/33/11kV, (155) MVA Three Phase
Power Transformer (2) Nos

(ခ) **ဘဲလင်း/အောင်ပင်လယ် ဓာတ်အားခွဲရုံအတွက်**
230/132/11kV, (100) MVA Three Phase
Power Transformer (1) No

(ဂ) **အောင်ချမ်းသာနှင့်ငှက်ပျောဒိုင်း ဓာတ်အားခွဲရုံ** အတွက် 132/33/11kV, (50) MVA Three Phase
Power Transformer (4) Nos

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၃-၃-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၅-၄-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၀၆၇-၄၁၀၂၈၂**

## အသိပေးကြေညာခြင်း

WIN & S.P.A.M Co.,Ltd သိစေရန်မှာ လူကြီးမင်းကုမ္ပဏီမှ အရစ်ကျဖြင့် ဝယ်ယူထားသော မော်တော်ယာဉ်အမှတ် ၇C/၉၀၂၈ SUZUKI SWIFT ၏ လိုင်စင်သက်တမ်းတိုးရန်အတွက် ယာဉ်မှတ်ပုံတင်စာအုပ် လိုအပ်နေပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ဆက်သွယ်ပါရန် အကြောင်းကြားပါသည်။

**ဆက်သွယ်ရန်**
**ဦးရန်ပိုင် ၁၂/မရက(နိုင်)၁၃၇၀၀၀၊ ဖုန်း-၀၉-၂၅၈၈၈၈၀၉၂**

**အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့**
## အကြောင်းကြားစာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၆ခုနှစ် တရားမပထမအယူခံမှုအမှတ်-၉၆**

| | | |
|---|---|---|
| ၁။ ဦးကံကြည် | နှင့် | ၁။ ဦးညိုခဲ |
| ၂။ ဦးကံစီ | | ၂။ ဦးကျော်ဦး[၄င်းကိုယ်တိုင်နှင့် (၁)တရားပြိုင်၏အခွင့်ရကိုယ်စားလှယ်] |
| ၃။ ဦးကုလား | | ၃။ ဦးစိုးဝင်း |
| ၄။ ဒေါ်သန်း | | ၄။ ဦးစိုးလင်း |
| ၅။ ဦးပြား | | ၅။ ဦးစိုးနိုင် |
| ၆။ ဒေါ်လှပွဲ | | ၆။ ဒေါ်တင်တင်စိုး |
| ၇။ ဦးပြေသိန်း | | ၇။ မဖြူသင်း |
| | | ၈။ မောင်မင်းထွန်း (ကွယ်လွန်သူ ဦးတင်ရွှေ၏ တရားဝင် ကိုယ်စားလှယ်) |
| | | ၉။ မကြူနှင်း |
| | | ၁၀။ မခိုင်ဇင်လင်း |
| | | ၁၁။ မောင်ဖိုးသား |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၁ ရက်စွဲပါကန့်ဘလူခရိုင် တရားရုံးတော်မှ ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၂ကို အယူခံမှု။

အယူခံတရားပြိုင်(၃)ဦးစိုးဝင်း၊ ကျီကျင်းကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ အယူခံတရားပြိုင်(၄) ဦးစိုးလင်း၊ အယူခံတရားပြိုင်(၅) ဦးစိုးနိုင်၊ အယူခံတရားပြိုင်(၆) ဒေါ်တင်တင်စိုး ရန်အောင်(၂) ရပ်ကွက်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ အယူခံတရားပြိုင်(၇) မဖြူသင်း၊ အယူခံတရားပြိုင်(၈) မောင်မင်းထွန်း၊ အယူခံတရားပြိုင်(၉) မကြူနှင်း၊ အယူခံတရားပြိုင်(၁၀) မခိုင်ဇင်လင်း၊ ကျီကျင်းကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ အယူခံတရားပြိုင်(၁၁) မောင်ဖိုးသား ငကျိုင်းကျေးရွာ၊ ခင်ဦးမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိကြသူများ) သိစေရမည်။

ယခုအမှုတွင် ကန့်ဘလူခရိုင်တရားရုံးက ချမှတ်ပေးသည့် ဒီကရီကို ဦးကံကြည် ပါ-၇ ဦးက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၇ခုနှစ် ဧပြီ ၂၄ရက် (၁၃၇၉ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၃ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၄င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၇ခုနှစ် မတ် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**
**(ဆွေဆွေအေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်**

## ရခိုင်သဟာယအသင်း(ရန်ကုန်)
## ငွေဆောင်ကမ်းခြေသို့ အပန်းဖြေခရီးထွက်မည်

ရခိုင်သဟာယအသင်းမှ ဒေသန္တရလေ့လာရေးနှင့် မိတ်ဆုံအပန်းဖြေ (၂)ညအိပ်ခရီးစဉ် အဖြစ် ငွေဆောင်ကမ်းခြေသို့ သွားရောက်မည်ဖြစ်ပါသည်။ နှစ်စဉ်သွားနေကြသဘောခရီးစဉ် အစား တမူထူးခြားသော ခံစားမှုများကို ရရှိရန် လိုက်ပါလိုကြသူများ ကြိုတင်စာရင်းပေးနိုင်ကြပါပြီ။

**နေ့ရက်** - ၂၄-၃-၂၀၁၇ ရက်မှ ၂၆-၃-၂၀၁၇ ရက်အထိ
**အချိန်** - ည ၉:၃၀ နာရီ
**ထွက်ခွာမည့်နေရာ** - ကျောက်မြောင်းမီးသတ်ရှေ့

**ဆက်သွယ်ရန်-**
**ဦးရွှေသိန်းကျော် ဖုန်း-၀၉-၅၀၀၂၇၈၅၊ ဦးထွန်းနိုင် ဖုန်း-၀၉-၂၅၄၃၁၁၀၇၁**
**ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀၆၄၆၅၃၊ ဦးသာမြကျော် ဖုန်း-၀၉-၅၁၅၅၄၁၉**
**ဦးသန်းထွန်း ဖုန်း-၀၉-၅၁၀၄၉၀၁၊ ဦးကျော်မောင် ဖုန်း-၀၉-၅၀၇၂၈၈၉**
**ဦးမောင်နု ဖုန်း-၀၉-၇၈၄၁၄၆၄၀၇၊ ဦးစောအောင် ဖုန်း-၀၉-၅၀၈၂၄၃၉**
**ဒေါ်စုစုသိန်း ဖုန်း-၀၉-၉၇၁၈၇၅၁၆၂၊ ရုံးဖုန်း-၀၁-၂၂၁၀၆၄**

**အမှုဆောင်အဖွဲ့**
**ရခိုင်သဟာယအသင်း(ရန်ကုန်)**

## နိုင်ငံတကာသုတေသနစာတမ်းဖတ်ပွဲတက်ရောက်ရန် ဖိတ်ကြားခြင်း

Myanmar Tunnelling and Underground Space Committee (MTUSC), Myanmar Engineering Society (MES), Myanmar Geoscience Society (MGS) မှ ကြီးမှူး၍ "Effective Use of Tunnelling and Underground Space for Sustainable Development ခေါင်းစဉ်ဖြင့် ၂၀၁၇ ခုနှစ် မတ် ၂၅ ရက်တွင် Special Seminar အား ရန်ကုန်နည်းပညာတက္ကသိုလ် ကြို့ကုန်းစက်မှုခန်းမတွင် ကျင်းပမည်ဖြစ်ပါသည်။ ဤ Seminar တွင် ITA ၏ ဥက္ကဋ္ဌ Professor Tarcisio Celestino ဦးဆောင်၍ International Tunnelling and Underground Space Association (ITA) ၏ Executive Council Members များမှ အထက်ပါခေါင်းစဉ်နှင့် သက်ဆိုင်သော စာတမ်းများကို ဖတ်ကြားကြပါမည်။ တက်ရောက်သူများကို CPD Hour နှင့် ITA နှင့် MTUSC တို့မှ Certificate များ ထုတ်ပေးမည်ဖြစ်ပါသည်။ Registration fee မှာ local အတွက် 35000 Kyats နှင့် Foreigner အတွက်မှု USD 100 ဖြစ်ပါသည်။ ဖုန်း-၀၉-၉၇၉၂၀၁၀၀၉၊ ၀၉-၄၅၀၀၅၁၃၁၀သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါသည်။

**ဂျူလီယာ(JULIA)**
**ပညာဒါန စက်ချုပ်သင်တန်း အမှတ်စဉ်(၂၀)**
## သင်တန်းသားများ ခေါ်ယူခြင်း
**(အမျိုးသမီး သီးသန့်)**

အမျိုးသမီးတိုင်း လက်မှုပညာတတ်မြောက်စေရန်၊ လက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နိုင်ရန်၊ မြန်မာအမျိုးသမီးများ၏လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်သုံးရပ်ကို အခြေခံ၍ စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ စက်ချုပ်ပညာ အခြေခံ၍ ဒီဇိုင်နာဖြစ်လိုသူများ၊ မိမိစိတ်ကြိုက်ဒီဇိုင်းထွင်၍ အင်္ကျီအလှဆင်လိုသူများအတွက် စက်ချုပ်ပညာကို အခြေခံစက်နင်းမှ အစပြု၍ ထမီ၊ ချိတ်ထမီ၊ ဘောင်းဘီနှင့် စကပ်ဒီဇိုင်းအမျိုးမျိုး၊ အင်္ကျီဒီဇိုင်းအမျိုးမျိုး၊ ရှပ်အင်္ကျီ၊ ကုတ်အင်္ကျီနှင့် ဂါဝန် အပါအဝင် စုစုပေါင်းအမျိုး (၂၀)ကျော်ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် ဆရာမကိုယ်တိုင် ကြီးကြပ်၍ သင်ကြားပို့ချလျက်ရှိပါသည်။ စက်ချုပ်ပညာကို စိတ်ဝင်စားသူ မည်သူမဆို လူမျိုးဘာသာမရွေး တက်ရောက်နိုင်ပါသည်။

**တန်းခွဲများ**
တန်းခွဲ(A) - စနေ၊တနင်္ဂနွေ - မနက် ၇:၀၀နာရီမှ ၉:၀၀နာရီ
တန်းခွဲ(B) - စနေ၊တနင်္ဂနွေ - မနက် ၁၀:၀၀နာရီမှ ၁၂:၀၀နာရီ
တန်းခွဲ(C) - စနေ၊တနင်္ဂနွေ - မွန်းလွဲ ၁:၀၀နာရီမှ ၃:၀၀နာရီ
တန်းခွဲ(D) - စနေ၊တနင်္ဂနွေ - ညနေ ၄:၀၀နာရီမှ ၆:၀၀နာရီ
တစ်ပတ် ၂ရက် (၃)လပြတ်
၁-၄-၂၀၁၇ရက်တွင် စတင်ဖွင့်လှစ်မည်။
လူဦးရေကန့်သတ်ထားပါသည်။

လျှောက်ထားသူသည် လိုင်စင်ဓာတ်ပုံ(၃)ပုံနှင့် အလှူငွေ ငါးသောင်းကျပ် ထည့်ဝင်လှူဒါန်း၍ အောက်ပါလိပ်စာအတိုင်း ၃၁-၃-၂၀၁၇ရက် နောက်ဆုံးထား၍ နံနက် ၈:၀၀နာရီမှ ည၈:၀၀နာရီထိ ပိတ်ရက်မရှိ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ Centre(I)** - **အမှတ်(၁၄၄)၊ ပထမထပ်(ဝဲ)၊ (၃၇)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ (ပန်းဆိုးတန်းလမ်း မှတ်တိုင်တွင်ဆင်းပါ၊ ဖုန်း-၀၉-၅၀၅၈၇၆၇**
**Centre(II)** - **အမှတ်(၂၅၅)၊ (၈)လွှာ(A)၊ ၃၉လမ်းနှင့်လမ်း၄၀ကြား၊ အာရှပလာဇာနှင့်ရှုဘီမက်အနီး။ ဗိုလ်ချုပ်လမ်းမကြီး၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၈၇၆၇**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ် (ဆ/က)ရပ်ကွက်၊ ကြိုးစက်လမ်း၊ အမှတ်(၆၁၇)မြေညီထပ်(ခေါင်းရင်းခန်း)တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချစ်ချစ်ဝေ ၁၂/သဃက(နိုင်)၁၆၂၀၉၃ တစ်ဦးတည်းသာတရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်း/စွန့်လွှတ်/လှူဒါန်းထားခြင်း၊ ပေါင်နှံထားခြင်းလုံးဝမရှိကြောင်းနှင့်ဒေါ်ချစ်ချစ်ဝေ၏ သဘောတူညီခွင့်ပြုချက်မရှိဘဲ အဆိုပါတိုက်ခန်းအားလွှဲပြောင်း/ ရောင်းချ/ ပေါင်နှံ/ ပေးကမ်းခြင်းများ ပြုလုပ်ပါက ပြုလုပ်သူများ၏တာဝန်သာဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ချစ်ချစ်ဝေ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မိုးမိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၅)**
**အမှတ်(၈၃/၁၅)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၁၀၉၇၄၀၃၊ ၀၉-၉၇၂၀၆၆၆၇၀**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဘသောင်း ၁၁/ဂမန(နိုင်)၀၃၆၁၉၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ လောင်းကျိုးကျေးရွာတွင် နေထိုင်သူ ကျွန်ုပ်မိတ်ဆွေဖြစ်သူဦးဘသောင်းက တစ်ဦးတည်းနေထိုင်သူ ဒေါ်အိအိမွန် ၁၁/ဂမန(နိုင်) ၀၃၈၂၂၆ အား ၃၁-၅-၂၀၁၆ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာကို ပေးအပ်ခဲ့ရာ ၁၄-၃-၂၀၁၇ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်ခြင်းကို ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဘသောင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၈၆၇)**
**ဂွမြို့၊ ဖုန်း-၀၉-၄၂၁၇၃၈၃၀၂**

## မွေးသက္ကရာဇ်အမှန်

မိုင်းတုံမြို့နေ ဦးလင်းလင်း-ဒေါ်ဘေဘီစိုးညွှန့် တို့၏သား မောင်ဝေလင်းထိုက်၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၂-၁၉၉၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ သိမ်တော်ကြီးလမ်း၊ အကွက်အမှတ် ၃၈၊ ပုလိပ်ကျောင်း အကွက်၊ ဦးပိုင်အမှတ် ၂၅-၁၈/၂၊ ဧရိယာ ၀.၁၁၁၀၇၈၈ ကေရှိမြေအား ဦးဟန်မြင့်အမည်ဖြင့် မြေငှားဂရန် (သက်တမ်းတိုး) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀အိုင်²၊မြေကွက်အမှတ်III-၂ မြေကွက်တည်နေရာအမှတ် ၁၇၀/၁၇၂၊ ၄၉လမ်း၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဒေါ်မြရီ ၁၂/ပဇတ(နိုင်)၀၁၁၈၀၉ အမည်ပေါက် နှစ် ၉၀ ဂရန် (သက်ကုန်)မြေအား အမည်ပေါက် ဒေါ်မြရီနှင့်ခင်ပွန်းဦးအောင်မင်းတို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်သန်းသန်းဦး(ခ)နယ်လီအောင် ၁၂/ကတတ(နိုင်)၀၁၆၀၇၇၊ (၂)ဦးတင်မောင်ဝင်း ၁၂/စခန (နိုင်)၀၁၅၅၉၁၊ ဒေါ်မြင့်မြင့်စန်း ၁၂/ပဇတ(နိုင်)၀၁၂၃၄၂၊ (၄)ဒေါ်ကြည်ကြည်ခင် ၁၂/ပဇတ(နိုင်)၀၁၁၇၉၂၊ (၅)ဦးခင်မောင်မြင့်၁၂/ပဇတ(နိုင်)၀၁၁၂၅၇၊ (၆)ဦးဇော်နိုင် ၁၂/ပဇတ(နိုင်)၀၁၂၁၀၅၊ (၇)ဦးဇော်အောင် ၁၂/ပဇတ(နိုင်)၀၁၂၀၉၆တို့ထံမှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် ၁၅၇၀၆/၂၀၁၆ (၆-၁၀-၂၀၁၆) ဒေါ်မြရီနှင့် ဦးအောင်မင်းတို့၏ သေစာရင်းများ၊ နှစ် ၉၀ ဂရန်မူရင်းကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၉/ဒက္ခိဏသီရိတောင်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(ဒ-၃၂၀၁၇)၊ ဧရိယာ ၀ဒသမ၁၄၆ဧကရှိ ဦးညွှန့်ဝင်း (ဘ)ဦးစံမြင့် ၉/လဝန(နိုင်)၁၀၃၉၂၇ အမည်ပေါက် ပါမစ်မြေကွက်အား ဦးသန်းဌေး(ဘ)ဦးလှမောင် ၉/လဝန(နိုင်)၀၀၅၂၆၀မှ မြေပေးမိန့် ပါမစ်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၁၂၀၇/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၀၇/ခ၊ တိုးချဲ့ ၂လမ်း၊ ၂/မြောက်ရပ်ကွက် သာကေတမြို့နယ်၊ ဦးထွန်းရှိန် ၁၂/သကတ(နိုင်)၁၁၁၅၁၆အမည်ပေါက် နှစ်၆၀ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ တရားလိုဒေါ်သင်းသင်းခိုင်မှ ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ် ၁၈ဖြင့် တရားပြိုင် ဦးထွန်းရှိန် ပါ-၃ဦးတို့အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ၁၁-၅-၂၀၁၆ရက်စီရင်ချက် အနိုင်ဒီကရီနှင့် ၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ် ၂၈အမိန့်နှင့်ဂရန်မူရင်းတို့တင်ပြ၍ တရားရုံးကိုယ်စားဘိလစ် ဒေါ်သင်းသင်းလှိုင် ၁၂/ဒလန(နိုင်)၀၃၆၉၄၄မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာတွင် တရားနိုင်ကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရွှေ
### အသက်(၉၉)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေ အသက်(၉၉)နှစ်သည် ၁၉-၃-၂၀၁၇ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦး မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
## ဒေါ်တင်ရွှေ
### အသက်(၉၉)နှစ်

သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေ အသက်(၉၉)နှစ်သည် ၁၉-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်မြင့်-ဒေါ်ရွှယ်ဂျာ**
**အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေ အသက်(၉၉)နှစ်သည် ၁၉-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ် ၅၉ နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**သာသနာရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေ အသက်(၉၉)နှစ်သည် ၁၉-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ် ၅၉ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်တင်ရွှေ
### အသက်(၉၉)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို-ဒေါ်မြင့်မြင့်ရီတို့၏မိခင် ဒေါ်တင်ရွှေ အသက်(၉၉)နှစ်သည် ၁၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ကျောက်ပန်းတောင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးတန်းလမ်း၊ အမှတ် ၅၉နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ဝင်း (သီပေါ)
### နဝရတ်ရေစင်ကုန်စုံဆိုင်
### အသက်(၈၁)နှစ်

သီပေါမြို့၊ ပန်းထိမ်မြောက်ရပ်ကွက်၊ အောင်သပြေလမ်းနေ (ဦးငွေရ-ဒေါ်ဒေါ်ငန်)တို့၏သား၊ နန့်ဆန်မြို့နေ(ဦးစိန်-ဒေါ်စိန်)တို့၏သားသမက်၊ သီပေါမြို့၊ ရွှေကျောင်းရပ်နေ ဦးမြင့်လွင်-ဒေါ်ကြင်လှတို့၏မောင်၊ ပန်းထိမ်မြောက်ရပ်ကွက်နေ ဦးကျော်မြင့်-ဒေါ်အေးအေး၊ ဦးစိုးမြင့်-ဒေါ်မြင့်မြင့်၊ ဦးချစ်ထွေး-(ဒေါ်ကြည်ကြည်)၊(ဒေါ်ခင်နွဲ့နွဲ့)၊ဦးသိန်းဌေး-ဒေါ်ဌေးဌေးတို့၏အစ်ကို၊ မန္တလေးမြို့နေ(ဦးထွန်းတင်)-ဒေါ်ငွေညွန့်၊(ဦးငွန်ဖေ)-ဒေါ်မြဟန်၊ဦးဖေသန်း-(ဒေါက်တာဒေါ်စုစုဝေ)တို့၏ညီ/မောင်၊(ဦးထွန်းအောင်-ဒေါ်မြသိန်း)၊ ဦးထွန်းဝင်း-ဒေါ်စီစီတို့၏အစ်ကို၊ မန္တလေးမြို့၊ ၁၄လမ်း၊ ပါရမီရိပ်သာ၊ ရန်ကင်းလမ်းသွယ်နေ စိုင်းအောင်သန်းဝင်း-မတင်နိုင်နိုင်မြင့်၊ မနန်းစန္ဒာဝင်း၊ ဒေါက်တာနန်းကေသီဝင်း(တွဲဖက်ပါမောက္ခ၊ အသည်းအထူးကုဆရာဝန်၊ မန္တလေးပြည်သူ့ဆေးရုံကြီး)တို့၏ဖခင်၊ မောင်ရဲထက်အောင်၊ မရွှန်းလဲ့အောင်တို့၏အဘိုး၊ ဒေါ်ခင်မြိုင်၏ခင်ပွန်းသည် ၁၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးအောင်ငွေ အသက်(၆၇)နှစ်
### ဒုစက်ရုံမှူး(ငြိမ်း)၊ကျောက်ဆည်ဘိလပ်မြေစက်ရုံ၊ စက်မှုဝန်ကြီးဌာန

ကျောက်ဆည်မြို့၊ ဟံမြင့်မိုရ်နေ ဒေါ်မေမေကြည်၏ခင်ပွန်း၊ ဦးအောင်ထွန်းသာ(ခရိုင်ဦးစီးမှူး၊ လှိုင်ကော် D.I.S.I)-ဒေါ်ဇင်မာအောင်၊ ဦးထွန်းထွန်းဇော်-ဒေါ်ဖြူစင်အောင်၊ ဗိုလ်မှူးထင်လင်း-ဒေါ်မွန်မြတ်အောင်(ဦးစီးအရာရှိ၊ ပဲခူးတိုင်းကျေးလက်)တို့၏ဖခင်၊ဆုပြည့်စုံမှူး၊မနှင်းရတီထွန်း၊ မောင်ထွဋ်မြတ်လင်းတို့၏အဘိုးသည် ၂၀-၃-၂၀၁၇ရက် နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၃-၂၀၁၇ရက်မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(ဝါယာလက်တပ်နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးလှမိုးသိုက်(ပန်းချီဆရာ) (နွားထိုးကြီးမြို့)
### BA (Geog;)
### မိတ္ထီလာကောလိပ်၊ မန္တလေးတက္ကသိုလ် (၁၉၈၄-၁၉၉၁)
### အသက်(၅၅)နှစ်

နွားထိုးကြီးမြို့၊ (၅)ရပ်ကွက်နေ (ဦးသန်းထွန်းဦး)-ဒေါ်ခင်အုံးညိုတို့၏ ချစ်လှစွာသောသား၊ (ဦးခင်မောင်ဌေး)-ဒေါ်မာသန်နီ၊ ဦးလှမျိုးသစ်-ဒေါ်တင်မိုးလှိုင်၊ ဦးဇော်လှမိုး-ဒေါ်အေးအေးမွန်၊ ဦးကျော်ဆန်းဝင်း-ဒေါ်စောရူပ်၊ ဦးဝင်းမော်ထွန်း-ဒေါ်လမင်းသော်တာတို့၏အစ်ကို၊ တူ၊ တူမ ၁၂ယောက်တို့၏ဦးလေးသည် ၂၀-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၅၀နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ကန်သာယာ ၂လမ်း၊ အမှတ် ၁၀၈၈/ခ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများနံနက် ၈နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဖူးပန်ချာ (ပန်းတနော်/စံကျူ)
### အသက်(၉၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ ကျောင်းအုင်ကျေးရွာနေ (ဖီးစိန်ဝါ)၏ခင်ပွန်း၊ မန်းထွန်းကြိုင် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒနယ်မြေ-၆၊ မြောင်းမြ၊ ဧရာဝတီတိုင်းဒေသကြီး)-နော်အယ်ဝါး၊ မန်းထွန်းလှိုင်-နော်ဘီဘီ၊ နန့်အေးသိန်တို့၏ဖခင်၊ စအောင်မျိုးထွန်း၊ စငြိမ်းချမ်းထွန်း၊ နန့်ယဉ်နွယ်ထွန်း(M.I.T.V)တို့၏အဘိုးသည် ၁၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ကျောင်းအိုင်ကျေးရွာနေအိမ်မှ သဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်လှိုင်(ခ)ဒေါ်ခင်လှိုင်
### (ကမာကလုတ်ကျေးရွာ၊ ကျောက်တန်း)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ လမ်း ၄၀၊ အမှတ် ၂၆၉၊ တတိယထပ်(ယာ)နေ(ဦးဘလွင်-ဒေါ်အေးကျင်)တို့၏သမီး၊ (ဦးမောင်မောင်ရင်၊ မြန်မာ့အသံ၊ ငြိမ်း)၏ဇနီး၊ ဦးမောင်မောင်-ဒေါ်တင်တင်အောင်၊ (ဦးမြင့်ကြည်)-ဒေါ်အေးအေးမြင့်၊ ဦးမျိုးမြင့်သိန်း-ဒေါ်အေးအေးချို၊ (ဦးသူရ)၊ (ဦးအောင်မင်း)-ဒေါ်လွင်လွင်ချို၊ ဦးရူပ-ဒေါ်မေလီခဇော်၊ ဦးဇေယျာဦး-ဒေါ်ဥမ္မာရင်၊ (ဦးမောင်မောင်နိုင်)တို့၏မိခင်၊မြေး ၁၃ယောက်၊ မြစ် ၁၀ယောက်တို့၏ဘွားဘွားကြီးသည် ၁၉-၃-၂၀၁၇ရက် နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး
## ဒေါ်ထားရွှေ
### အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ မြို့မ(၄)ရပ်ကွက်၊ စံပြ ၂လမ်း၊ အမှတ် ၆/၃၆၅နေ (ဦးသောင်း-ဒေါ်အေးရင်)တို့၏သမီး၊ [ဦးဂျိုးဇက်(ခ)ဦးလှကြီး-ဒေါ်ရွှေနန်]တို့၏သမီးချွေးမ၊ ဦးလှရွှေ(ငြိမ်း)တပ်မတော်(လေ)၏ဇနီး၊ ဦးကိုကိုခိုင်(IWT)-ဒေါ်စန်းစန်းမော်(IWT)၊ ဒေါ်ကြည်ကြည်မော်(ဧည့်လမ်းညွှန်၊ အီတာလျံ)၊ ဒေါ်ခိုင်ခိုင်မော်(မြန်မာ့အသံ)၊ ဦးကြည်မိုးလှိုင်(ဧည့်လမ်းညွှန်)-ဒေါ်သီတာဝင်းတို့၏မွေးသမိခင်ကျေးဇူးရှင်၊ တူ/တူမ ၁၄ယောက်တို့၏အဒေါ်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၀-၃-၂၀၁၇ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ဒလမြို့သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၂၆-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဆရာမဒေါ်ကြည်ကြည်အေး (ငြိမ်း)
### အထက(၂)သင်္ဃန်းကျွန်း
### အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၇၂၈နေ (ဦးဘကျော်-ဒေါ်ငွေတင်)တို့၏သမီး၊ (ဦးကြည်-ဒေါ်တင်ညွန့်)တို့၏ချွေးမ၊ ဦးစိုးဝင်း(ဆည်မြောင်းဦးစီးဌာန၊ ငြိမ်း၊ UNDP/ICDP)၏ချစ်လှစွာသောဇနီး၊ ဦးထိန်လင်းအောင်၊ ဦးထွန်းလှအောင်-ဒေါ်အေးသီတာသိန်း(တိုင်းကျော်အောင် ပွဲရုံလုပ်ငန်း၊ မကွေးမြို့)၊ ဦးမင်းသိမ်း-ဒေါ်စန္ဒီဝင်းတို့၏ ချစ်လှစွာသောမိခင်၊ စိမ့်သံစဉ်(ခ)ဂျူးဂျူး၊ ရှင်ငြိမ်းယု၊ မောင်သွင်းလင်းအုံ့တို့၏ ဘွားဘွားကြီးသည် ၂၀-၃-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ဌေးဌေးယဉ်
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဆ/ခရပ်ကွက်၊ ရွှေကိန္နရီအိမ်ရာ၊ တိုက် ၈၊ အခန်း ၃၀၃နေ(ဦးကျော်ရင်-ဒေါ်မြင့်သိန်း)တို့၏သမီး၊ ဦးတင်မောင်ဝင်း၏ ချစ်လှစွာသောဇနီး၊ ဦးသန့်ဇင်ဝင်း၊ ဦးနေမျိုးဇော်-ဒေါ်ခိုင်စုယဉ်၊ ဦးကျော်မျိုးထွေး-ဒေါ်နှင်းမြတ်ခိုင်၊ မောင်မောင်မျိုးသန့်-မပေါက်ပေါက်တို့၏မိခင်၊ ဦးကိုလေး-ဒေါ်မေမြင့်ရင်၊ ဦးဇေယျာရင်-ဒေါ်အေးမြင့်လှိုင်၊ ဒေါ်ခင်ချိုရင်၊ ဒေါ်ခင်ညိုရင်တို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏ကြီးကြီး၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## မကြည်ကြည်လှိုင်
### GMG Co.,Ltd
### (TOA Factory)
### အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ မဟော်သဓာ ၄လမ်း၊ အမှတ်(၁၄၄/က)နေ (ဦးပိုက်-ဒေါ်စိန်အေး)တို့၏သမီး၊ (ဦးမြင့်သိန်း)-ဒေါ်သန်းသန်းအေး၊ ဦးမောင်မောင်သန့်-ဒေါ်ခင်ခင်အေး၊ ဦးသိန်းဝင်း-ဒေါ်တင်နွဲ့ကြည်၊ ဦးသန်းဝင်း-ဒေါ်ဝင်းမင်းဆွေ၊ ဦးသိုက်ထွန်း-ဒေါ်ညွန့်ညွန့်စိန်၊ ဦးဇော်ဝင်း-ဒေါ်သန်းသန်းဌေး၊ ဦးအေးလွင်-ဒေါ်မြင့်မြင့်လှိုင်၊ (ဦးတင်စန်း)-ဒေါ်တင်တင်လှိုင်တို့၏ညီမ၊ တူ/တူမ ၂၁ယောက်တို့၏အဒေါ်၊ မြေး ခြောက်ယောက်တို့၏အဘွားသည် ၂၀-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး
## ဦးတင်မောင်သိန်း
### အသက်(၆၆)နှစ်

(ဦးအောင်သိန်း)-ဒေါ်အေးသိန်းတို့၏သား၊(ဦးအုန်းသွင်-ဒေါ်သန်းညွန့်)တို့၏သားသမက်၊ ဒေါက်တာခင်မောင်သိန်း-ဒေါ်ညိုညိုလွင်၊ ဦးသန်းဦး-ဒေါ်ချိုချိုသိန်း၊ ဦးလှဖုန်း-ဒေါ်ဆွေဆွေသိန်း၊ (ဦးလွင်မောင်သိန်း)-ဒေါ်တင်တင်ထွေး၊ ဦးအောင်ဝင်း-ဒေါ်လဲ့လဲ့သိန်း၊ ဦးဇင်မောင်သိန်း-ဒေါ်စောဥမ္မာမင်း၊ ဦးဝင်းမင်းသိန်း-ဒေါ်ခင်စန်းတိုး၊ဦးရှောင်ဝါး-ဒေါ်ခင်ဖြူဖြူသိန်း၊ ဦးထွန်းလင်းသိန်း-ဒေါ်နုထွေးဝေတို့၏အစ်ကို၊ တူ/တူမ ၂၃ယောက်တို့၏ဘကြီး၊မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဧရာ ၉လမ်း၊ အမှတ် ၈၅နေ ဒေါ်ခင်ခင်မူ(အလက-၉၊ ငြိမ်း)၏ခင်ပွန်း၊ မဆွေလဲ့မူ၏ဖခင်သည် ၁၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင် (အောင်လံ)
### အသက်(၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၂)၊ တိုက် ၂၉၅၊ အခန်း ၅နေ (ဦးအုန်းမြင့်-ဒေါ်အေးစိန်)တို့၏သမီး၊(ရဲမှူးဦးဝင်းကြည်)၏ချစ်လှစွာသောဇနီး၊ ဦးရဲထွန်း-ဒေါ်ခင်မာမာတို့၏ညီမ၊ ဦးအောင်ခိုင်ထွန်း-ဒေါ်နီလာဝင်း၊ ဒေါ်သီတာဝင်း၊ ဦးခင်မောင်ဌေး-ဒေါ်နီနီထွန်း၊ ဦးကျော်စွာထွန်း-ဒေါ်ထွေးထွေးဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၀-၃-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်မြမြ (ရေနံချောင်း)
### တပ်မတော်မှတ်တမ်းရုံး(ငြိမ်း)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်း၊ တော်ဝင်အိမ်ရာ၊ တိုက် ၇၊ အခန်း ၁၂နေ (ဦးသောင်းထွန်း)၏ဇနီး၊ ဒေါ်အေးအေးမြင့်၊ ဦးကျော်နိုင်(ခေတ္တ-နယူးယောက်၊ USA)၊ ဒေါ်မော်မော်၊ ဒေါ်မူမူ၊ ဦးမင်းဇော်-ဒေါ်မြင့်မြင့်စိုးတို့၏ မိခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၀-၃-၂၀၁၇ရက် နံနက် ၈း၁၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ဌေးဌေးလှ
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း(ကင်းဘဲလမ်း)၊ အမှတ် ၁၂၀(B)နေ (ဦးစိုးအောင်-ဒေါ်ခင်မျိုးလှ)တို့၏သမီး၊ (ဦးဖိုးနန်း-ဒေါ်ထိုက်ကွမ်း)တို့၏ချွေးမ၊ ဦးကျင်မျှောင်၏ ချစ်လှစွာသောဇနီး၊ မန္တလေးမြို့နေ ဒေါက်တာမြတ်ထွန်း - ဒေါက်တာခင်မာမာဦး၊ ဦးဟန်ရွှေ၊ ဒေါက်တာသန်းအောင်(USA) - ဒေါ်ခင်နှင်းရီ(USA)၊ ဒေါ်စန်းစန်းလွင်(USA)၊ (ဦးအောင်မြင့်)-ဒေါက်တာချယ်ရီမြိုင်(Asia Royal Hospital)၊ ဦးကျော်ထွန်း၊ဦးမြရွှေ-ဒေါ်လှလှဝင်း၊ဦးကျော်ကျော်ညွန့်-ဒေါ်တင်တင်ဝင်း၊ သုံးဆယ်မြို့နေ ဦးမျိုးတင့်-(ဒေါ်စန်းစန်းထွေး)၊ ဦးကျော်အောင်(USA)-ဒေါ်ယဉ်ယဉ်ဌေး(USA)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၈ယောက်၊ မြစ် ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၃-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်အောင်(ခ)
## ဦးအောင်ကြီး
### ဒု-ဥက္ကဋ္ဌ
### မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ
### တာမွေမြို့နယ်(မဟာနွယ်-ဗီဒီယို)
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ ဦးဝင်း - (ဒေါ်သန်းသန်းရီ)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ ဦးကြင်သန်း - ဒေါ်မြင့်စိန်တို့၏သားသမက်၊ ဦးမောင်မောင်ဝင်း-ဒေါ်မြတ်မြတ်စံတို့၏ညီ/မောင်၊ ဒေါ်တင်တင်ဝင်း(မဆုံ)၊ ဦးရွှေသို-ဒေါ်စုစုပိုင်၊ ဦးတင်မျိုးနိုင်-ဒေါ်သူဇာသောင်း၊ဦးဝင်းသိန်းထွန်း(ခ)ဦးနဒီ - ဒေါက်တာသက်သက်နှင်း၊ ဒုတိယဗိုလ်မှူးကြီးဝင်းမိုးနိုင်-ဒေါ်ကေသီဝင်းအောင်တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၄၁/ခနေ ဒေါ်သန်းမြင့်မော်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ရဲသူ-မဆုဆုမွန်၊ မောင်ကောင်းထက်၊ မနှင်းနေခြည်တို့၏ဖခင်သည် ၂၀-၃-၂၀၁၇ရက် နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၆-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြူကြူ အသက်(၆၄)နှစ်
### B.Sc (Chemistry) Q.
### စိန့်ဖလိုးမီးနားကျောင်းသူဟောင်း(၁၉၇၂)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးအေးငွေ-ဒေါ်ကြည်မြင့်)တို့၏သမီးငယ်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (Rose Garden)အိမ်ရာနေ ဦးကျော်မြင့်-ဒေါ်ခင်ရှုယဉ်တို့၏သမီးချွေးမ၊ ဦးညွန့်တင်-(ဒေါ်အမာစိန်)၊ (ဦးစံလှဘော်)-ဒေါ်ခင်ဆွေမြင့်၊ (ဦးမြင့်သိန်းထွန်း)-ဒေါ်ရီရီဌေး၊ ဦးကျော်ကျော်-ဒေါ်ဖြူဖြူဝင်း၊ (ဦးမင်းသူ)-ဒေါ်အေးအေးဇော်တို့၏ညီမအငယ်ဆုံး၊ ဒေါက်တာဇော်ဝင့်-ဒေါက်တာဝေဝေ၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစော-ဒေါ်စမ်းစမ်းအေး၊ ဦးမင်းကြည်-ဒေါ်အိကေခိုင်တို့၏ချစ်လှစွာသောအစ်မကြီး၊ ရန်ကုန်မြို့၊ ပါရမီလမ်း၊ မြန်မာ့အမျိုးသားလေကြောင်းအိမ်ရာနေ ဒုတိယဗိုလ်မှူးကြီးထင်လင်း(ငြိမ်း) တပ်မတော်(လေ)၊ လေယာဉ်မှူးကြီး၊ ဘုတ်အဖွဲ့ဒါရိုက်တာ(မြန်မာ့အမျိုးသားလေကြောင်း)၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးလင်းအောင်ဇော်(ငြိမ်း)၊ မောင်လင်းထက်ဇော်၊ မောင်လင်းထူးအောင်(မန်နေဂျာ၊ Ajishin Japanese Restaurant)-မရွှန်းလက်ပိုင်၊ ဦးစိုးထက်သူ-ဒေါ်အေးဥမ္မာအောင်(Ruby Mart Ygn)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မသြမြတ်ရတီခေတ်၊ မောင်လင်းဒီပါပိုင်၊ မဆုသျှားလဲ့စိုးတို့၏အဖွားသည် ၂၀-၃-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ပါရမီလမ်းနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းမြင့်(မယင်း/ပဲခူး) အသက်(၈၄)နှစ်
### တိုင်းဘတ်ဂျက်မန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်/လယ်ယာ(ရန်ကုန်တိုင်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၄လမ်း၊ အမှတ် ၈၂၊ လေးလွှာနှင့် ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ သန္တာလမ်း၊ အမှတ် ၆၈နေ (ဦးစံရင်-ဒေါ်သိန်းညွန့်)တို့၏သား၊ (ဦးကျော်ညွန့်-ဒေါ်ညွန့်)တို့၏သားသမက်၊ ဦးစိုးအောင်-ဒေါ်စိုးမြင့်၊ (ဦးမင်းသိန်း)-ဒေါ်အမာကြည်၊ ဦးစိုးလွင်-ဒေါ်ဝင်းတို့၏အစ်ကို၊ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ဒေါ်ဥမ္မာမြင့်-ဦးကျော်ဇောအောင်(Dagon International Ltd)၊ ဒေါ်ချိုချိုမြင့်-ဦးမင်းထူးလွင်(TMW Enterprise Ltd)၊ ဦးမျိုးညွန့်အောင်(Dagon International Ltd)-ဒေါ်အေးမျိုးစု၊ ဒေါ်ကြေးမုံမြင့်-ဦးထွန်းထွန်းလွင်(ထွန်းတောက်ကြယ် အကျိုးဆောင်)တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၈-၃-၂၀၁၇ရက် (စနေနေ့)ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၃-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## ဒေါ်မြတ်မြတ်ဆွေ(ခ)ဒေါ်မြသန်း အသက်(၈၄)နှစ်

ကသာမြို့နေ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်အဖွဲ့ ကိုယ်စားလှယ်ကြီး(ဦးထွန်းမှင်-ဒေါ်စောခိုင်)တို့၏သမီး၊ (ဦးမြင့်ဆွေ-ဒေါ်ခင်ရွှေ)တို့၏ညီမ၊ [ဒေါ်ဝင်းသွယ်(ခ)ဒေါ်သန်းတင်]-ဦးသန်းလွင်၊ [ဦးမင်းအောင်(ခ)ဦးခင်ညွန့်]၊ ဒေါ်နွဲ့နွဲ့-ဦးအောင်မြင့်၊ ဒေါက်တာဒေါ်သန်းတိုး-ဒေါက်တာဦးသိန်းထွန်းတို့၏ အစ်မ၊ ဒေါက်တာအေးမိုးမိုးလွင်-ဦးစိုးဝင်း၊ ဦးကျော်တိုးထွန်း-ဒေါ်မဠ္ဌုထွေးအောင်၊ ဦးဇော်တိုးထွန်း၊ ဒေါ်ခိုင်မာလာသိန်း၊ ဒေါ်သန့်သန့်ဖြိုးတို့၏အဒေါ်၊ မောင်ကျော်စိုးမိုး၊ မောင်ဉာဏ်လင်းထက်၊ ဇမ္ဗူကျော်ထွန်းတို့၏အဘွားသည် ၁၉-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ညနေ ၄း၁၀နာရီတွင် အရှေ့ကြို့ကုန်း၊ အမှတ် ၆၆၂(ခ)၊ ၉လမ်းတောင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၇ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးကံလှိုင် အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၆လမ်း၊ အမှတ် ၆၇၊ ပထမထပ်နေ (ဦးအုန်းဖေ-ဒေါ်စော)တို့၏သား၊ (ဦးမော်-ဒေါ်မိုး)တို့၏သားသမက်၊ ဒေါ်ခင်ဆွေရီ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်မောင်စိုး)-ဒေါ်စမ်းစမ်း၊ ဦးမြင့်အောင်-ဒေါ်ခင်ခင်လေး၊ ဦးကြည်မောင်-ဒေါ်အေးအေးသန်း၊ ဦးမြတ်ဆွေ-ဒေါ်တင်တင်အေး၊ ဦးဝင်းကို-ဒေါ်ခင်ပြုံးကြည်၊ (ဦးမြင့်ဝေ)-ဒေါ်ရီရီထွေးတို့၏အစ်ကို၊ ဦးစိုးစိုးမင်း-ဒေါ်တင်ဆွေလှိုင်၊(ဦးဝင်းမိုးလှိုင်)-ဒေါ်အေးအေးခိုင်၊(ကိုကျော်ဇောလှိုင်)တို့၏ချစ်လှစွာသောဖခင်၊ မမေမိုးဦး၊ ကိုရှိုင်းမင်းကြည်-မထက်ထက်ဦး၊ မောင်မိုးမြင့်မြတ်(အထက-၂၊ ဗဟန်း၊ Grade-10)၊ မဆုရတီရှိုင်း(P-2 ILBC)တို့၏အဘိုးသည် ၂၀-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအင်ပို့(ခ)ဦးကိုလတ် အသက်(၆၀)
### ရွှေပြည်သာမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မဟာမြိုင်လမ်း၊ ပန်းခြံ(၆)၊ အမှတ် ၉/၂/၃၁၅(က)နေ(ဦးတီရင်-ဒေါ်ရှုရန်)တို့၏သား၊ ဦးမောင်ကို-(ဒေါ်အေးသန်း)တို့၏သားသမက်၊ ဒေါ်မိုးမိုးခိုင်၏ခင်ပွန်း၊ မအေးချမ်းမိုး၊ မောင်ရဲကျော်ဂေါင်၊ မောင်မြတ်ကျော်ဂေါင်တို့၏ဖခင်သည် ၁၉-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့) ည ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၇ရက်(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်လွင်အေး(ခ)
## ဦးမောင်မောင်ဝင်း
### (ငါးသိုင်းချောင်းမြို့)
### အသက်(၅၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့၊ ရဲခေါင်လမ်းနေ (ဦးမောင်အေး)-ဒေါ်ကြည်လှတို့၏သား၊တောင်ငူမြို့၊ ကုန်သည်ကြီးလမ်းနေ ဦးဌေးလွင်(နိုင်မိသားစုစတိုး) - (ဒေါ်ကြည်ကြည်အေး)တို့၏သားသမက်၊ ဦးကြည်ဝင်း-ဒေါ်သီရိညွန့်ဝေ၊ ဦးအုန်းဌေးဝင်း-ဗိုလ်ကြီးဒေါ်အေးအေးသူ၊ ဦးအောင်သိန်းဝင်း-(ဒေါ်စုစုဝင်း)တို့၏ညီ၊ (ဦးသင်းနိုင်)-ဒေါ်ခင်စန်းဝင်း၊ (ဦးစိုးတင့်)-ဒေါ်ခင်ဌေးဝင်းတို့၏မောင်၊ ဦးမျိုးမြင့်-ဒေါ်စန္ဒာဝင်းတို့၏အစ်ကို၊ ဒေါ်စိုးစိုးနိုင်(နိုင်မိတ္တူလုပ်ငန်း)၏ခင်ပွန်း၊ မောင်မင်းခန့်မောင်မောင်နိုင်(ပထမနှစ်၊ဂုဏ်ထူးတန်း၊ ရူပဗေဒ၊ ဒဂုံတက္ကသိုလ်)၊ မဆုရှင်းသန့်မောင်မောင်တို့၏ ဖခင်သည် ၁၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) ညနေ ၄း၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးအင်ပို့(ခ)ဦးကိုလတ်
### ရွှေပြည်သာမြို့နယ်
### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်
### ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ
### အသက်(၆၀)

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မဟာမြိုင်လမ်း၊ ပန်းခြံ(၆)၊ အမှတ် ၉/၂/၃၁၅(က)နေ(ဦးတီရင်-ဒေါ်ရှုရန်)တို့၏သား၊ဦးမောင်ကို-(ဒေါ်အေးသန်း)တို့၏သားသမက်၊ ဒေါ်မိုးမိုးခိုင်၏ခင်ပွန်း၊ ဦးဟုတ်စိန်-(ဒေါ်အေးအေးမြင့်)တို့၏ညီ၊ ဦးစန်းမြင့်-မကြူကြူမြင့်၊ ဦးသိန်းမြင့်-ဒေါ်နှင်းနွယ်အောင်၊ ဦးစိုးသီဟ-ဒေါ်ဝါဝါဝင်း၊ ဦးဆန်းညွန့်-ဒေါ်ငယ်ငယ်အောင်တို့၏ အစ်ကိုသည် ၁၉-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့) ည ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ရောင်းချပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၀**

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်း အသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၈နာရီမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ ဝင်းအတွင်း၌ ဆက်လက်ကျင်းပသည်။

**ခင်းကျင်းပြသ**

အဆိုပါ ပြသရောင်းချပွဲတွင် ကျောက်အတွဲ တင်ပြရောင်းချခွင့်ရှိသူများနှင့် နိုင်ငံသားရတနာကုန်သည်များက နံနက် ၈ နာရီမှ ညနေ ၅ နာရီ အထိ ခင်းကျင်းပြသထားသည့် ကျောက် စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးခြင်း၊ အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်း တင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများတွင် ထည့်သွင်းကြသည်။

**စည်ကား**

ကျောက်မျက်ရတနာရောင်းချပွဲတွင် ကျောက်မျက်အတွဲ ၁၉၅ တွဲနှင့် ကျောက်စိမ်းအတွဲ ၄၄၅၄ တွဲကို ပြသရောင်းချသွားမည်ဖြစ်ပြီး ကျောက်အတွဲ တင်ပြရောင်းချသူများနှင့် ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကာ ကျောက်စိမ်းအတွဲများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းကို မတ် ၂၂ ရက်မှ စတင်၍ ပြုလုပ်မည်ဖြစ်သည်။

**လာရောက်လေ့လာ**

မွန်းလွဲပိုင်းတွင် အဆိုပါပြသရောင်းချပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများက ကျောက်စိမ်း၊ ကျောက်မျက်ရတနာများ ခင်းကျင်းပြသထားမှုတို့ကို လာရောက်လေ့လာခဲ့ကြသည်။

**(သတင်းစဉ်)**



ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ခင်းကျင်းပြသထားသည်ကို တွေ့ရစဉ် ဓာတ်ပုံ-ခွန်ဝင်းပ

# အမေရိကန်ရေတပ် အမြန်ပို့ဆောင်ရေးသင်္ဘော မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာမည်

**မွန်းဦးနဒီ**

**ရန်ကုန် မတ် ၂၀**

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံသားများအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရန်နှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ရန်ရည်ရွယ်၍ အမေရိကန်ရေတပ် အမြန်ပို့ဆောင်ရေးသင်္ဘော ယူအက်စ်အန်အက်စ်ဖောလ်ရေးဗား (တီ-အီးပီအက်ဖ်-၄) သည် ရန်ကုန်ဆိပ်ကမ်းသို့ မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ချစ်ကြည်ရေးခရီးလာရောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သတင်းရရှိသည်။

မြန်မာနိုင်ငံ၌ ရောက်ရှိနေချိန်အတွင်း ဖောလ်ရေးဗားသင်္ဘောအဖွဲ့သားများသည် မြန်မာ့တပ်မတော်(ရေ) နှင့် ထိတွေ့ဆက်သွယ်ခြင်းနှင့် ရန်ကုန်မြို့တော်အတွင်း ယဉ်ကျေးမှုဆိုင်ရာ လေ့လာရေးခရီးစဉ်များကို သွားရောက်ခြင်းများဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ▲

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့၏ ပထမ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## မော်လမြိုင် ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

စာ » ၈



## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၂ ရက် သတင်းစာတွင် ပါရှိမည်

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၂၂ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။**

(မြန်မာ့အလင်း)



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
အင်္ဂါ၊ မတ် ၂၁၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တစ်နှစ်တာကြိုးပမ်းဆောင်ရွက်ချက်များ

■ နိုင်လင်းကြည်၊ ကိုမင်း





ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ မြို့ပေါင်း ၃၃၀ ကျော်အား စနစ်ကျနသော မြို့ပြ Urban Planning အဖြစ် အကွက်ချတည်ဆောက်ပြီးဖြစ်သည့် မြို့များဖြစ်ရေးနှင့် အဆိုပါ မြို့များအားလုံးတွင် အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာများမှ တည်ဆောက်မည့် အိမ်ခန်းတစ်သန်း တည်ဆောက်ပြီးစီးရေးသည်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တစ်ခု ဖြစ်သည်။







**နိုင်ငံတစ်နိုင်ငံ၏** စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်လျက်ရှိသည်။ လက်ရှိတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်သူလူထု၏ အကျိုးကိုရှေးရှုကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပွင့်လင်းရာသီတွင် တစ်ရက်တစ်ည၊ မိုးတွင်းကာလတွင် ခုနစ်ရက်ခန့်ကြာ သွားလာခဲ့ရသည့် ကချင်ပြည်နယ်ရှိ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို ရာသီမရွေး သွားလာနိုင်မည့် လမ်းအဆင့်သို့ ရောက်ရှိရေးနှင့် ၁၀ နာရီခန့် အတွင်း ရောက်ရှိနိုင်ရေးတို့အတွက် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

### မချမ်းဘော့တံတား

ထိုသို့အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းကြောင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်းတွင် မိုးတွင်းကာလ၌ ဗွက်ထမြဲဖြစ်သည့် ခြောက်မိုင်ကျော်ရှိလမ်းကို ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် မြစ်ကြီးနားမှ တီယန်ဇွပ်ရွာနှင့် ဆွမ်ပီယန်ရွာမှ ပူတာအိုအထိ ၁၀၂ မိုင် နှစ်ဖာလုံကို ကတ္တရာလမ်း/ ကွန်ကရစ် လမ်းများအဖြစ် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်သည်။ အရှည်ပေ ၆၄၀ ရှိသည့် မချမ်းဘော့တံတားကို မကြာမီ ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး အဆိုပါတံတားသစ်ကြီး ပြီးစီးခဲ့လျှင် ကုန်တင်ယာဉ်များ အချိန်တိုအတွင်း ရာသီမရွေး ဖြတ်သန်းအသုံးပြုနိုင်မည်ဖြစ်သည်။

ကယားပြည်နယ်တွင် တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊ လွိုင်ကော်မြို့တွင်းပိုင်းအား AC လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး လက်ရှိ ဘီလူးချောင်းဖြတ်ကူးတံတားသည် ခံနိုင်ဝန်ကျဆင်းလျက်ရှိသည့်အတွက် ယခု တည်ဆောက်လျက်ရှိသော တံတားသည် ခေတ်ကာလနှင့်အညီ ယာဉ်+ကုန် (တန် ၆၀) ဖြတ်သန်းအသုံးပြုနိုင်မည့် အရှည်ပေ ၂၇၀ ရှိသည့် ကွန်ကရစ်တံတားအသစ် တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည် ဖြစ်သည်။

### ADB ချေးငွေ

ကရင်ပြည်နယ်ရှိ အရှေ့အနောက် စင်္ကြံလမ်းမကြီးဖြစ် သည့် မြဝတီ-ကော့ကရိတ်-ဘားအံ-ကျိုက်ထို-ရန်ကုန်လမ်းတွင် အိန္ဒူ-ကော့ကရိတ်အပိုင်းအား ADB ချေးငွေအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိရာ အိန္ဒူ-ဇာသပြင်အပိုင်းမှာ AC လမ်းခင်းခြင်းလုပ်ငန်းများ ၁၅ မိုင်အား ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မှ မြဝတီသို့ ကြာချိန် ခြောက်နာရီခန့်အတွင်း သွားလာနိုင်မည်ဖြစ်သည်။ အရှေ့အနောက်စီးပွားရေး စင်္ကြံလမ်းဖြစ်သည့် အိန္ဒူ-ကော့ကရိတ်လမ်းကို JICA ODA ချေးငွေဖြင့် ဂျိုင်း (ကော့ကရိတ်)၊ ဂျိုင်း(ဇာသပြင်)နှင့် အတ္တရံတံတားများကို ခေတ်မီနည်းပညာများနဲ့ အသစ်ပြန်လည်တည်ဆောက်ရန် F.S နှင့် ESIA များ ဆောင်ရွက်ထားပြီး ဖြစ်သည်။

သံဖြူဇရပ်-ဘုရားသုံးဆူလမ်းကို ငါးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မှ ဗန်ကောက်သို့ ကြာချိန် ၁၂ နာရီခန့်အတွင်း သွားလာနိုင်မည်ဖြစ်သည်။ ထို့ပြင် ဘားအံ-နောင်လုံ-အိန္ဒူလမ်း၏ ဘားအံမြို့တွင်း လမ်းပိုင်းအား AC ခင်းခြင်းလုပ်ငန်းများကို BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား အမှတ်(၂) မြဝတီမှာ မကြာမီ ပြီးစီးဖွင့်လှစ်နိုင်တော့မည်ဖြစ်သည့်အတွက် လက်ရှိ အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းဖြစ်သည့် အိန္ဒိယ၊ တရုတ်နိုင်ငံတို့နှင့် ဆက်သွယ်ရေးမှာ အရေးပါပြီး ဆက်စပ်လမ်းဖြစ် သည့် ကျိုက်ထိုမှတစ်ဆင့် သီလဝါအထူးစီးပွားရေးဇုန်အတွက် အထောက်အကူ ပြုနိုင်မည်ဖြစ်သည်။

### JICA နှင့် World Bank ချေးငွေ

ချင်းပြည်နယ်ရှိ ကလေး-ဖလမ်း-ဟားခါးလမ်း၊ ဟားခါး-ဂန့်ဂေါလမ်းနှင့် သိုင်းငင်း-တီးတိန်လမ်းတို့ကို JICA ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းဆောင်ရွက်လျက်ရှိပြီး ကလေး-ဖလမ်း-ဟားခါးလမ်းအား World Bank ချေးငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင် နတ်ဇံတံတားနှင့် ဘေနူးတံတားတို့ကို မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည့်အတွက် ယခုအခါ ရာသီမရွေး အသုံးပြုနိုင်တော့မည်ဖြစ်သည်။

မွန်ပြည်နယ်ရှိ ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်းနှင့် သံဖြူဇရပ်-ဘုရားသုံးဆူလမ်းတို့ကို အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် မော်လမြိုင်မြို့နှင့် ဘီလူးကျွန်း အား ဆက်သွယ်သော သံလွင်တံတား (ချောင်းဆုံ) ကို မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည့်အတွက် ဘီလူးကျွန်းဒေသသည် မွန်ပြည်နယ်အတွင်း တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး အချိန်တိုအတွင်း အန္တရာယ်ကင်းရှင်းစွာဖြင့် ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။

**အချပ်ပို (ခ) သို့**

အချပ်ပို(က)မှ

ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်မှ မောင်တောသို့ ၁၆ မိုင်လမ်းသည် မျက်ကွယ်တောင်ကုန်းများ လမ်းကွေ့ နေရာများရှိခဲ့သည့်အတွက်ကြောင့် ယာဉ်မောင်းချိန် တစ်နာရီ မိနစ် ၂၀ ခန့် ကြာမြင့်ခဲ့ကြောင်း၊ ယခုအခါ အဆိုပါ မျက်ကွယ်တောင်ကုန်းများ၊ လမ်းကွေ့နေရာများကို ဖျက်ထုတ်လမ်းချဲ့ပေးခဲ့ခြင်းကြောင့် မိနစ် ၄၀ ခန့်သာ ကြာမြင့်တော့မည်ဖြစ်ကြောင်း သိရသည်။

**လမ်းအူကြောင်းအသစ်**

ကညင်တန်း-အလယ်သံကျော်-အငူမော်လမ်းတွင် မောင်တောမှ အငူမော်အထိလမ်းအပိုင်းအား ရာသီမရွေး သွားလာနိုင်ရန် လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ယခင်က ကြာချိန် သုံးနာရီခွဲခန့် မောင်းနှင်ခဲ့ရာ ယခုအခါ နှစ်နာရီခွဲခန့်သာ ကြာမြင့်တော့မည်ဖြစ်ကြောင်း၊ ထို့ပြင် စစ်တွေ-ပုဏ္ဏားကျွန်း-ပေါက်တော-မင်းပြားမှ နရန်းလမ်းဆုံလမ်းတွင် ပုဏ္ဏားကျွန်း-ပေါက်တောအပိုင်းအား ရာသီမရွေး ဆက်သွယ်နိုင်ရန် လမ်းအူကြောင်းအသစ် ရှာဖွေလျက်ရှိသည်။

ဘူးသီးတောင်-ရသေ့တောင်လမ်းပိုင်းရှိ ပန်ဇင်းချောင်းတံတားသည် မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ပြီး ဆက်စပ်လမ်းတံတားများ ပြီးစီးသွားပါက ဘူးသီးတောင်ကို ကားလမ်းဖြင့် အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်သည်။ ပန်ဇင်းချောင်းတံတား မတည်ဆောက်မီက စက်လှေ၊ မော်တော်များဖြင့် သွားလာနေရ၍ အခက်အခဲနှင့် အသက်အန္တရာယ်များ ရှိခဲ့သည့်အတွက် အဆိုပါတံတားဖွင့်လှစ်ပြီးစီးသွားပါက ကျောင်းသား ကျောင်းသူများ ရာသီမရွေး၊ အချိန်မရွေး အချိန်ကုန်သက်သာစွာ သွားလာနိုင်မည်ဖြစ်သည်။

**ဂုတ်ထိပ်တံတားအသစ်**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်အတွင်းရှိ တာဆိုင်းတံတားဟောင်းမှာ တစ်လမ်းသွား သံပေါင်တံတားဖြစ်ပြီး ခံနိုင်ရည်ကျဆင်းနေ၍ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ခဲ့သည်။ မန္တလေး-လားရှိုး-မူဆယ်လမ်းသည် အကွေ့အကောက် အတက်အဆင်းများပြီး အရေးကြီးသောလမ်းဖြစ်၍ နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်ကို ဆက်သွယ်ထားသော ဂုတ်ထိပ်တံတားအသစ်ကို မကြာမီတည်ဆောက်မည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို-မြစ်ကြီးနားလမ်းနှင့် ရေး-ကလေးဝလမ်း၏ မြို့တွင်းလမ်းနှင့် ဂန့်ဂေါ-ကလေးလမ်း၊ ကလေးဝ-ကျီကုန်း-တမူးလမ်း၊ ကျီကုန်း-ကလေးလမ်း၊ ပြင်သာဆိပ်-ကလေးတက္ကသိုလ်လမ်း (ကလေး-ဖလမ်း-ဟားခါးလမ်း) တို့တွင် AC လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ရာ ယခင်ကမိုးတွင်းကာလတွင် ရွှံ့ဗွက်ထူထပ်သော ကလေးဝမြို့တွင်း စည်ပင်သာယာပိုင် စက်ရုံလမ်းအား ဒေသခံပြည်သူများ သွားလာမှုအဆင်ပြေစေရန် ၁၈ ပေအကျယ်ကွန်ကရစ်လမ်းအဆင့် ဆောင်ရွက်ပေးခဲ့သည့်အတွက် ကလေးမြို့တွင်းလမ်းမှ ချင်းတွင်းတံတားသို့သွားလာရာတွင် အတိုဆုံးလမ်းဖြစ်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် ချင်းတွင်းတံတား(ကလေးဝ)သည် မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ ယခင်က ချင်းတွင်းမြစ်ကို ဇက်ရေယာဉ်ဖြင့်သာ ဖြတ်သန်းခဲ့ရပြီး အဆိုပါတံတား ဖွင့်လှစ်အသုံးပြုနိုင်ပါက အချိန်ကုန်သက်သာစွာဖြင့် အန္တရာယ်ကင်းစွာ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံနှင့်လည်း နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းတံတား(ထမသီ-ပင်းမ)**

ဆက်လက်တည်ဆောက်လျက်ရှိသည့် ချင်းတွင်းတံတား(ခန္တီး)နှင့် ချင်းတွင်းတံတား (ဟုမ္မလင်း)တို့ ပြီးစီးသွားပါက ဝေးလံခေါင်းပါးပြီး ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည့် နာဂဒေသများ၏ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဆင့်များ တိုးတက်လာမည်ဖြစ်သည်။ ထို့အပြင် ချင်းတွင်းတံတား(ထမသီ-ပင်းမ)ကိုလည်း ထပ်မံတည်ဆောက်ပေးသွားမည် ဖြစ်သည်။



ရန်ကုန်-မန္တလေးလမ်းဟောင်း လေးလမ်းသွားအဆင့်မြှင့်တင်နေမှုကို တွေ့ရစဉ်



ထားဝယ်ပြည်သူ့ဆေးရုံကြီး (ပေ ၂၀၀×၇၅ ပေ) RC ငါးထပ်အဆောက်အအုံ ပုံစံငယ်

## အိမ်ရာကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ တစ်နှစ်တာကာလအတွင်း ရန်ကုန်မြို့တွင် တန်ဖိုးနည်း/ တန်ဖိုးမျှတ အိမ်ရာစီမံကိန်းမှာ အကျယ်အဝန်းအားဖြင့် ၄၆၈× ၄၈၄×၅၂၂ စတုရန်းပေရှိသော အိမ်ခန်း ၂၂၀၈ ခန်းနှင့် မန္တလေးမြို့တွင် မြရည်နန္ဒာ အိမ်ရာစီမံကိန်းမှ ၄၈၄×၅၂၂ စတုရန်းပေကျယ်ဝန်းသော အိမ်ခန်း ၈၀၀ စုစုပေါင်း ၃၀၀၈ ခန်းကို တည်ဆောက်ပေးနိုင်ခဲ့

တနင်္သာရီတိုင်းဒေသကြီးတွင် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်းလမ်း(ထားဝယ်-မလွဲတောင်အပိုင်း၊ ပုလော-မြိတ် အပိုင်း၊ မြိတ်-တနင်္သာရီ-တုံခါအပိုင်း) တို့တွင် AC ခင်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း၊ ထားဝယ်မြို့ပတ်လမ်း (မေတ္တာလမ်းဆုံမှ အဝေးပြေးလမ်းဆုံအထိ) အားလည်း AC ခင်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်း စုစုပေါင်းတံတား ၂၆ စင်းအား တည်ဆောက်လျက်ရှိပြီး တံတား ၂၄ စင်းမှာ ဘဏ္ဍာနှစ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း စုစုပေါင်းတံတား ကိုးစင်း တည်ဆောက်လျက်ရှိပြီး ရန်ကုန်-တောင်ငူ-မန္တလေး လမ်းပေါ်ရှိ တုံကန်တံတားမှာလည်း ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဒေသထွက်ကုန်စည်များ**

မန္တလေးတိုင်းဒေသကြီးတွင် BOT လမ်း ၁၇ လမ်းရှိပြီး အဆိုပါလမ်းများကို ၄၈ ပေအကျယ်ချဲ့၍ AC ခင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဒုဋ္ဌဝတီတံတား(ရွှေစာရံ) သည် မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ရာ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)သည် တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး အချိန်တိုအတွင်း အန္တရာယ်ကင်းရှင်းစွာဖြင့် ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

JICA အကူအညီဖြင့် အဆင့်မြင့်နည်းပညာအသုံးပြု၍ အားဖြည့်ကြိုးဆိုင်း သာကေတတံတားအသစ် တည်ဆောက်လျက်ရှိရာ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီး ကုက္ကိုဝတံတားပြီးစီးသွားပါက ရန်ကုန်ကို ဖြတ်သန်းစရာမလိုဘဲ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးသို့ ဒေသထွက်ကုန်များ အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဒလတံတားနှင့် ပဲခူးမြစ်ကူးတံတား အမှတ်(၃)ကိုလည်း နိုင်ငံခြားချေးငွေ

အချပ်ပို(ဂ) သို့




မလိခတံတား (မချမ်းဘော့) ကို တွေ့ရစဉ်

**အချပ်ပို(ခ)မှ**

အကူအညီဖြင့် တည်ဆောက်ရန် F.S နှင့် ESIA ဆောင်ရွက်ပြီး ဖြစ်ကြောင်း၊ ဒလတံတားတည်ဆောက်ခြင်းဖြင့် ရန်ကုန်မြို့ ကွက်ကို ချဲ့ထွင်နိုင်ပြီး ရန်ကုန်မြို့ပြ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီးရှိ ရန်ကုန်-ပုသိမ်လမ်းအား ADB အကူအညီဖြင့် နှစ်လမ်းသွားမှ လေးလမ်းသွားအဆင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းကိုလည်း Stalibizated နည်းပညာအသစ်သုံး၍ ADB ချေးငွေဖြင့် AC လမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ငါးသိုင်းချောင်း-ဂွလမ်းအား World Bank ချေးငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင် သိရသည်။

**အပြီးတည်ဆောက်**

ရောဝတီတိုင်းဒေသကြီးအတွင်း စုစုပေါင်းတံတား ၁၄ စင်း တည်ဆောက်လျက်ရှိရာ အရှည်ပေ ၃၄၀ ရှိသည့် နတ်ချောင်းတံတား တည်ဆောက်ပြီးစီးခဲ့ကြောင်း သက်တံတား၊ စက်ဆန်းတံတားနှင့် ငဝန်တံတား(လေးမျက်နှာ)တို့ကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတားဦးစီးဌာနသည် ယခုနှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စုစုပေါင်း AC လမ်း ၁၀၂ မိုင် ၆ ဖာလုံကို ခင်းပေးနိုင်ခဲ့ပြီး နှစ်စဉ်လည်း AC လမ်းများခင်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် အဆင့်မီ အမြန်လမ်းမကြီးအဆင့် တည်ဆောက်နိုင်ရန် Median Shoulder တိုးချဲ့ခြင်းနှင့် လမ်းလယ်ကျွန်း (Raised Median) မှ Depressed Median သို့ ပြောင်းလဲ၍ လမ်းလယ်ကျွန်းရေမြောင်း Depressed Median အဖြစ် ပြောင်းလဲခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ Electronic Toll Collection တပ်ဆင်အသုံးပြုနိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်-ဘုရားကြီးအပိုင်း မိုင်၄၀ အား ADB ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ မိုင်(၇၆/၀)Restcamp ကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လုပ်ငန်းများဆောင်ရွက်ရန်အတွက် နိုင်ငံတော်ရန်ပုံငွေ (Government Budget) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လုပ်ငန်းများအနက်မှ ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းအချို့ကို Public Private Partnership (PPP) Program စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအကူအညီ Development Partner များဖြစ်သည့် JICA, ADB, WB, KOICA, TICA စသည့် အဖွဲ့အစည်းများနှင့် Donor Country များ၏ Grant Loan များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လမ်း/တံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် Road User Ta-Law ကို ပြဋ္ဌာန်းသတ်မှတ်၍ ဆောင်ရွက်ခြင်းတို့ကိုလည်း မဟာဗျူဟာမြောက် လုပ်ငန်းစဉ်အဖြစ် ရေးဆွဲထားသည်။

**အိမ်ခန်းတစ်သန်း**

ထို့ပြင် ၂၀၃၀ ခုနှစ်တွင် လက်ရှိကီလိုမီတာ(၄၂၁၂၁)ရှိ လမ်းများအား ASEAN Class III (၁၈ ပေအကျယ်ကတ္တရာလမ်း/ကွန်ကရစ်လမ်း) အဆင့်အနည်းဆုံးရောက်ရှိရေး၊ ၂၀၃၀ ခုနှစ်တွင် တံတားများအားလုံး ၂၄ ပေအကျယ် နှစ်လမ်းသွား RCတံတား/PCတံတား/သံပေါင်တံတား အဆင့်အနည်းဆုံးရောက်ရှိရေးနှင့် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ မြို့ပေါင်း ၃၃၀ ကျော်အား စနစ်ကျနသော မြို့ပြ Urban Planning အဖြစ် အကွက်ချတည်ဆောက်ပြီးဖြစ်သည့် မြို့များဖြစ်ရေးနှင့် အဆိုပါမြို့များအားလုံးတွင် အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာများမှ တည်ဆောက်မည့် အိမ်ခန်းတစ်သန်းတည်ဆောက်ပြီးစီးရေးသည်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တစ်ခုဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းတံတားဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လ အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး ထူးကဲရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခုတွင် ပျက်စီးခဲ့သည့် တံတား ၁၂ စင်းအား လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရန် ယာယီတံတားများ ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုသီးသန့်ရန်ပုံငွေဖြင့် သံကူကွန်ကရစ်တံတားများ ယခုနှစ်မတ်လအတွင်း ပြန်လည်တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ဘက်ညီမျှတ**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ လမ်း/တံတားများ အဆင့်မြှင့်တင်တည်ဆောက်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ မြန်မာတစ်နိုင်ငံလုံး ဆက်သွယ်ရေးလမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

အဆောက်အအုံဦးစီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရဗဟိုအဆင့်အဖွဲ့များ၊ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းအသီးသီးတို့မှ အပ်နှံသော အဆောက်အအုံလုပ်ငန်းများကို လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ ဆောက်လုပ်မှုလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိသော ဥပဒေ၊ စည်းမျဉ်းများ၊ စံချိန်စံညွှန်းများ၊ အခြေခံစံနှုန်းများနှင့် လမ်းညွှန်ချက်များထုတ်ပြန်ခြင်း၊ သုတေသနများပြုလုပ်ခြင်း၊ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စများကို စီမံဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ ဆောက်လုပ်မှုကဏ္ဍတွင် လိုအပ်လျက်ရှိသော "မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ" ကို UN-Habitat ၏ အထောက်အပံ့ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးဆောင်ကာ ပြည်တွင်း၊ ပြည်ပမှ ပညာရှင်၊ အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများပူးပေါင်းပြီး ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေနိုင်ခဲ့သည်။ ဌာနဆိုင်ရာများမှ အတည်ပြုချက်ရယူပြီး နောက်တစ်ဆင့်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုကာ ဆောက်လုပ်ရေးနယ်ပယ်တွင် အားလုံးလက်ခံကျင့်သုံးနိုင်ရေး လုပ်ဆောင်လျက်ရှိသည်။ ဤစည်းမျဉ်းကို တစ်နိုင်ငံလုံးအနေဖြင့် တစ်ပြေးညီလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် "အဆောက်အအုံနှင့် ဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးရေးဥပဒေ" ကိုလည်း ရေးဆွဲလျက်ရှိသည်။

**ပုဂံငလျင်**

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက် ညနေပိုင်းတွင် အင်အား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးအချို့ ပျက်စီးယိုယွင်းခဲ့သည်။ အဆောက်အအုံဦးစီးဌာနနှင့် လမ်းတံတားဦးစီးဌာနများက အဓိကဘုရားများဖြစ်သော စူဠာမဏိဘုရား၊ ပြဿဒ်ကြီးဘုရား၊ တရုတ်ပြေးဘုရား၊ ဝက်ကြီးအင်း၊ ဂူပြောက်ကြီးဘုရား၊ စေတနာ

**အချပ်ပို(ဃ)သို့**



မော်လမြိုင် မိခင်နှင့် ကလေးဆေးရုံ တိုးချဲ့လူနာဆောင် (၅)ထပ်အဆောက်အအုံ ဆောက်လုပ်နေမှုကို တွေ့ရစဉ်



မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ အရေးပေါ်ကုသရေးဌာန (၁၀)ထပ်အဆောက်အအုံပုံစံငယ်



မချမ်းဘော့-ဇရုခ-နောင်မွန်လမ်းပေါ်ရှိ မချမ်းဘော့တံတားဆောင်ရွက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်

**အချပ်ပို(ဂ)မှ**

ကြီးဘုရားနှင့် ဗူးလည်သီးဘုရားတို့အား မိုးကာဖုံးအုပ်နိုင်ရေး ချက်ချင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယခုအခါတွင် အဆောက်အအုံဦးစီးဌာနမှ အဆောက်အအုံအထူး အဖွဲ့အသစ်တစ်ခုကို ဖွဲ့စည်းတာဝန်ပေး၍ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အဆောက်အအုံဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဗဟိုအဆင့်အစိုးရအဖွဲ့များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ စုစုပေါင်း ၁၃ ဖွဲ့မှ အပ်နှံသော နိုင်ငံတော်တွင် လိုအပ်လျက်ရှိသည့် အခြေခံအဆောက်အအုံလုပ်ငန်း စုစုပေါင်း ၁၃၄ ခုကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆေးရုံကြီးတိုးချဲ့ဆောင် ၂၂ ခု၊ ဆေးရုံကြီးနှင့်ဝန်ထမ်းအိမ်ရာတစ်ခု၊ မြို့နယ်ဆေးရုံလေးခု၊ တိုက်နယ်ဆေးရုံခုနစ်ခု၊ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာနှစ်ခု၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး ၃၂ ခုတို့ ပါဝင်ကြောင်း သိရသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာနမှ အပ်နှံသော လုပ်ငန်း ၁၂ ခုတွင် အဆင့်မြင့်ပညာဦးစီးဌာန၊ ဟားခါးကောလိပ် တည်ဆောက်ခြင်း၊ ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဟားခါးပညာရေးကောလိပ်၊ စစ်ကိုင်းပညာရေးကောလိပ်၊ မုံရွာပညာရေးကောလိပ်၊ ကသာပညာရေးကောလိပ်များမှ လုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

### အစဉ်တစိုက်

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ဌာန၏ မူဝါဒများနှင့်အညီ မြို့ရွာများ ဟန်ချက်ညီညီ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူလူထုအတွက် သင့်လျော်ကောင်းမွန်သည့်အိမ်ရာများ ဖြည့်ဆည်းပေးနိုင်ရန် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးကဏ္ဍတွင် ၂၀၁၆-၂၀၁၇ တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ရှိ မြို့ပေါင်း ၂၄ မြို့၏ မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းသဘောထားပုံစံများကို ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(JICA)နှင့် ပူးပေါင်း၍ မန္တလေးမြို့ မော်လမြိုင်မြို့နှင့် ပုသိမ်မြို့တို့၏ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(KOICA)နှင့် ပူးပေါင်း၍ ရန်ကုန်-ဟံသာဝတီ-ပဲခူးစင်္ကြံနှင့် ရန်ကုန်အနောက်ပိုင်းဖွံ့ဖြိုးရေး Master Plan ရေးဆွဲရေးလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အိမ်ရာကဏ္ဍအနေဖြင့် ၂၀၁၆-၂၀၁၇ တစ်နှစ်တာကာလအတွင်း ရန်ကုန်မြို့တွင် တန်ဖိုးနည်း / တန်ဖိုးမျှတ အိမ်ရာစီမံကိန်းမှာ အကျယ်အဝန်းအားဖြင့် ၄၆၈×၄၈၄×၅၂၂ စတုရန်းပေရှိသော အိမ်ခန်း ၂၂၀၈ ခန်းနှင့် မန္တလေးမြို့တွင် မြရည်နန္ဒာအိမ်ရာစီမံကိန်းမှ ၄၈၄×၅၂၂ စတုရန်းပေကျယ်ဝန်းသော အိမ်ခန်း ၈၀၀ စုစုပေါင်း ၃၀၀၈ ခန်းကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ် ရွာဝဏ်- ရတနာအိမ်ရာစီမံကိန်းရှိ ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး အကျယ်အဝန်းအားဖြင့် ၆၀၀ × ၁၂၀၀ စတုရန်းပေရှိသော အိမ်ခန်းပေါင်း ၁၃၈၀ ကို ပြည်သူများ အဆင့်အတန်းမီမီ နေထိုင်နိုင်ရန် တည်ဆောက်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။



**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ငလျင်ကြောင့် ပျက်စီးယိုယွင်းသွားသော စေတီပုထိုးများ ပြုပြင်ဆောင်ရွက်မှုကို တွေ့ရစဉ်**

### အိမ်ခန်း ၁၀၁၃၀ ကျော်

ဆောင်ရွက်ဆဲ တန်ဖိုးနည်း၊ တန်ဖိုးသင့်နှင့် Affordable Housing အိမ်ရာစီမံကိန်းများအနေဖြင့် ရန်ကုန် မြို့တွင် အကျယ်အဝန်းအားဖြင့် ၄၆၈×၄၈၄×၅၂၂×၆၅၀ စတုရန်းပေရှိ အိမ်ခန်း ၈၇၁၂ ခန်း၊ မုံရွာမြို့တွင် ၅၅၀ စတုရန်းပေအကျယ်အဝန်းရှိ အိမ်ခန်း ၄၄၀၊ မကွေးမြို့တွင် ၄၈၄×၅၂၂×၆၅၀×၉၀၀ စတုရန်းပေ အကျယ်အဝန်းရှိ အိမ်ခန်း ၃၀၄ ခန်း၊ ပုသိမ်မြို့တွင် ၄၅၀×၆၅၀×၉၅၀ စတုရန်းပေအကျယ်အဝန်းရှိ အိမ်ခန်း ၆၇၆ ခန်း ဆောင်ရွက်လျက်ရှိပြီး အိမ်ခန်းစုစုပေါင်း ၁၀၁၃၂ ခန်း ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၇ ခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ပြည်သူလူထုထံ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိမ်ခန်းများရောင်းချရာတွင်လည်း ဝင်ငွေနည်းပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပင်စင်စားများအား ဦးစားပေးစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပြည်သူများအိမ်ရာပိုင်ဆိုင်နိုင်ရေးအတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အိမ်ရာအပေါင်ချေးငွေစနစ်ဖြင့် ရှစ်နှစ်မှ ၁၀ နှစ်အထိ ဝယ်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို အိမ်ရာငွေကြေးစနစ်ထူထောင်နိုင်ရန်၊ ပြည်သူ့အိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဘဏ္ဍာငွေကြေးစနစ် ထောက်ပံ့နိုင်ရန်၊ ပြည်သူများအတွက် Affordable Housing များကို အိမ်ရာချေးငွေစနစ်ဖြင့် ဝယ်နိုင်ရေးအတွက် ထောက်ပံ့ပေးနိုင်ရန်၊ အိမ်ရာစုငွေများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၃ ခုနှစ်မှစ၍ ရန်ကုန်မြို့တွင်ဖွင့်လှစ်ခဲ့ပြီး အခြားမြို့ကြီးများတွင် CHD ဘဏ်ခွဲခုနစ်ခုဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးချေးငွေဖြင့် ပုဂ္ဂလိက ၇၉ ဦးကို ငွေချေးပေးထားပြီး အိမ်ရာအပေါင်ချေးငွေဖြင့် ၇၁၃ ဦး၊ အငှားဝယ်စနစ်ဖြင့် ၁၂၉ ဦးကို ငွေချေးပေးနိုင်ခဲ့သည်။ ကိုရီးယားနိုင်ငံ Kookmin Bank၊ ဂျပန်နိုင်ငံ MUT, JHF တို့ဖြင့် MoU လက်မှတ်ရေးထိုး၍ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Micro Finance နှင့် Mortgage System နည်းပညာဖလှယ်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာနိုင်ငံတွင် ကျွမ်းကျင်လုပ်သားများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း / ပြည်ပတွင် ကာလရှည်၊ ကာလတိုသင်တန်းများကို တက်ရောက်စေခဲ့ရာ ပြည်ပနိုင်ငံများသို့ ကာလရှည်သင်တန်းတွင် သင်တန်းသားခြောက်ဦးနှင့် ကာလတိုသင်တန်းတွင် သင်တန်းသား ၂၉ ဦးတို့ကို ပြည်ပနိုင်ငံများသို့ စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

### မြို့ပြမူဝါဒ

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ(မူကြမ်း)နှင့် အမျိုးသားအိမ်ရာ ဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း)တို့ကိုလည်း ရေးဆွဲလျက်ရှိကြောင်း သိရသည်။ ထို့ပြင် အမျိုးသားအဆင့် မြို့ပြမူဝါဒနှင့် အိမ်ရာမူဝါဒများ ရေးဆွဲပြဋ္ဌာန်းပြီး နိုင်ငံတစ်ဝန်း မြို့ပြ၊ အိမ်ရာဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်မှ အတည်ပြုထားသည့် မူဝါဒများနှင့်အညီ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး နည်းဗျူဟာများ ချမှတ်၍ နိုင်ငံတစ်ဝန်း မြို့ပြနှင့်ဒေသစီမံကိန်းများ၊ မြို့ပြနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် လက်စွဲများ ပြုစုဖြန့်ဝေခြင်း၊ အမျိုးသားအဆင့် အိမ်ရာကဏ္ဍ ငွေကြေးစနစ်တစ်ရပ်အား ဆက်နွှယ်သည့်ဝန်ကြီးဌာနများ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အစိုးရသစ်တက်ပြီးနောက်ပိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၊ တံတား ဂိတ် ၃၀၂ ဂိတ်တွင် ၁၆၁ ဂိတ်အား ဖြေလျှော့ပေးခဲ့ပြီး ပြည်သူများ သွားရေး၊ လာရေး အဆင်ပြေစေရန်နှင့် မလိုလားအပ်သော ကုန်ကျစရိတ်များ မရှိရလေအောင် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်မှစတင်၍ ၂၁ ဂိတ်အား ရုပ်သိမ်းပေး၍ ဖြတ်သန်းခကောက်ခံခြင်းမပြုတော့ဘဲ ဖြေလျှော့ပေးခဲ့သည်။

“မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတစ်ရပ်လုံးရဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေဖို့ လမ်းတွေ၊ တံတားတွေ၊ လူနေအဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် လမ်း၊ တံတားနဲ့ မြို့ပြဒေသများ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ မြန်မာနိုင်ငံရဲ့ GDP တိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုတဲ့ သယ်ယူပို့ဆောင်ရေးစရိတ်ကို အနည်းဆုံးလျှော့ချနိုင်ရေး၊ သွားလာမယ့်အချိန် အတိုဆုံးဖြစ်ဖို့အတွက် လမ်း၊ တံတားတွေ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုနဲ့အတူ နိုင်ငံသားတွေအားလုံးရဲ့ လူနေမှုဘဝမြှင့်တင်စေမယ့် အိမ်ရာတွေမှာ နေထိုင်နိုင်ရေးတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားခဲ့ပါကြောင်း။



**မန္တလေးမြို့ရှိ မြရည်နန္ဒာအိမ်ရာစီမံကိန်း တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်**

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ





ကယားပြည်နယ် ဝန်ကြီးချုပ်
ဦးအယ်လ်ဖောင်းရှို

## သမိုင်းတွင်စေမည့် အခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်ခြင်းဖြင့် ပြည်နယ်ငြိမ်းချမ်းရေး ထာဝရတည်တံ့ပြီး လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည့်

# ကယားပြည်နယ်

■ သတင်းဆောင်းပါး-စိုးစိုးထွန်း(မြန်/ဆက်)၊ နန္ဒာဝင်း၊ ဓာတ်ပုံ-ဉာဏ်လင်းထွန်း(မြန်/ဆက်)



သံလွင်တံတား (ဖားဆောင်း) မြေထိန်းနံရံဆောင်ရွက်နေမှု အခြေအနေအား ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးနေစဉ်

ပေ ၅၀ အောက် ကွန်ကရစ်တံတား အစင်း ၂၄၀၊ ပေ ၅၀ အထက်ကွန်ကရစ် တံတား ၂၆ စင်း နှင့် တံတားကြီးငယ်များ ဆောက်လုပ်ပေးနိုင်ခဲ့ ၉



(ဓာတ်ပုံ - ဟိုတယ်/ခရီး)



**ကယားတို့ဌာနီ၊ ကန္တာရဝတီ**
**သဘာဝအခြေခံ၊ စိမ်းလန်းသည်**
**ဖားစည်သံနှင့်၊ ဆီးကြိုမည်**

ငြိမ်းချမ်းဖြစ်တည်၊ ငွေတောင်ပြည်ဟု တင်စားခေါ်ဝေါ်နိုင်သည့် ကယားပြည်နယ်သည် နိုင်ငံ၏အရှေ့ဘက်တွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင် အထက်ပေပေါင်း ၃၀၀၀ မြင့်သော ကုန်းပြင်မြင့်တွင် တည်ရှိသည်။

ကယားပြည်နယ်အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ တောင်ဘက်တွင် ကရင်ပြည်နယ်၊ အနောက်ဘက်တွင် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ ဝန်းရံလျက်ရှိသည်။ ကယားပြည်နယ်၏ အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း ၄၅၂၉ ဒသမ ၅၆၃ မိုင်ရှိပြီး နိုင်ငံအကျယ်အဝန်း၏ ၁ ဒသမ ၇၂ ရာခိုင်နှုန်းခန့်ရှိသည်။

**ကယားတိုင်းရင်းသားများ**

ကယားပြည်နယ်တွင် ကယားတိုင်းရင်းသားများနှင့်အတူ ဗမာ၊ ကရင်၊ ပအိုဝ်း ရှမ်း၊ အင်းသားနှင့် အခြားတိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်လျက်ရှိကြသည်။ ကယားတိုင်းရင်းသားများဆိုရာ၌ ကယားအနွယ်ဝင်များဖြစ်ကြသော ကယား၊ ကယန်းကခေါင်း(ပဒေါင်)၊ ကယန်းကငန် (ယင်းဘော်)၊ ကယန်း ကဲခေါ့(ဂေခို)၊ ကယန်းလထ(ဇယိမ်း၊ခေါင်းတို)၊ ကယော(ပရဲ့)၊ ကယားမိုနု (မနုမနော)၊ ယင်းတလဲ၊ ဂေဘားလူမျိုးစုများ ပါဝင်သည်။

ကယားပြည်နယ်၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲတိုးတက်မှုများကို တင်ပြလိုပါသည်။

**လက်မှတ်ရေးထိုး**

ငြိမ်းချမ်းသောနည်းဖြင့် ထူထောင်ရမည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးအတွက် ကယားပြည်နယ် အတွင်းရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့အနက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)မှလွဲ၍ ကျန်အဖွဲ့များသည် ပြည်ထောင်စုအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်သည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့်လည်း အပြီးသတ် သဘောတူညီမှုရရှိရေးအတွက် အစိုးရသစ်လက်ထက် ကာလအတွင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ခြောက်ကြိမ်တွေ့ဆုံခဲ့သည်။

**ကန့်သတ်နယ်မြေ ဖြေလျှော့**

ကယားပြည်နယ်တွင် ယခင်က နယ်မြေဒေသနှင့်လုံခြုံ ရေးအခြေအနေအရ နိုင်ငံခြားသားများခရီးသွားလာခွင့်ကို ကန့်သတ်နယ်မြေသတ်မှတ်ခဲ့ရာမှ ယခုအခါတွင် ဒီးမော့ဆိုမြို့နယ်အတွင်း ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နေသော “တနီးလာလဲ၊ ပန်ပက်၊ ဒေါကလော်ဒူ၊ ငွေတောင် ကျေးရွာ”နှင့် နယ်စပ်လမ်းကြောင်းဖွင့်လှစ်ခဲ့ပြီးဖြစ်၍ “ဘော်လခဲမြို့ ဖားဆောင်းမြို့နှင့် မယ်စဲ့မြို့များမှ မြို့ပေါ် ရပ်ကွက်များ”ကို နိုင်ငံခြားသားသွားလာနိုင်ရန် ကန့်သတ်နယ်မြေ မှ ဖြေလျှော့ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မြေငှားဂရန်များ**

ကယားပြည်နယ်အတွင်းရှိ မြို့နယ်တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာစီအား ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ လွိုင်ကော်မြို့နယ် မော်ချီးစုစည်းကျေးရွာတွင် မြေငှားဂရန် ၆၆ ခု၊ ဒီးမော့ဆိုမြို့နယ် ဒေါခလိုက်လင်း ကျေးရွာတွင် မြေငှားဂရန် ၆၀၊ ဖရူဆိုမြို့နယ် ဒေါသြေးခူ ကျေးရွာတွင် မြေငှားဂရန် ၅၂ ခု၊ ရှားတောမြို့နယ် စလောင်းကျေးရွာတွင် မြေငှားဂရန် ၄၇ ခု၊ ဘော်လခဲမြို့နယ် ဝမ်ချယ်ကျေးရွာတွင် မြေငှားဂရန် ၇၉ ခု၊ ဖားဆောင်းမြို့နယ် စုစည်းကျေးရွာတွင် မြေငှားဂရန် ၇၂ခု၊ မယ်စဲ့မြို့နယ် နန့်ပိန်လိန်ကျေးရွာတွင် မြေငှားဂရန် ၇၄ ခု စုစုပေါင်း ၄၅၀ ကို ပြည်သူများ လက်ဝယ်သို့ ပေးအပ်နိုင်ခဲ့သည်။ **အချပ်ပို (စ) သို့**

**အချပ်ပို(င)မှ**

လွိုင်ကော်မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများ မြေငှားဂရန် လက်ဝယ်ပိုင်ဆိုင်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ရာ ဒေါဥခူရပ်ကွက်တွင် ၁၆ ဦး၊ ဒေါတမ ရပ်ကွက်တွင် ၁၈ ဦး၊ မိုင်းလုံးရပ်ကွက်တွင် ၂၁ ဦးနှင့် ဒေါနိုး ကူးရပ်ကွက်တွင် ၁၈ ဦး စုစုပေါင်း ၇၃ ဦးကို မြို့မြေငှားဂရန် များ ထုတ်ပေးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပြည်သူ့ဝန်ဆောင်မှုရုံးခုနစ်ရုံး ဖွင့်လှစ်ထားရှိခဲ့ပြီး ယနေ့ အထိ ပြည်သူတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော ဝန်ဆောင်မှု လုပ်ငန်း စုစုပေါင်း ၄၄၄၁ ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**နယ်စပ်ဒေသဖွံ့ဖြိုးရေး**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေကျပ် ၃၇၄၃ ဒသမ ၆၂၅ သန်းဖြင့် လမ်း လုပ်ငန်းများ၊ ရေရရှိရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်းတို့အပါအဝင် စုစုပေါင်းလုပ်ငန်း ၉၆ ခုအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အစိုးရသစ် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ပြီးစီး ခဲ့သော လမ်းအခြေအနေမှာ မော်ချီး- ဒီးမော့ဆို-လွိုင်ကော်- အောင်ပန်းလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၁၂၉/၅)မှ မိုင်တိုင် အမှတ်(၁၃၂/၃)အထိ အဆင့်မြှင့်နိုင်လွန်ကတ္တရာ AC ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ လမ်းချဲ့ခြင်း၊ လမ်းတာပေါင်ချဲ့ခြင်းနှင့် မြေကာနံရံပြုလုပ် ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

တံတားအနေဖြင့် ပေ ၅၀ အောက် ကွန်ကရစ်တံတား အစင်း ၂၄၀၊ ပေ ၅၀ အထက်ကွန်ကရစ် တံတား ၂၆ စင်းနှင့် တံတားကြီးငယ်များ ဆောက်လုပ်ပေးနိုင်ခဲ့သည်။

**Town Plan ရေးဆွဲ**

မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြို့ပြဖွံ့ဖြိုးရေးအတွက် ဒီးမော့ဆို မြို့၊ မယ်စဲ့မြို့နှင့် ဖားဆောင်းမြို့တို့တွင် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း (Town Plan) ရေးဆွဲခဲ့သည်။ လွိုင်ကော်မြို့တွင် ဝန်ထမ်း အိမ်ရာ အဆောက်အအုံငါးလုံး၊ အခန်းအရေအတွက် ၆၀ နှင့် ဘော်လခဲမြို့တွင် ဝန်ထမ်းအိမ်ရာအဆောက်အအုံနှစ်လုံး၊ အခန်းအရေအတွက် ၂၄ ခန်းကို တည်ဆောက်လျက်ရှိပြီး ဆောက်လုပ်ပြီးစီးပါက အိမ်ခန်းလိုအပ်သူ ဝန်ထမ်းမိသားစု ၈၄ စုကို နေရာချထားပေးသွားနိုင်မည်ဖြစ်သည်။

ထို့အပြင် နေထိုင်ရေးအခက်အခဲရှိသော တိုင်းရင်းသား များအတွက် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု စစ်တပ် တောင်ကွင်းတွင် တည်ဆောက်ပြီးစီးခဲ့သည့် အငှားချအိမ်ရာ စီမံကိန်းရှစ်ခန်းတွဲနှစ်ထပ် အဆောက်အအုံနှစ်လုံး၊ အခန်း အရေအတွက် ၃၂ ခန်းကို အိမ်လခလစဉ်ကြေးကျပ် ၃၇၂၀၀ဖြင့် ပထမခြေလှမ်းအဖြစ် ဆောင်ရွက်ပေးခဲ့သည်။

ကယားပြည်နယ်တွင် ဘော်လခဲခေတ်အားခွဲရုံ၊ ရှားတော ခေတ်အားခွဲရုံ၊ ဖားဆောင်းခေတ်အားခွဲရုံ၊ ဟိုယာခေတ်အားခွဲရုံ နှင့်မယ်စဲ့ခေတ်အားခွဲရုံတို့မှခေတ်အားများ စတင်ပို့လွှတ်နိုင်ခဲ့သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ ရပ်ကွက် ၃၇ ခုနှင့် ကျေးရွာ ၃၄၄ ရွာတို့ကို မီးလင်းရေးဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ ကျန်ရှိ သည့် ကျေးရွာ ၁၆၂ ရွာတွင် ရေအားလျှပ်စစ်ဖြင့် နှစ်ရွာ၊ ဆိုလာ လျှပ်စစ်ဖြင့် ၉၂ ရွာ၊ ဒီဇယ်ခေတ်အားပေးစက်ဖြင့် နှစ်ရွာနှင့် ခေတ်အားပေးစနစ်မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် အစိုးရရန်ပုံငွေဖြင့် ကျေးရွာ ၁၈ ရွာကို မီးလင်းရေးဆောင်ရွက် နိုင်ပြီး ကျန်ရှိသောကျေးရွာ ၄၈ ရွာ မီးလင်းရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **အချပ်ပို(ဆ)သို့**




လွိုင်ကော်မြို့နယ်နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့တို့ ညီအစ်မမြို့တော်အဖြစ် နားလည်မှုစာချွန်လွှာ လဲလှယ်စဉ်

> **ဒီးမော့ဆိုမြို့နယ်အတွင်း ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နေသော "တနီးလာလဲ၊ ပန်ပက်၊ ဒေါကလော်ဒူး ငွေတောင်ကျေးရွာ"နှင့် နယ်စပ်လမ်းကြောင်း ဖွင့်လှစ်ခဲ့ပြီး ဖြစ်၍ "ဘော်လခဲမြို့၊ ဖားဆောင်းမြို့နှင့် မယ်စဲ့မြို့များမှ မြို့ပေါ် ရပ်ကွက်များ"ကို နိုင်ငံခြားသားသွားလာနိုင်ရန် ကန့်သတ် နယ်မြေမှ ဖြေလျှော့ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ**



ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့ တွေ့ဆုံဆွေးနွေးနေစဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ





ကယားရိုးရာဓလေ့ နေထိုင်မှုပုံစံကို တွေ့ရစဉ် (ဓာတ်ပုံ - ဟိုတယ်/ခရီး)



ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်မည့် အမှိုက်သိမ်းယာဉ်များ

အချပ်ပို(စ)မှ

နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၉၉ ဒသမ ၈၇ သန်းဖြင့် ဒီးမော့ဆို၊ ဖရူဆို၊ ဘော်လခဲမြို့နယ် သုံးမြို့နယ်တွင် လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကယားပြည်နယ်အတွင်း မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ မြို့နယ်ခုနစ်မြို့နယ်တွင် ငွေကျပ်စုစုပေါင်း ၂၀၄၀ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ (၂/၂၀၁၇)လအထိ အတိုးရရှိငွေကျပ် ၃၁၅ ဒသမ ၅၃၈ သန်းရှိပြီး ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

**ညှိနှိုင်းခွဲဝေ**

ကုန်းမြင့်လယ်ယာ မြေရိုင်းများဖော်ထုတ်ခြင်းအနေဖြင့် ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာတွင် ဧက ၅၀၊ ဒေါ်ညေးခူကျေးရွာတွင် ဧက ၅၀နှင့် ရွာသစ်မြို့ လယ်ဝိုင်းကျေးရွာတွင် ဧက ၅၀၊ ဝမ်ဗလကျေးရွာတွင် ဧက ၅၀ စုစု ပေါင်း ဧက ၂၀၀ ဖော်ထုတ်ဆောင်ရွက်ခဲ့သည်။ ၇-၃-၂၀၁၇ ရက်နေ့တွင် လုပ်ငန်းများပြီးစီးမည်ဖြစ်သဖြင့် လယ်မဲ့ယာမဲ့ တောင်သူများလက်ဝယ်သို့ ပေးအပ်နိုင်ရေး ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာပြည်သူများ ညှိနှိုင်းခွဲဝေဆောင်ရွက်သွားမည်ဖြစ်သည်။

စက်မှုလယ်ယာ စနစ်တကျ လယ်ဖော်ထုတ်ပြုပြင်ခြင်းလုပ်ငန်းအား လွိုင်ကော်မြို့နယ် ဒေါပေါ်ကလဲကျေးရွာ၊ ပန်ကန်းကျေးရွာ၊ ဒီးမော့ဆိုမြို့နယ် ဘုရားဖြူကျေးရွာ၊ ထီးပိုးကလိုးကျေးရွာတို့တွင် ဖော်ထုတ်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပြီး မကြာမီကာလတွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ရာ မူလပိုင်ရှင်များထံသို့ မူလပိုင်ဆိုင်မှုအတိုင်း ခွဲဝေဆောင်ရွက်သွားမည်ဖြစ်သည်။



ရှားတောမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်စဉ်

**အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေ**

ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီလီမိတက်မှ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဘော်လခဲမြို့နယ်တို့တွင် လယ်ယာသုံးစက်ကိရိယာများ ရောင်းချပေးခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အစိုးရသစ်လက်ထက်ကာလအတွင်း ကျောင်းဆောင်များပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ကျောင်းပရိဘောဂဖြည့်ဆည်းခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ပြီး ဒေသတွင်းကုမ္ပဏီများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင် ခဲ့သည်။

လွိုင်ကော်မြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံကြီးကို ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး ဂျပန်အစိုးရ၏အထောက်အပံ့ဖြင့် ဆေးရုံအဆောက်အအုံ

- ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ် အစိုးရရန်ပုံငွေဖြင့် ကျေးရွာ ၁၈ ရွာကို မီးလင်းရေး ဆောင်ရွက်နိုင်ပြီး ကျန်ရှိသော ကျေးရွာ ၄၈ ရွာ မီးလင်းရေး အတွက်လည်း ဆောင်ရွက်သွားမည်
- အစိုးရသစ်လက်ထက် ကာလအတွင်း ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ပြည်တွင်းဝင်ငွေ ၅၉၅ ဒသမ ၇ သန်းနှင့် ပြည်ပဝင်ငွေ ၅၇၁၇၁ ဒေါ်လာရရှိခဲ့

သစ်ဆောက်လုပ်ခြင်းနှင့် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်းကို ဂျပန်ယန်းငွေသန်း ၁၉၀၀ ကျော်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည်။ ဆေးရုံကြီးတွင် ကျောက်ကပ်သန့်စင်စက်လေးလုံးဖြင့် လူနာများကို ကုသမှုပေးနိုင်ပြီဖြစ်သည်။ ဒီးမော့ဆိုမြို့နယ်ဆေးရုံနှင့် နန်းမယ်ခုံတိုက်နယ်ဆေးရုံအဆောက်အအုံသစ်များကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများဖြည့်ဆည်းပေး၍ ကယားပြည်နယ်အတွင်းရှိ လူနာများသာမက နယ်နိမိတ်ချင်းထိစပ်နေသော ရှမ်းပြည်နယ် တောင်ပိုင်း မြို့နယ်များရှိ တိုင်းရင်းသားပြည်သူများကိုပါ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ခနောက်စိမ်းသတ္တု**

ကယားပြည်နယ် လွိုင်ကော် သစ်ထုတ်လုပ်ရေးဒေသမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် အတွင်း ကျွန်း ၆၅၈ တန်၊ နှစ်ဟောင်းကျွန်း ၄၀၅၀ တန်၊ ပယ်ကျွန်း ၁၀ တန်၊ နှစ်ဟောင်းပယ်ကျွန်း ငါးတန်၊ သစ်မာ ၄၈၉ တန် ထုတ်လုပ်ခဲ့သည်။ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းကွပ်ကဲမှုအောက်ရှိ ခနောက်စိမ်းသတ္တုတူးဖော်ခြင်းလုပ်ငန်းကို အစိုးရသစ်ကာလအတွင်း လုပ်ကွက်ချထားပေးခြင်းမဟုတ်ဘဲ သက်တမ်းတိုးခွင့်ပြုမိန့်ရရှိရန် ဆောင်ရွက်ပေးခဲ့ပြီး လုပ်ကိုင်ခွင့်ပြုထားသော ကုမ္ပဏီများမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် သတ္တု ၆၅၀ မက်ထရစ်တန် ထုတ်လုပ်ရန်လျာထားပြီး ယနေ့အချိန်ထိ စုစုပေါင်း ၂၉၉ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့သည်။

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ကွပ်ကဲမှုအောက်ရှိ မော်ချီး၊ မိုဆာခီး၊ ထီးလေးခီးဒေသအတွင်းရှိ ခဲမဖြူ၊ အဖြိုက်နက်သတ္တုတူးဖော်ထုတ်လုပ်ရာတွင် အကြီးစားကုမ္ပဏီတစ်ခုနှင့် အသေးစား ကုမ္ပဏီခြောက်ခုသို့ လုပ်ကိုင်ခွင့်ပြုထားရာ ၂၀၁၆-၂၀၁၇ လျာထားချက်မှာ မက်ထရစ်တန် ၆၂၀ ဖြစ်ပြီး

အချပ်ပို(ဇ)သို့



လွိုင်ကော်မြို့နယ်ရှိ ရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများ ပေးဝေနေစဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော်ရှိ တောင်ကွဲစေတီတော်နှင့် မြို့အလှ

**အချပ်ပို(ဆ)မှ**

၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ ၂၀၂ မက်ထရစ်တန် ထုတ်လုပ်ခဲ့သည်။

### ဘက်စုံစံပြစိုက်ပျိုးရေးမြို့တော်

ကယားပြည်နယ်ကို ဘက်စုံစံပြစိုက်ပျိုးရေးမြို့တော် (Farm City) တည်ဆောက်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် တောင်ကိုရီးယားနိုင်ငံအခြေစိုက် IGS Capital Corporation တို့မှ နားလည်မှုစာချွန်လွှာကို ၁၁-၁၁-၂၀၁၆ ရက်နေ့တွင် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပြီဖြစ်သည်။ ပြည်နယ်၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ITC မှ ၂၀၁၄-၂၀၁၇ခုနှစ် အထိ သုံးနှစ်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန၏ နည်းပညာအကူအညီဖြင့် ကယားပြည်နယ် အခြေပြုခရီးသွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် ကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာနှင့် တနီးလာလဲကျေးရွာတို့တွင် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်ခဲ့ရာမှ အစိုးရသစ်ကာလတွင် ဒေါတမကြီးကျေးရွာနှင့် ထေခိုကျေးရွာတို့ ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။ အစိုးရသစ်လက်ထက်ကာလအတွင်း ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ပြည်တွင်းဝင်ငွေ ၅၉၅ ဒသမ ၇ သန်းနှင့် ပြည်ပဝင်ငွေ ၅၇၁၇၁ ဒေါ်လာရရှိခဲ့သည်။

### ညီအစ်မမြို့တော်

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရန် လွိုင်ကော်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မြို့တို့ကို ညီအစ်မမြို့တော်အဖြစ် တည်ထောင်ရန်ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးကော်မတီမှ ၅-၁-၂၀၁၇ ရက်နေ့တွင် သဘောတူအတည်ပြုပေးခဲ့ပြီးဖြစ်သည်။ ထိုသို့တည်ထောင်နိုင်ခြင်းဖြင့် လွိုင်ကော်မြို့နှင့် မယ်ဟောင်ဆောင်မြို့တို့အကြား အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ကယားပြည်နယ်နှင့် ထိုင်းနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုပြုပါက အခွန်နှင့်ပတ်သက်သော အတားအဆီးများ ဖယ်ရှားရေး၊ တရားမဝင်ကုန်သွယ်မှုတားဆီးရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ် အဝင်/အထွက်နေရာတွင် နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၇-၁၀-၂၀၁၆ ရက်နေ့တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး သက်ဆိုင်ရာဌာနများလည်း တာဝန်ချထားပြီး ဖြစ်သည်။ မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း တည်ဆောက်ရေးလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### လေးထပ်ကွေ့မြေနေရာ

၂၀၁၅ ခုနှစ်က ဖားဆောင်းမြို့နယ် မော်ချီးဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုကျခဲ့သဖြင့် ဘေးသင့်အိမ်ထောင်စု ၁၃၅ စုအတွက် မော်ချီးဒေသ လေးထပ်ကွေ့မြေနေရာတွင် မြေနေရာဖော်ထုတ်ပြီး ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တန်ဖိုးနည်းအိမ်ရာ အလုံး ၆၀၊ အုတ်ညှပ် တစ်ထပ်စာသင်ကျောင်းတစ်ဆောင်၊ အုတ်ညှပ်စာကြည့်တိုက်တစ်လုံး၊ ရေသွယ်ယူရေးလုပ်ငန်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများအတွက် အလှူငွေကျပ် ၂၃၄ ဒသမ ၅သန်း လှူဒါန်းခဲ့ရာ လုပ်ငန်းအားလုံးပြီးစီးပြီးဖြစ်သဖြင့် တန်ဖိုးနည်းအိမ်ရာ အလုံး ၆၀ ကို ကျန်းမာရေး၊ ပညာရေးဝန်ထမ်းအိမ်ရာငါးလုံးချန်လှပ်၍ ကျန် ၅၅ လုံးကို မဲစနစ်ဖြင့် ပြောင်းရွှေ့နေထိုင်စေခဲ့ပြီး အနာဂတ်အလင်းတန်းကျေးရွာကို ၆-၆-၂၀၁၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် မော်ချီးဒေသ လွယ်ပွာခိုကျေးရွာနှင့် တစ်ဆက်တည်းမြေနေရာတွင် ဘေးသင့်ပြည်သူများနှင့် အန္တရာယ်ဇုန်အတွင်း ကျရောက်နေသော ပြည်သူများအတွက် မြေကွက် ၁၅၂ ကွက်ဖော်ထုတ်၍ ၃၀-၆-၂၀၁၆ ရက်နေ့တွင် ဘေးသင့်ပြည်သူ ၁၅၂ ဦး နေရာချထားပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူလူထုက ရွေးကောက်တင်မြှောက်ပေးခဲ့သော ကယားပြည်နယ် အစိုးရသစ်သည် တစ်နှစ်တာကာလအတွင်းတွင် ပြည်နယ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ ပြုပြင်ပြောင်းလဲမှုများကိုဆောင်ရွက်ခဲ့ရာ တိုးတက်မှုများကို တွေ့မြင်ရသလို ကဏ္ဍအသီးသီးတွင် ဆောင်ရွက်ရန် ကျန်ရှိနေမှုများကိုလည်း တွေ့မြင်ရသည်။

### အမိအရဆုပ်ကိုင်

ပြည်နယ်အတွင်း ဟန်ချက်ညီညီတိုးတက်မှုကို ထိန်းညှိနိုင်ရန်၊ လက်ဝယ်ရရှိပြီး တိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းရန်နှင့် ကျန်ရှိသောလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကဏ္ဍအလိုက် ခွင့်ပြုရန်ပုံငွေများအပေါ်တွင် ပြည်နယ်အစိုးရက ပြည်သူ၏ သဘောထားရယူ၍ ပွင့်လင်းမြင်သာဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူများကလည်း ပြည်နယ်အစိုးရနှင့်အတူ လက်တွဲပြီး ပူးပေါင်းပါဝင်ရမည်ဖြစ်သည်။

သမိုင်းတွင်စေမည့် အခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်ရယူကြမှသာ ပြည်နယ်ငြိမ်းချမ်းရေး ထာဝရတည်တံ့ပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။




မယ်စဲ့နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်



မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်စဉ်